www.burmeseclassic.com

# မနုတ်ဂိုကိုဇော်

## ငတ်တိုင်ပေါ်မှာပွင့်တဲ့ ပန်း

ဟာသဝတ္ထုသစ်



ပန္နဒေါ်ပစ်
2008

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# မနုတ်ကိုကိုဇော်

# ငုတ်တိုင်ပေါ်မှာ ပွင့်တဲ့ပန်း

BURMESE CLASSIC .com

စိန်မိုးယံစာပေ
အမှတ်(၄၄)၊ အင်းဝလမ်း၊ ကျောက်မြောင်းရပ်ကွက်
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၉၅၁၀၀၉၃၇

## မာတိကာ

မနုတ်ကိုကိုဇော် – ငုတ်တိုင်ပေါ်မှာ ပွင့်တဲ့ပန်း

၁။ ငုတ်တိုင်ပေါ်မှာ ပွင့်တဲ့ပန်း ၁
၂။ ခေတ်သစ်ဇာတ်ကောင်များနှင့် ခေတ်ပေါ်ပြဿနာ ၁၇
၃။ ကျွန်ုပ်၊ငတေနှင့် ခေတ်ပေါ်က,သူများ ၃၉
၄။ လွှမ်းရမှာလား ကမ်းခြေ ၄၉
၅။ ကျွန်ုပ်၊ငတေနှင့် "ဘူး"ကွဲရသော အမာရွတ်များ ၆၇
၆။ ကျိုရသွား. . . နွားလား ၈၅
၇။ မေတ္တာရှိမယ့်နေ ၉၅
၈။ ဂိုးပေါက်လွဲသော ဘောလုံး ၁၀၁
၉။ အမှတ်တရနေ့စွဲများထဲမှ ကော်ပတ်စားသူများ ၁၀၉
၁၀။ လည်လည်ဝယ်ဝယ်ဖြစ်အောင် ၁၂၅
၁၁။ အမှတ်တရနေ့စွဲများထဲက ရယ်နေတဲ့စာ ၁၃၃

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၅၂၆၀၄၀၈
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၈၂၀၀၆၀၈
စီစဉ်သူ – ကိုဖြိုး
ထုတ်ဝေခြင်း – ပထမအကြိမ်၊
၂၀၀၈ ခုနှစ်၊ ဩဂုတ်လ။
အုပ်ရေ – ၁၀၀၀
တန်ဖိုး – ၁၂၀၀
မျက်နှာဖုံးပန်းချီ – သန့်ဇော်သစ်
ထုတ်ဝေသူ – သင်းသင်းမွန် (သင်းစာပေ)
အမှတ် (၁၀)၊ ရတနာမြိုင်လ
ကမာရွတ်။
အတွင်းနှင့်အဖုံးပုံနှိပ်သူ – ဦးကျော်စိန် (ကျောက်စိမ်းပုံ
၁၇၁၊ ၃၃–လမ်း(အထက်)၊
ရန်ကုန်မြို့။
ဖြန့်ချိရေး – စိန်မိုးယံစာပေ

# ငတ်တိုင်ပေါ်မှာပွင့်တဲ့ ပန်း



www.burmeseclassic.com

www.burmeseclassic.com

# ငှက်တိုင်ပေါ်မှာပွင့်တဲ့ပန်း

သူ့အကြောင်းပြောရလျှင် အနည်းငယ်တော့ ရှည်လိမ့်မည်။ ဆိုပါစို့။ သူ့အမည်က ကိုတက်။ မိဘကိုယ်တိုင် ချစ်စနိုးနှင့် ပေးထားသည့်အမည်၊ ဘာပေါ်ကိုအတက်ကျွမ်း၍ ပေးထားခဲ့ခြင်း မသိ၊ ထားတော့။ လိုရင်းသာပြောတော့မည်။

ကိုတက်ဆိုလျှင် တစ်ရပ်ကွက်လုံး ကလေး၊ လူကြီး မဆိုးမ၊ တစ်ခုလပ်ပါမကျန်သိသည်။ သည့်လိုသိရခြင်း အကြောင်းကလည်း အခြားတော့မဟုတ်။ အငြိမ်းစားကျောင်း အုပ်ဆရာ၊ တစ်နည်း ဆိုရလျှင်. . . ငှက်တိုင်ကျိုးနေသော ဘက်ထရီတစ်လုံးနှင့် တူနေခြင်းကြောင့် ဖြစ်သည်။ အဓိပ္ပာယ် ကို. . . ငှက်တိုင်ကျိုးနေသော ဘက်ထရီတစ်လုံးအား မြင်ကြည့် လိုက်ပါ။

---

**စိန်မိုးယံစာပေ**

www.burmeseclassic.com

www.burmeseclassic.com



သိကြသည့်အတိုင်း၊ အငြိမ်းစားကျောင်းအုပ်ဆရာ တစ်ဦး ဆိုတော့. . . အကုန်သိ၊ အကုန်တတ်သည်။ ခေတ်ပညာ အတွေး အခေါ်တွေ သူ့တစ်ခေါင်းလုံး မှိုတက်ပြီးသား။ သည်တော့လည်း လောကကြီးမှာ သူမတတ်၊ မသိတာ ဘာမှမရှိတော့သည့်အတိုင်း အားလုံးအပေါ်ဆရာလုပ်ရမှ ကျေနပ်သည်။ ဒါကလည်း. . . ကျောင်းဆရာဆိုသည့် ညဉ်ကလေးကိုး။

သို့သော်လည်း. . . ကိုတက်ကို တစ်ရပ်ကွက်လုံးက ချစ် ကြသည်။ ခင်ကြသည်။ သို့ရာတွင် ဝေးဝေးကရှောင်သည့် သူ များလည်း ရှိကြသည်။ အများဆုံးကတော့ ပွဲစားသမားများ လေနှင့် ထမင်းအိုးတည်သော ပွဲစားသမားများပင် အဝေးက ရှောင်သည်ဆိုတော့ အခြားသူများကို စဉ်းစားသာကြည့်ပေရော့။

မနက်နေလုံးမျက်စိပွင့်ပြီဆိုတာနှင့် အိမ်ကနေစထွက်သည်။ လက်ဖက်ရည်ဆိုင်ရောက်။ ထုံးစံအတိုင်း ဘောပွဲတွေအကြောင်း၊ ကမ္ဘာ့စစ်ပွဲတွေအကြောင်း၊ ကမ္ဘာ့စီးပွားရေးသမားကြီးများ အကြောင်း၊ တရားစီရင်ရေးအကြောင်း၊ တိုးတက်ခြင်းနှင့် ဆုတ် ယုတ်ခြင်းအကြောင်း၊ ပြည်တွင်းဖြစ် မော်ဒယ်ရှိုးပွဲတွေအကြောင်း ပြည်တွင်းဖြစ် စာအုပ်ဈေးကွက်များအကြောင်း။ နောက်ဆုံး. . . ပြည်တွင်းဖြစ် ဘတ်စ်ကား "တိုးတက်" ရခြင်းနှင့် ဘတ်စ်ကား ပေါ်၌ "ယုတ်ကြ" လေ့ရှိသော "တိုးတက်ခြင်း" နှင့် "ဆုတ် ယုတ်ခြင်း" အကြောင်း စသည်ဖြင့် သူကချည်း ဒိုင်ခံပြော





လေတော့၏။

ထိုအချိန်၌. . . အကြောင်းသိ နားမခံနိုင်သူများကတော့ သသုတ်ကြသည်။ တချို့ကျတော့လည်း အားနာပါးနာ ပုတ်သင်ညို ဖြစ်သွားရရှာ၏။

တစ်ခါကလည်း ထိုလက်ဖက်ရည်ဆိုင်ထဲမှာဖြစ်သည်။

အဲဒီနေ့က ထုံးစံအတိုင်း ကိုတက်ပြောသမျှ ဒိုင်ခံမညည်း မညူနားထောင်လေ့ရှိသော ဆက်မော်[illegible]ကင်နှင့် ဝေလွင်မြင့် မောင်။ အဲ. . . ထိုချာတိတ်နှစ်ဦးကိုပေါင်းပြီး အာပေါင်အာရင်း သန်သန်နှင့် သူပြောချသွားသည်မှာ နေ့တစ်ဝက်ကျိုးမှပင် ထပြန်တော့၏။ ဒါတောင်. . . သူ့မိန်းမ မစိန်ပွင့်ကိုယ်တိုင် ဒေါနှင့်မောနှင့် လာခေါ်၍သာ။ နို့မဟုတ်လျှင်တော့ . . . ညနေ စောင်းသွားနိုင်၏။

အဲ. . . ကိုတက် သူ့မိန်းမနောက်ပါသွားချိန်မှာတော့. . . လက်ဖက်ရည်ဆိုင်ပိုင်ရှင်ဦးဝင်ညွှန့် ချာတိတ်နှစ်ဦးရှိရာ ကုပ်ကုပ် ကုပ်ကုပ်နှင့် ထလာပြီး. . .။

"အမောင်. . . မင်းတို့နှစ်ယောက်တော့ ကိုတက်လေလုံး ကြောင့် နားထဲက နာဗာချေးတွေ တုပ်ကွေးဖြစ်ကုန်ပြီထင်ရဲ့"

"အဟဲ. . . ဒီလောက်တော့ မြှုတောင်မပြုံဘူးဗျ။ သူသာ အမြှုပ်ထွက်ပြီး သေသွားမယ်"

"ဟုတ်တယ်ဗျ၊ ဒီလူကြီး သူ့မိန်းမလာခေါ်သွားလို့



www.burmeseclassic.com

www.burmeseclassic.com



...သွားတယ်မှတ်၊ နို့မဟုတ်ရင်... လိပ်ခေါင်းရောက် ရမလား၊ လျှာလေဖြတ်မလား၊ တစ်ခုခုပဲ"

ချာဘိတ်နှစ်ဦးအမြေကြောင့် ဆိုင်ရှင်ဦးဝင်းညွန့်မျက်လုံး ပြူးသွား၏။ ပါးစပ်တော့ ပြမသွားပါ။ အခုမှ... ပါးစပ်ကို ဟလိုက်သည်။

"ဟင်... ထူးဆန်းစရာပဲ၊ ကြည့်စမ်း... မင်းတို့သာ ဘာမှမဖြစ်ဘူးပြောတယ်၊ တစ်ဆိုင်လုံးရှိသမျှလူတွေ တသုတ် ကုန်ပြီ"

"ဘာလဲ... ဦးလေးက မယုံလို့လား၊ ဟောဒီမှာ ကြည့်"

"ဟာ"

သည်တော့မှ... ချာတိတ်နှစ်ဦး ၎င်းတို့နားနှစ်ဖက် အဟွင်း ဆို့ထားသော 'ဂွမ်း' လိပ်များကို ထုတ်ပြလိုက်သဖြင့် ဦးဝင်းညွန့် မျက်လုံးရော၊ ပါးစပ်ပါ ပြူးကျယ်ခဲ့ရသည် ဆို၏။

ကိုတက်နှင့် ပတ်သက်သောပြောစရာများက အဲဒီ သာကြည့်။ ပြီးခဲ့တာတွေပြောလျှင် ကုန်တော့မည်မဟုတ်။

သည်မနက်လည်း ထုံးစံအတိုင်း လက်ဖက်ရည်ဆိုင် ...သွားပြီး လေသွင်းကုန်၊ ထုတ်ကုန်လုပ်ဖို့ ဟန်ပြင်ခါနီး... ...သူ့မိန်းမပြောထားသည့်ကိစ္စကို သတိရလိုက်သဖြင့် ...ထွက်ဖြစ်တော့။ ဈေးချွေးများပြန်လာကြာ ဘုရားစင်ရှေ့ ...ထိုင်လျက် ပုတီးစိပ်နေ၏။ အကျွတ်တရားရသွား၍တော့





...မဟုတ်နိုင်။ တရားရိပ်သာတို့၊ ဘာတို့လည်း ကောင်းကောင်း ...ဖူးတာတော့မတွေ့ရ။ အတော်ကလေးတော့ ထူးဆန်းသည်။ သူ့မိန်းမစကားက သည်မျှပင်ခရီးပေါက်လေသလား။

မကြာပါ။ သူ့မိန်းမဈေးခြင်းပေါင်းဆွဲ၍ မီးဖိုထဲက ထွက်လာသည်။

"ဟင်"

သူ့မိန်းမ မစိန်ပွင့် ဘုရားစင်ရှေ့ ငုတ်တုတ်ထိုင် ပုတီးစိပ်ပြီး အရှင်လတ်လတ်ပြောင်းလဲသွားသော သူ့ပုံစံကိုကြည့်ကာ အံ့သြ သွား၏။

ပြီးမှ... တစ်စုံတစ်ရာကို သဘောပေါက်သွားဟန်နှင့် သူ့မိန်းမ မစိန်ပွင့် ဒေါသအခိုင်လိုက်၊ အပြုံတ်လိုက် ဖြစ်သွား ရပြီ။

"ကြည့်စမ်း၊ ဒီမှာကိုတက်... ရှင်ဘယ်လောက် လည် လည် မိစိန်ပွင့်တို့လည်တာက တစ်ရပ်ကွက်လုံး ကုန်နေပြီ သိလား၊ တစ်နေ့ဘစ်နေ့ ကမ္ဘာနဲ့ချီပြီး ထွားလိုက်ရတဲ့လေ၊ မသိတာ၊ မတတ်တာ၊ မကြောက်တာ ရှင့်မှာ ဘာမှမရှိတော့ဘူး။ အခုတော့... ကြည့်စမ်း၊ ဘယ့်နှယ့် တော်... ဒီက မအားလို့ ဘစ်မနက်ဈေးလေး ထွက်ဝယ်ဖို့ ညကတြိုပြောထားပါတယ်။ အခု ဈေးလေးထွက်ဝယ်ရမှာတောင် ကမ္ဘာနဲ့ချီပြောတဲ့ လူကြီးနဲ့ ကြောက်နေပြီလား၊ ပြောစမ်းပါဦး၊ ဟင်း... ရှင်နဲ့ ကျုပ်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသိမယ်။ ဘုရားခံနေလို့ သက်သာသွားတယ်မှတ် နောက်တစ်ခါ. . . ဘယ်နိုင်ငံမှာ ဘာတွေဖြစ်လို့၊ ညာနိုင်ငံမှာ ဘာတွေဖြစ်မှာ ပြောရဲပြောကြည့်၊ အဲ့ဒီပြောတဲ့ပါးစပ် ငရုတ် ကျည်ပွေ့နဲ့ ထုပစ်မယ် ဟင်း''

ပြောပြီး သူ့မိန်းမ,မစိန်ပွင့် ဈေးခြင်းတောင်းပစ်ချကာ အိမ်ပေါက်ဝကနေ ထိုင်စောင့်နေတော့၏။

''တောက်. . . ဘုရားအားကိုးနဲ့ ရှင်ဘယ်လောက် ကြာကြာထိုင်နိုင်မလဲ သိကြသေးတာပေါ့၊ မိစိန်ပွင့်အကြောင်း ကောင်းကောင်းပြရလိမ့်မယ် ဟင်း. . . ဟင်း''

အဲ့ဒီနေ့. . . ဈေးဝယ်ထွက်ရမှာ ကြောက်လွန်းသော သူ ဘုရားအားကိုးနှင့် ဘုရားစင်ရှေ့ ထိုင်နေခဲ့၏။ သူ့ကိုလည်း အိမ်ပေါက်ဝမှ ထိုင်စောင့်နေခဲ့သော သူ့မိန်းမ မစိန်ပွင့် ယောကျ်ားက အထိုင်ကောင်းလွန်းပြီး၊ မိန်းမဖြစ်သူက အစောင့်ကောင်းလွန်းခဲ့ခြင်းအတွက် (မနက် ည) နှစ်နပ်ပေါင်း ထမင်းငတ်ခဲ့ကြရသည်ဆိုလျှင်. . .

♛♛♛♛♛





ဒီလိုနှင့် ညနေစောင်းမှာ ကိုတက်လက်ဖက်ရည်ဆိုင်သို့ ပေါက်ချလာ၏။ အခါတိုင်းလို ဆရာကြီးလုပ်ဖို့ ရောက် ခြင်းဖြစ်ပုံမပေါ်။ ခပ်ကုပ်ကုပ်နှင့် မျက်နှာက ခပ်မှုန်းမှုန်း။ ကြောင်းသိ သူ့မိတ်ဆွေကိုတာကြီးနှင့် ကိုလင်းမွန်တောင် ပုံစံကိုကြည့်ပြီး တအံ့တသြ။

''ဟင်''

''ဟာ''

ကိုတာကြီးနှင့် ကိုလင်းမွန် သူ့နဖူးက အာလူးသီးဘုကြီးကို တွေ့လိုက်ရသဖြင့် ပြိုင်တူရေရွတ်လိုက်၏။ မျက်လုံးပြူး ဆံလည်းပြူးသွား၏။

''ကိုတက်. . . ခင်ဗျား ဘယ်နှယ့်ဖြစ်တာတုံးဗျ''



www.burmeseclassic.com

www.burmeseclassic.com



"အေးဗျာ... ခင်ဗျားနဖူးက ဘုကြီးက လူမြင်မ
ကောင်းလိုက်တာ၊ ဘယ်သူ့လက်ချက်လဲဗျ"

ကိုတာကြီးနှင့် ကိုလင်းမွန်က ဆက်တိုက်မေးလိုက်
ကြခြင်းဖြစ်၏။ သူမဖြေသေးဘဲ စားပွဲမှာဝင်ထိုင်သည်။ ပြီးမှ . . .

"ဘယ်သူ့လက်ချက်ရှိဦးမှာလဲ၊ ကျုပ်မိန်းမ မိစိန်မှ
လက်ချက်လေဗျာ"

"ဟင်... ဒီလောက်တောင်ပဲ ခင်ဗျားမိန်းမက ဆော်
ရသလားဗျ"

ကိုတာကြီးက စိတ်မကောင်းစွာပြောသည်။ ကိုလင်း
မွန်ကလည်း

"ဟုတ်ပါ့ဗျာ၊ ခင်ဗျားမိန်းမ တော်တော်ဆိုးတာပဲ၊ ဒီ
နေ့စမ်းပါဦးဗျ... ဘာကြောင့် ဒီလိုဆော်ရတာတုံး"

သူက အကြမ်းစွက်ကို ပုပ်နဲ့ မော့သော
လိုက်ပြီး...။

"ခင်ဗျားတို့ကျုပ်အကြောင်းကို သိရဲ့သားနဲ့ မေးရသလား
ကျုပ်ကို သူဘယ်လောက်နိုင်တယ်ဆိုတာ"

မနေ့ကကိစ္စကို အသေးစိတ်သူ ရှင်းပြလိုက်သည့်အခါ

"ဟာ... ဒီလောက် ကိစ္စနဲ့တော့ ဒီလိုမလုပ်သင့်ဘူးဗျ
ဒါတော့... ခင်ဗျားမိန်းမ လွန်သွားပြီ"

ကိုလင်းမွန်က ကောက်ချက်ဆွဲလိုက်ခြင်းဖြစ်၏။





"လွန်တာတော့ မပြောပါနဲ့ဗျာ၊ ခုမနက်လည်း ကျုပ် အိမ်ကို
ကျုပ်အသိကောင်လေးတစ်ယောက် လာလည်တယ်။
သိတဲ့အတိုင်း... ကျုပ်က အိမ်ကိုဘယ်ဧည့်သည် လာလာ
... ဗဟုသုတဖြစ်စရာ ပြောတတ်တာအကျင့် ဖြစ်နေပြီလေဗျာ၊
ဒီကောင်လေးကို ကျုပ်က နိုင်ငံခြားအကြောင်းပြော လို့ဆိုပြီး
တ်ဆိုးဆိုးနဲ့ ကျုပ်မိန်းမ ငရုတ်ကျည်ပွေ့စာမိခဲ့တာ"

သူ အစအဆုံးရှင်းပြလိုက်သဖြင့် ကိုတာကြီးနှင့် ကိုလင်းမွန်
းများတွန့်သွားရသည်အထိ ဖြစ်သွား၏။

"ကျုပ်ကို ဘယ်လိုပြောပြီး ငရုတ်ကျည်ပွေ့နဲ့ ထုသ
ည်းဆိုတော့ နိုင်ငံခြားအကြောင်းပြောချင်တဲ့ ရှင့်ကို ဒီ
တ်ကျည်ပွေ့နဲ့ ဆုချလိုက်မယ်၊ ဒီမှာ... ကိုတက် အရင်
န်းက ရှင့်တပည့်တွေကိုသာ ရှင်ဆရာလုပ်လို့ရမယ်၊ မိစိန်
ကိုတော့ ဆရာလုပ်လို့မရဘူးဆိုပြီး ဒေါသထွက်ထွက်နဲ့
ယငရုတ်ကျည်ပွေ့ပစ်အပေါက် ဟော့ဒီနဖူးကို နှစ်ခါ
မှန်ပြီး ဟော့ဒီကို ကျုပ်ပြေးခဲ့ရတာပဲဗျ"

"ဟား... ဟား... ဟား... ကောင်းရောဗျာ"

ကိုတာကြီးနှင့်ကိုလင်းမွန်က ကောက်ကာငင်ကာ ဆို
သဖြင့် သူမျက်လုံးပြူးကာ နဖူးကဘုကြီးကို ပွတ်လိုက်

"ဟင်... ဒါ ဝမ်းသာစရာလား၊ ခင်ဗျားတို့ကလည်း



www.burmeseclassic.com

www.burmeseclassic.com



ဘယ့်နှယ့်ဟာတုံးဗျ"

"အိုး...မလောနဲ့လေ...ကိုတက်ရဲ့၊ ကျုပ်တို့ ရှင်းပြမှာပေါ့...ဟဲ...ဟဲ"

ဟု ကိုတာကြီးက မချိုမချဉ်ပုံစံဖြင့် ပြောလိုက်၏။ ကိုတာကြီးပုံစံကိုကြည့်ပြီး သူမျက်မှောင်ကြုတ်လိုက်ရင်း...

"ဒါဆို မြန်မြန်ပြောဗျာ၊ ကျုပ်က ခံရတဲ့သူ၊ ဒီမိန်းမ ကို ဘယ်လိုပညာပြန်ပေးရမလဲ၊ အဲ့ဒါ အရေးကြီးတာ"

သူ၏မကျေနပ်ခြင်းနှင့် ခံပြင်းမှု ကြေကွဲမှုများ။

"ဖျောက်..."

"ကျုပ်တို့လိုချင်တာ ခင်ဗျားဆီက အဲ့ဒီအမှန်တရားပဲ"

"ဗျာ"

"ဗျာမနေနဲ့...ဒီကိစ္စကျုပ်တို့ ကောင်းကောင်းကြီး အကြံပေးလိုက်မယ်၊ တစ်သက်လုံးက ခင်ဗျားအပေါ်နိုင်ခဲ့တဲ့ ခင်ဗျားမိန်းမ တစ်ရက်တည်းနဲ့ ပြားပြားဝပ်သွားရမယ်"

"ဟင် ...တ...တဒယ်လား"

ကိုလင်းမွန်စကားကြောင့်...ကိုတက်ခမျာ ဝမ်းသာအားရနှင့် စကားတောင် မပီတော့။

"သိပ်သေချာတာပေါ့၊ ခင်ဗျားဘက်က ကျုပ်တို့အကြံ တသွေမတိမ်းလုပ်နိုင်ဖို့သာ ကတိပေး"

"ပေး...ပေးတယ်ဗျာ"





"ကိုင်း...ဒါဆိုကောင်းပြီ၊ ကျုပ်တို့ပေးမယ့်အကြံ က ဒီလိုဗျ"

ဟူ၍ အစချီကာ ကိုလင်းမွန်နှင့်ကိုတာကြီးက သူ့ကို တိုးတိုးကြိတ်ကြိတ်ဖြင့် အကြံကောင်းများ ပေးလိုက်ပါတော့၏။

"ဟာ သိပ်ကောင်းတဲ့အကြံဗျာ၊ ကျုပ်တစ်သက် ဒီအကြံမျိုးဟာ ကျုပ်မိန်းမ မပြောနဲ့ ခေါပဏီဘပ်ကြီးတောင် လက်မှိုင်ချ၊ ဒူးထောက်သွားရမယ့် အကြံမျိုးဗျ...ဟင်း ...ဟင်း...ဟင်း"

ထိုနေ့က အကြံကောင်း၊ ဉာဏ်ကောင်းရှင်ကြီးများ ဖြစ်သော ကိုတာကြီးနှင့် ကိုလင်းမွန်တို့၏ ဝေတ်ဝေတ်နှင့် တီးလိုက်သည့် စားသောက်သမျှ ကျသင့်ငွေကိုရှင်းကာ အောင်နိုင်သူစစ်သူကြီး အသွင် သူ ရင်ကိုမော့၊ ခေါင်းကို ကော့၍ အိမ်ပြန်နိုင်ခဲ့ကြောင်း ဆိုရမည်။

(စာကြွင်း) ရင်ကော့ပြီး ခေါင်းမော့ရမှာကို ဘယ်လို ကြောင့်များ သူ့ကျမှရင်မော့ပြီး...ခေါင်းကော့ကာ မှားသွင်းခဲ့သည်မသိ။

♛♛♛♛♛



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မနက်တွင် သူ့အိပ်ခန်းအတွင်း၌ သနပ်ခါးသွေး၏။ ရေချိုး၏။ ပြီးလျှင်. . . သနပ်ခါးလိမ်းသည်။ နှုတ်ခမ်းနီဆိုးသည်။ ရောင်စုံလိုင်နာတွေ ချယ်သလိုက်သည်။

ပြီးနောက်. . . မိန်းမအသုံးအဆောင် အဝတ်အစားများဖြစ်သော အတွင်းခံအင်္ကျီနှင့်တကွ အပေါ်ရင်ဖုံးအင်္ကျီများကို ဝတ်ဆင်လိုက်သည်။

သည်မျှလားဆိုတော့. . . မပြီးသေး။ တစ်လောလေးက သူ့မိန်းမအတွက် သူ့တပည့်ဟောင်းကလေး လာကန်တော့ထားသော ထဘီအသစ်တစ်ထည်ကို အကျအနဝတ်ဆင်လိုက်ပြန်၏။

သူ့ကိုယ်သူမှန်ထဲ သုံးလေးပတ်လှည့်ကာ ကြည့်သည်။ မိန်းမပုံစံနှင့် အတော်ကလေးတူသွား၏။ သူ့အကြောင်းမသိ





အခြားယောက်ျားလေးများဆိုလျှင် မိန်းမအမှတ်နှင့် တစ်ဒါဇင်လောက် လိုက်လာနိုင်၏။ ထားတော့။ ဒါဟာ. . . အဓိကလိုရင်းမဟုတ်။ လိုရင်းကား. . . သူ့မိန်းမကို ပညာကောင်းကောင်းပေးနိုင်ဖို့ဖြစ်သည်။

ဒီလိုနှင့် သူမိန်းမမြင်သာအောင် တကယ့်မိန်းကလေးပုံစံမျိုးဖြစ်အောင် တစ်ကိုယ်လုံးလိမ်ကျစ်လိမ်ကျစ်လုပ်ကာ အိမ်ရှေ့ထွက်လိုက်၏။

"အို. . . ရှင်. . . ရှင် ဒါ ဘယ်လိုဖြစ်တာလဲ"

သူ့ကိုမြင်သွားသော သူ့မိန်းမ,မစိန်ပွင့် မျက်လုံးပြူးမျက်ဆံပြူးကာ အိမ်အတွင်းမှ ပြေးထွက်လာ၏။ လက်တစ်ဖက်က ယောင်းမကိုင်လျက်။ ကျန်တစ်ဖက်ကတော့ ငရုတ်ကျည်ပွေ့ကိုင်ထားသည်။ ထမင်းဟင်း ချက်ပြုတ်နေရင်းတန်းလန်းမှ ပြေးထွက်လာခြင်းဖြစ်လိမ့်မည်။

"တော်. . . ကိုတက်. . . ဒါဘာလုပ်တာလဲ၊ ရှင် ရူးနေပြီလား"

သူ့မိန်းမ မစိန်ပွင့်က အတင်းပြေးလိုက်လာပြီး သူ့ ရှေ့က ပိတ်ထားလိုက်၏။ လက်နှစ်ဖက်ကလည်း မီးဖိုချောင်အရေးပါသော ခုနပစ္စည်းများနှင့် ရွယ်ထားပြီးသား။ ဒီတစ်ခါတော့. . . ကိုတက်မကြောက်တော့။ ငရုတ်ကျည်ပွေ့ကို နှုတ်ခမ်းနီတောင့်လိုမြင်ပြီး ယောက်မကိုလည်း သနပ်ခါးညှိသော



www.burmeseclassic.com

www.burmeseclassic.com



သွားပွတ်တံအဖြစ်သာ မြင်သည်။

သူကား မကြောက်သည့်အပြင် မိန်းမပုံစံမျိုး နွဲ့နွဲ့နှောင်းနှောင်း လုပ်ပြလိုက်သေး၏။

''ကိုတက်. . . ရှင်. . . ရှင်. . . ကျွန်မအရှက်ကိုခွဲတာလား''

ကိုတက် ဘာမျှမပြောတော့ပါ။ ကွေးအောင်ပင် ကနေသေး၏။ သူတို့လင်မယားနှစ်ဦး တစ်ယောက်ဆွဲ၊ တစ်ယောက်ရုန်း ဆူဆူညံညံဖြစ်နေခြင်းကြောင့် အိမ်ရှေ့တွင် လူများပိုင်းအုံလာကြသည်။ ကိုတက်ကတော့ ကွေးအောင်ပင် ကနေဆဲ။

အရှင်လတ်လတ်ပြောင်းလဲသွားသော သူ့ပုံစံကို ကြည့်၍ လူအားလုံးကလည်း မယုံကြည်နိုင်ကြ၊ တဝါးဝါးဖြင့် ပွဲကျနေတော့၏။

''ရှင်. . . ကျွန်မအရှက်ကိုခွဲတယ်၊ ရှင်မရှက်ပေမယ့် ကျွန်မရှက်တယ်သိလား၊ ဟောဒီတစ်ရပ်ကွက်လုံးကလူတွေ ပွဲစားမစိန်ပွင့်ရဲ့ယောကျ်ား မိန်းမလျှာကြီးဖြစ်သွားပြီ၊ မိန်းမစိတ်ပေါက်သွားပြီလို့၊ ဟီး. . . ဟီး. . . ရှက်လိုက်တာရှင် . . . ရှက်လိုက်တာ''

သူ့မိန်းမ မစိန်ပွင့်ခမျာ ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်ကာ ခုန်ပေါက်နေရသည့်အဖြစ်။ ထိုအဖြစ်ကိုကြည့်ကာ





'အောင်ပြီ ကွ. . . အောင်ပြီ. . .'ဟူ၍ သူ့စိတ်ထဲက အော်ပြီး ကြိတ်ပြုံးလိုက်၏။

''သိပလားကွ၊ မှတ်ပလား၊ ဒါမှ ငါကွ''

သူကြိတ်ပြီးဝမ်းသာနေစဉ် 'ပြုန်း' ဆိုသူ့မိန်းမ မစိန်ပွင့်ပြေးထွက်သွား၏။ သူမျက်လုံးပြူးသွားသည်။ သို့သော် တန်မပျက် ပထမပုံစံအတိုင်းပင် ရပ်ကွက်လမ်းအတိုင်း လျှောက်လာခဲ့၏။

တစ်ခဲနရာသို့အရောက်။ ကားတစ်စီး 'ကျွီ'ခနဲ သူ့အားနားထိုးဆိုက်သွားသည်။ သူ့မိန်းမအပါအဝင် လူများကားပေါ်မှ ဆင်းလာကြရင်း. . .။

''လူကြီးမင်းတို့ရှင်. . . ကျွန်မပြောတဲ့သူက သူပါပဲ ရှင်၊ မြန်မြန်သာ စိတ်ကျန်းမာရေးဆေးရုံ ပို့လိုက်ကြပါ တော့''

''ဟိုက်. . . သေပြီ''

သူ့မိန်းမ၏ အော်ကြီးဟစ်ကျယ် ပြောလိုက်သံကြောင့် . . .'ဟိုက်' ခနဲအော်ကာ သွေးတိုးရပ်သွားရလေပြီ။

သူ့မျက်လုံးထဲမှာတော့. . . ဟိုနေ့က ပြုံးဖြီးဖြီးကြီး မျိုဆို့ခဲ့ကြသော ကိုတာကြီးနှင့် ကိုလင်းမွန်တို့၏ မျက်နှာများ . . .။ ပြီးတော့. . .။

နေ့တက်ကိုကိုဇော်

(ဩဂုတ်-၂၀၀၇)၊ ရုပ်ရှင်အမြုတေ



www.burmeseclassic.com

www.burmeseclassic.com

**စာမူကလောင်ရှင်သစ်များဆီသို့သဝဏ်းကောင်းပါးခြင်း. . .**

စိန်မိုးယံစာပေတိုက်မှလစဉ်ထွက်ရှိသော

၁။ ဝရဇိန် (ပရဆန်းကြယ်ဂမ္ဘီရဝတ္ထုတိုများ)

၂။ ဝရဇိန် (ပရဆန်းကြယ် လုံးချင်းဝတ္ထု)

၃။ ဂမ္ဘီရဝိဉာဉ် (ပရဆန်းကြယ်ဂမ္ဘီရဝတ္ထုတိုများ)

၄။ ဂမ္ဘီရတစ္ဆေ (ပရဆန်းကြယ် ဂမ္ဘီရဝတ္ထုတိုများ)

တွင်ဖော်ပြရန် စာပေဝါသနာပါသူ၊ ကလောင်ရှင်အသစ်များအနေနှင့် ပရဆန်းကြယ်ဂမ္ဘီရဝတ္ထုတိုများကိုပေးပို့နိုင်ပါသည်။

စာမူရေးသားရာတွင် A4 စာမျက်နှာ(၈)မျက်နှာမှ(၁၂)မျက်နှာအတွင်း ရေးသားပေးပို့ရပါမည်။ ကိုယ်တွေ့ဖြစ်ရပ်ဆန်းဂမ္ဘီရ ပရလောကနှင့်သက်ဆိုင်သော သရဲ၊ သဘ္ဘေ၊ ဝိဉာဉ်အစရှိသည့် အကြောင်းအရာများကို ဦးစားပေးရေးသားပေးပို့နိုင်ပါသည်။

စာမူဖော်ပြခံရပါက စာမူခနှင့်စာအုပ်လက်ဆောင်များကိုပေးမည်ဖြစ်ပါသည်။

စာမူရေးသားပေးပို့လိုပါက–

ဓာတ်ပုံ(၂)ပုံ၊ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ကိုယ်တိုင်ရေးစာမူဖြစ်ပါကြောင်းဝန်ခံကတိများနှင့်အတူ ပေးပို့နိုင်ပါသည်။

**စာမူကိစ္စနှင့်ပတ်သက်ပြီး ... စာမူကိစ္စနှင့်ဝေဖန်အကြံပေးလိုပါက–**

အမှတ်(၄၄)၊ ပထမထပ်၊ အင်းဝလမ်း၊ ကျောက်မြောင်းရပ်ကွက်၊

တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉၅၁၀၀၉၃၇

# ခေတ်သစ်ဇာတ်ကောင်များနှင့်

# ခေတ်ပေါ်ပြဿနာ



www.burmeseclassic.com

www.burmeseclassic.com

# ခေတ်သစ်ဇာတ်ကောင်များ

# နှင့်

# ခေတ်ပေါ်ပြဿနာ

"ဆရာ့ကို တပည့်ကြီးသတိပေးထားရက်နဲ့၊ အခုတော့ ကြည့်စမ်းပါဦး ဆရာရယ် . . . ဘာမဟုတ်တဲ့ **အစားလေး** တစ်လုတ်ကြောင့် ဆရာကိုယ်တိုင် သေမင်းနှုတ်**ခမ်းဝ နင်းနေပြီ** မဟုတ်လား"

တပည့်ကျော်စာကလေး၏ ကရုဏာ**ဒေါ်သော**သာစကား၊ ကျွန်ုပ်မောင်မောင်ဇော်ကား မကြားတစ်ချက်၊ ကြားတစ်ချက်။ အသိတို့က ပူးလိုက်၊ ခွာလိုက်၊ အမြင်များလည်း ပြာဝေနေသည်။ နွေကိုယ်တစ်ခုလုံးလည်း နှစ်ရက်တိတိ ဝမ်းလျှောထား၍ မြော့မြော့လေးသာ ကျန်တော့သည်။ အသက်ရှုလိုက်တိုင်း အသက်တောင်ပါသွားချင်နေသော အခြေအနေ။

သည်ကဲ့သို့မဖြစ်လည်း ခံနိုင်ရိုးတဲ့လား၊ ကျွန်ုပ် မောင်



www.burmeseclassic.com

www.burmeseclassic.com



မောင်ဇော်ကိုယ်တိုင် အစားအသောက်ငမ်းလွန်း၍ ဖြစ် သောကိစ္စ၊ တပည့်ကျော်စာကလေးပင် အထက်ပါအတိုင်း ကရားရေလွှတ်သတိပေးနေပါလျက် ဆင်ခြင်မှုကင်းမဲ့က ငမ်းကြောကြီးလွန်းသော ကျွန်ုပ်ပါတည်း။

ဆိုပါလျှင် မကြာခင်သောရက်အတွင်းက ကျွန်ုပ်နှင့် ရေးဖော်ရေးဖက် ကိုရွှေအောင်သင်းတစ်ယောက် 'မယ်ကုဝတ် ဂျာနယ်မှာ အယ်ဒီတာဖြစ်သော အထိမ်းအမှတ်နှင့် ညှော်ခံ လုပ်သည်။ ထိုပွဲတွင် ပဲဟင်းနှင့် ပဲခြမ်းသုတ် ကျွေးသည် ကျွန်ုပ်မောင်မောင်ဇော်လည်း ငတ်ငတ်နှင့် တီးလိုက်သည် သည်ကဲ့သို့ ကိုရွှေအောင်သင်းပွဲ မနက်ပိုင်းပြီးသွားသည့်အခါ ညနေသယ်ပိုင်းတွင် မောင်တည်တံ့(ယင်းတော်) ပွဲကို ဆက်ရသည်

မောင်တည်တံ့(ယင်းတော်) ပြုလုပ်သည့်ပွဲသည်လည်း အခြားတော့မဟုတ်။ 'ပင်းကုသ' မဂ္ဂဇင်းမှာ တာဝန်ခံအယ် ဒီတာဖြစ်သော အထိမ်းအမှတ်။ ထိုပွဲမှာတော့ ရေခဲမုန့်ကျွေးပြီး ရေခဲရေ အဝတိုက်ခြင်းဖြစ်သည်။ ကျွန်ုပ် မောင်မောင်ဇော်လည်း ထုံးစံအတိုင်း ငတ်ငတ်နှင့် ဆော်လိုက်ပြန်ပါ၏။

ပြီးတော့. . . ညနေပိုင်းမှာ ကဗျာဆရာ ဒေါက်တာ ဝေငြိမ်းအောင် ပြုလုပ်သောပွဲ။ ၎င်းပြုလုပ်သောပွဲကား အများနှင့်မတူ တမူထူးလှသည်။ ၎င်းအိမ်တွင်မွေးထားသော ကိုယ်ဝန်ဆောင် ကြောင်မကြီးအား ကလေးငါးကောင် အောင်မြင်





ခွာခဲ့စိတ်ကုသ မွေးဖွားပေးနိုင်၍ ပြုလုပ်သည့် အထိမ်းအမှတ်ပွဲ။ ထိုပွဲတွင် ကြောင်လျှာသီးသုပ်ပြီး ကြက်ဟင်းခါးသီးကျော်ကာ ထောက်ဟင်းချိုနှင့် တမာရွက်ပြုတ်ကို အလျှံပယ်ကျွေးသည်။ ထုံးစံအတိုင်း ကျွန်ုပ်မောင်မောင်ဇော်ကား အလွတ်မပေးဘဲ ငတ်ငတ်နှင့် လွေးခဲ့ပြန်၏။

ထို့ကြောင့် အထက်ပါအတိုင်း တစ်နေ့တည်းနှင့် အစားစုံသွားခဲ့သော ကျွန်ုပ်မောင်မောင်ဇော်ကား ဘာသားနှင့် ထုထား၍ ခံနိုင်မှာတဲ့နည်း။ နှစ်ရက်တိတိ ဝမ်းလျှောခဲ့ရခြင်း ဖြစ်ပါတော့သည်။

ဒီတော့ ကျွန်ုပ်မောင်မောင်ဇော်အတွက် အမြွတ်မရ၊ ဝမ်းလျှောရသည့်အခြေအနေကြောင့် မူလဝမ်းတွင်းရှိအစာပါ အဆစ်ပါသွားသေးသည်။ ဤကား ကျွန်ုပ်မောင်မောင်ဇော်၏ အစားအသောက်ငမ်းလွန်းသော အပြစ်ပါတည်း။

ယခုတော့. . . ကြည့်စမ်း။ ကျွန်ုပ်မောင်မောင်ဇော်၏ အခြေအနေကြောင့် တပည့်ကျော်စာကလေးပင် အနားက တဖဝါးမှမခွာနိုင်။ လိုအပ်သမျှပြုစုပေးနေသည်မှာလည်း ကျွန်ုပ်မောင်မောင်ဇော်၏ မရှိသေးသောဇနီးထက်ပင် ကောင်း လှပါချေ၏။

ပြီးတော့ ကျွန်ုပ်မောင်မောင်ဇော်ထံသို့ ရေးဖော်ရေး ဖက်မိတ်ဆွေများ၊ သတင်းမေးရောက်ရှိလာကြသည်မှာ အား



www.burmeseclassic.com

www.burmeseclassic.com



ရကျေနပ်စရာ။ နှတ်စင်သာသာ ကျွန်ုပ်မောင်မောင်ဇော်၏ အိမ်ကလေး၌ပင် ခြေချစရာမရှိတော့။ အချို့အိမ်ထုပ်တန်း ပေါ်တက်ထိုင်နေရသည်။ အချို့မီးဖိုချောင်၊ အချို့ရေကပြင် အချို့အိမ်မြောင်းပုပ်ကို ဖြတ်ကိုးထားသော ဝါးတစ်လုံးတံ တားပေါ်အထိ တန်းစီဆောင့်ကြောင့် ထိုင်နေကြရရှာသည်။ ဒီကြားထဲ ရောက်လေရာဘုံဆိုင်နှင့် ဒမြမိတ်ဖွဲ့ထားသော ဦးမြေကြီးတစ်ယောက် အိမ်ရှေ့မြောင်းပုပ်မြောင်းထဲ ခေါင်း စိုက်ကျသွားသေး၏။

"ဟော့...မောင်မောင်ဇော်၊ အကယ်၍များ စာပေ လောကကြီးကိုမျက်ကွယ်ပြုသွားခဲ့ရင် စရိတ်စကဘာမျှ မပူကြနဲ့ ငါတို့ လေအန်ကုန်းမှာ ဆရာမောင်သွေးရင့်တို့၊ ဆရာ ကိုမောင်သန်းဝင်းတို့၊ ဆရာမောင်မြင့်မား(ဘိုကလေး)တို့၊ ဆရာကြီးအရိန္ဒမာတို့ စတဲ့ဂမ္ဘီရဆရာကြီးတွေရှိတယ်။ ဂမ္ဘီရ ဖဲဝိုင်းထောင်ပြီး သင်္ဂြိုလ်စရိတ်ရှာလိုက်ရင် မောင်မောင် ဇော် အမှတ်တရ မြေစိုက်ဝါးတိုင်တောင် ရချင်ရဦးမှာ"

ဟု ရှောက်သီးဆေးပြားသည်အသံနှင့် အောင်လင်းနိုင်က ကိုယ်နှင့် တန်ရာတန်ရာမနေ။ ထ,ထပြီး ဗွေဖောက်ပြန်သေး၏။

တကယ်တော့လည်း ယခုကဲ့သို့ ရေးဖော်ရေးဖက်တွေ စုံစုံညီညီ ကျွန်ုပ်မောင်မောင်ဇော်အပေါ် ဂရုတစိုက်ရှိလှ သည့်အတွက် သေမည်ဆိုလည်း သေပျော်ရပါပြီ။





ကျွန်ုပ်မောင်မောင်ဇော်အတွေးများ ဟိုမှသည်မှ ကူးလူးပျံသန်းနေကြပါ၏။ သို့သော် မျက်စိကားဖွင့်မရ။ အသံကား မကြားတစ်ချက် ကြားတစ်ချက်ရှိသည်။ အသက်ရှူသံတွေ တဖြည်းဖြည်း မြန်လာသည်။ ချွေးတွေပြန်လာသည်။ ခန္ဓာကိုယ် ကား လှုပ်ရှားမရတော့။ နောက်ဆုံး ကျွန်ုပ်မောင်မောင်ဇော်၏ အသက်ရှူသံတွေ တဖြည်းဖြည်းအားပျော့သွားတော့၏။

"ဟော့...ဟော့ လှုပ်ကြပါဦးဟ၊ မောင်မောင်ဇော် သတိလစ်သွားပြန်ပြီနဲ့တူတယ်"

"လှုပ်ကြပါဦးဟ...အသက်ပြန်ရှူလာအောင် မြန်မြန် နှိုးကြလေ"

ဒေါက်တာဝေငြိမ်းအောင် နှလုံးချူစက်ပါလား၊ ပါရင် မြန်မြန်ထုတ်စမ်းပါဟ"

"အဲဒါမှ ဒုက္ခပဲဗျာ၊ ကျွန်တော်နှလုံးချူစက် မနေ့က ဘဲ အပေါင်ဆိုင်ပို့လိုက်တယ်"

"ဟာ...ဒါဆို ဘယ်လိုလုပ်ကြမလဲ"

"ကျွန်တော့်မှာစက်ဘီးလေထိုးတဲ့ ပိုက်တော့ရှိတယ်၊ ဖြစ်မလား"

"ခင်ဗျားပိုက်က အားပျော့ရင်ပျော့မှာ၊ ကျွန်တော့်မှာ ဘတ္တရီအားသွင်းတဲ့ စက်ရှိတယ်၊ ဒါနဲ့မရရင်လည်း ဒလမြို့က စာရေးဆရာ ကိုမင်းမာဆီမှာ မီးသတ်ပိုက်ခဏသွားငှားပါလား"



www.burmeseclassic.com

www.burmeseclassic.com



စသဖြင့် အသံတွေ ညံ့စီသွားတော့သည်။ နောက်ဆုံး ကျွန်ုပ်မောင်မောင်ဇော် ဘာဆိုဘာမျှ မကြား၊ မမြင်၊ မသိ တော့ပါချေ။

♛♛♛♛♛





(ငရဲမြို့စားကြီး ဦးမြေကြီး)

အထက်ပါမြို့အဝင် ဆိုင်းဘုတ်ကြီးကို ကျွန်ုပ်မောင် မောင်ဇော်မော့ကြည့်ပြီး အံ့ဩသွားရ၏။ ဖြုံသွားရ၏။ ကြက်သီးဖြန်းဖြန်းထသွားရ၏။

ကြည့်စမ်းပါဦး။ ကျွန်ုပ်မောင်မောင်ဇော် ယခုရောက်ရှိ သော ငရဲပြည်တွင် ဦးမြေကြီးဟား နယ်နယ်ရရမဟုတ်။ ထွဲ့ထူးပေါင်းများစွာကို ရရှိပိုင်ဆိုင်ထားသော ငရဲမြို့စားကြီး တကား ဟူ၍ သိလိုက်ရခြင်းကြောင့်ဆိုလျှင် မမှား။

ကျွန်ုပ်ရှေ့ဆက်ပြီး မြို့တွင်းသို့ ဝင်ရောက်သွားချိန်၌ ဆန်းအံ့ဩဖွယ်ကောင်းလှသော အသံများ။ လူလောကတွင် စိမ်းမဆန်ခဲ့သောအသံများကြောင့် ပဝါစတော်ခုနယ်



www.burmeseclassic.com

www.burmeseclassic.com



လွင့်ပါးနေသော ကျွန်ုပ်ခန္ဓာကိုယ်အား ခေတ္တရပ်တန့်ပြီး အသာနားစွင့်လိုက်၏။ အသံတွေကား ပီပီသသ ထင်ထင် ရှားရှား။

ခေတ်ပေါ်ကဗျာရွတ်သံများ၊ စာပေဝေဖန်ရေး အပင် အခတ်အသံများ၊ ကိုယ့်ပေါင်ကိုယ်ဖော်၊ ပွေးကွက်ပေါ်သည့် ဘာညွှန်ခံပွဲ၊ ညာညွှန်ခံပွဲတွေက ဖွန်၊ ပန်းကန်၊ ခွက်ယောက် အိုးစလောင်းဖုံး ထိခတ်သံများ၊ အိပ်ဆေးသောက် စရာမလိုသော ခေတ်ဟောင်းတေးသံများ၊ ဆွံ့အနားမကြားသူများ၊ ငွေကြေး ကုန်ကျခံစရာမလိုသော ခေတ်ပေါ်တေးနှင့် ဟစ်ဟော့သီချင်း သံများ၊ အိမ်ရှင်မတွေ သားရတနာ မမွေးဝံ့အောင် ယတြာချေနေ ရသည့် ဘောလုံးပွဲသံများ၊ ကမ္ဘာပေါ် ‘နီ’မျိုးတုံးလောက်အောင် ညည်းပြနေသော စာပေ၊ ဂီတ၊ ရုပ်ရှင် ထုတ်လုပ်သူ အသံများ စသဖြင့် စုံလင်လှပါသည်။

ဒီလိုနှင့် ကျွန်ုပ်ခရီးဆက်လှမ်းခဲ့ပါ၏။ ထိုအချိန်မှာ ဘယ်ကပေါ်လာမှန်းမသိသော လေအန်ကုန်း အမှတ်တံဆိပ် ပါ ‘‘သွားကြားထိုးတံ’’ တစ်ချောင်းစီ ထမ်းထားသည့် ငရဲ သားနှစ်ဦးက ကျွန်ုပ်အားသွားခွင့်မပြုဆိုသော သဘောနှင့် တားလေ၏။ ၎င်းတို့အား ကျွန်ုပ်မြင်ဖူးသလိုလိုရှိသည်နှင့် သေသေချာချာ ကြည့်လိုက်သည့်အခါ လေအန်ကုန်းမှာ အချိန်တိုင်း ဦးမြေကြီးနှင့် သောက်ဖော်သောက်ဖက်၊ ဖောက်





ဖော်ဖောက်ဖက်ဖြစ်သူ ဣန္ဒြေလှိုင်နှင့် မောင်မြေသွေးတို့ ဖြစ် နေ၏။

‘‘ဘယ်သွားမလို့လဲ’’

၎င်းတို့နှစ်ဦးစလုံးက မျက်နှာထားတင်းတင်းနှင့် ခပ် ပြတ်ပြတ်မေးသည်။

‘‘ငရဲမြို့စားကြီးအလင်္ကာသူရကျော်ထင်ရဲ့ဆီသွား ဦးမြေ ကြီးဆီ’’

‘‘ဘာကိစ္စလဲ’’

‘‘ယမင်းဆိုင်က ခရစ်နှစ် (၄၀၀၀)လောက်ရောက်ရင် အသောက်ပြိုင်ပွဲကျင်းပဖို့အတွက် ဦးမြေကြီးဆီ ဖိတ် စာလာပို့တာ’’

‘‘ဟင် ဟုတ်လား၊ ကျွန်တော်တို့ကိုလည်း ဖိတ်ပါဦး ဗျာ’’

၎င်းတို့နှစ်ဦးလည်း ကျွန်ုပ်အဖြေကြောင့် မျက်လုံးများ ဝင်းလက်သွားပြီး တောင်းဆိုကြ၏။ အရင်လေသံများ မဟုတ် တော့။ ခယယ၊ ရိုရိုကျိုးကျိုး၊ ငရဲပြည်ရောက်နေတာတောင် မည်မျှအသောက်ကို စွဲလန်းနေသလဲဆိုတာကိုပင် ကြည့်တော့။

‘‘ရော့. . . ရော့၊ ခင်ဗျားတို့အခုလိုရတာ ကံကောင်း တယ်မှတ်တော့ အသောက်ပြိုင်ပွဲ(ကမကထ) မောင်နွေနှင်းဆီက ကျုပ်အလစ်သုတ်ထားခဲ့ရတာ’’

‘‘ဝမ်းစွေ. . ဝမ်းစွေ. . . ဝမ်းစွေးပဲဗျာ’’



www.burmeseclassic.com

www.burmeseclassic.com



''သွားစမ်းပါဗျာ၊ တစ်မျက်နှာဝတ္ထုဆရာ ကိုမြင့်အောင်ဆီကစာသားတွေ အလွတ်ကျက်ထားပြီး အခုမှလာ ကျေးဇူးတင်မနေနဲ့၊ ကဲ...ကဲ ကျုပ်အချိန်မရှိတော့ဘူး သွားမယ်''

အပေါ်စီးကရသွားသောကျွန်ုပ်က အသံခပ်မာမာပြန် ပြောပြီး ရှေ့ဆက်လှမ်းလာခဲ့လေ၏။

တစ်နေရာသို့အရောက်တွင် မမျှော်လင့်သော ပုဂ္ဂိုလ်ကြီးတစ်ဦးကို စိတ်မကောင်းဖွယ်တွေ့ရလေ၏။ ထိုပုဂ္ဂိုလ်ကြီးကား ဝေဖန်ရေးဆရာ တော့်ဖြစ်၏။ လူတိုင်း၏အပြစ်ကိုရှာကာ ဝေဖန်ရေးကလောင်ဖြင့် ထိုးခဲ့သူ။ ယခုတွင်...

၎င်းက ရှေ့မှပြေးသည်။ ပြေးနေသော ၎င်းနောက်တွင် ငရဲသားများလိုက်၍ မီးရဲရဲသံချွန်များဖြင့် ညာသံပေးပြီး ဝိုင်းထိုးကြ၏။ ၎င်းလဲကျသွားသည့်အခါ ပါးစပ်ထဲသို့ ငှက်ပျောသီးထိုးထည့်၏။ နှာခေါင်းထဲသို့ ကုလားအော်သီး ထိုးသိပ်၏။ နားထဲသို့ ပဲလင်းမြွေသီး ထိုးသွင်း၏။ စအိုထဲသို့ ခရမ်းသီးထိုးသွတ်၏။ မျက်စိထဲသို့ ခွေးလေးယားသီးပွတ်၏။ ပြီးနောက် ငရဲခွေးကြီးများက ခေါင်းမှ ဆွဲသည်။ လက်မှဆွဲသည်၊ ခြေထောက်မှ ဆွဲသည်။

ထိုမြင်ကွင်းကို ကျွန်ုပ်မကြည့်ရက်၍ ရှေ့ဆက်လျှောက်တော့၏။ တစ်နေရာသို့ရောက်ရှိသွားသည့်အခါ လူ





တစ်ဦးကို တွေ့ရှိရပြန်၏။ ၎င်းကား ခေတ်ဟောင်းအဆိုတော်ကြီး ပန်းချီကိုအောင်ခိုင် ဖြစ်၏။ ၎င်းဆိုခဲ့သော သီချင်းများသည် လူအများအချိန်တိုင်း အိပ်စေသောသီချင်းများသာ ဖြစ်သည်။

ယခုတွင် ၎င်းသည် အလွန်မြင့်မားပြီးချွန်ထက်သော သံချွန်ပေါ်တွင် အလျားမှောက်ကာ အိပ်နေရ၏။ ၎င်း၏ နားနှစ်ဖက်တွင်လည်း အလွန်စိတ်ပျက်ပြီး ငြီးငွေ့ဖွယ်ကောင်းလှသော တ'ဂျီဂျီ' မြည်သံဆွဲနေသည့် ရောမပီတုန်းကြီးနှစ်ကောင်ကို ဆွဲထားလေ၏။

ထိုမြင်ကွင်းကိုလည်း ကျွန်ုပ်ကျော်ခိုင်းပြီး ရှေ့ဆက်လျှောက်ခဲ့ပြန်၏။ တစ်နေရာသို့ရောက်သောအခါ လူတစ်ယောက်ကို ထပ်တွေ့ရတော့သည်။

ထိုလူကား စာပေ၊ ဂီတ၊ ရုပ်ရှင်ထုတ်လုပ်သူ ကိုနေအောင်ဆိုသူ ဖြစ်၏။ ၎င်းကား စွယ်စုံစားရသလောက် 'နို့'လိုအမြည်းပြနေသူတည်း။

ယခုတွင် စွယ်စုံစားသောက်နေရသူဗိုဗို ၎င်း၏ပါးစပ် ထဲသို့ ဟီကောင်တွေအထွေးလိုက် ထည့်ကြ၏။ သံကျည်ပွေ့ဖြင့် ပါးစပ်ထဲသို့ ထောင်းသွင်းကြ၏။ ပြီးလျှင် အင်ဂျင်ဝိုင်ရေတွေ လောင်းထည့်ကြ၏။ ဝမ်းဗိုက်ကြီး တစ်ခုလုံး ကုန်တိုက်တစ်ခုနီးနီးကြီးမားလာသောအခါ ပါးစပ်ကို ဂုန်နီအိတ်ချုပ်သော အပ်ဖြင့် သီတံထိုးချုပ်လိုက် ကြ၏။



www.burmeseclassic.com

www.burmeseclassic.com

ပြီးနောက် ကုန်တိုက်ကြီးတစ်ခုမျှ ကြီးမားလှသော ၎င်း၏ဝမ်းဗိုက်ကို 'စွယ်စုံဆုရှင်' ဟု ဆေးနီရောင်ဖြင့် စာတန်းရေးပြီး ရောမ 'ဒိုကြီး' များကို ဝိုင်းထိုးသုတ်ခိုင်းကြလေ၏။

မကြာခင်အချိန်မှာ ၎င်း၏ ဝမ်းဗိုက်ကြီး ဟက်တက်ကွဲ၍ အဆိုပါဝမ်းဗိုက်ကြီးထဲမှ စာရေးဆရာ၊ အဆိုတော်၊ ရုပ်ရှင်သရုပ်ဆောင်ဆိုသူတွေ 'ဝါ'ခနဲ ထွက်ကျလာလေတော့၏။

ထိုမြင်ကွင်းကိုလည်း ကျွန်ုပ်မကြည့်ရက်၍ ခရီးရှေ့ဆက်ခဲ့ပြန်၏။

တစ်နေရာသို့ရောက်သောအခါ လူအုပ်စုလိုက်တစ်စု ကို ထပ်မံတွေ့ရှိရပြန်သည်။

ထိုလူတို့ကား မင်းထက်အောင်၊ မင်းဝေ၊ မြင့်ကိုကိုနှင့် ဖြိုးကိုကိုစသည့် ဟစ်ဟော့အဆိုတော်များပင် ဖြစ်ကြ၏။ ၎င်းတို့သည် ခုနစ်ရက်သားသမီးတို့၏ နား၊ မျက်စိများကို အတော်လေးဒုက္ခပေးကြသူများ ဖြစ်ကြသလို ဘုရားရှင်လက်ထက်က ပရိတ်ရွတ်၊ ရွာထုတ်ခံရသော ဖုတ်၊ သရဲ၊ မှင်စာ လိုသတ္တဝါများ၏ အနွယ်ဝင်တွေဖြစ်နိုင်ဖို့ သေချာပါသည်။

ယခုတွင် ၎င်းတို့သည် အကွဲ၊ အပေါက်၊ အပြတ်များဖြစ်နေကြသော ၎င်းတို့၏ နားရွက်(နားပေါက်)ထဲသို့ အလျားအတောင်လေးဆယ်လုံးပတ် ဆန်ကာတစ်ချပ်စာမျှ ကြီးမားသောလွန်ကြီးဖြင့် ထိုးဖောက်ခြင်းကိုခံနေရ၏။ မျက်စိများကိုလည်း





ပဲမှုန့်များဖြင့်ပက်ခြင်းကို ခံရသည်။ (ထို့ကြောင့် လေအန်ကုန်းဆိုင်တွင် ပဲမှုန့်ရှားသွားပြီး မုန့်ဟင်းခါးအရည်ကျဲသွားခြင်းပေလော။ ဤကား စကားချပ်)။

ထိုမြင်ကွင်းကိုလည်း ကျွန်ုပ်မကြည့်ရက်၍ ခရီးရှေ့ဆက်လိုက်ပြန်၏။ တစ်နေရာသို့ရောက်သောအခါ မောင်သင်းနွယ်ကို တွေ့ရသည်။ မောင်သင်းနွယ်ကား စာပေတိုက်ပေါင်းစုံမှ စာအုပ်ဖြန့်ချိသူပင်တည်း။ စာအုပ်ဖြန့်ချိရာတွင် သစ်ရင်လစ်သလို စာအုပ်အထုပ်လိုက်အလစ်သုတ်တတ်သဖြင့် 'အသုတ်မောင်သင်းနွယ်' ဟု ဖြန့်ချိရေးလောကမှာ နာမည်ရခဲ့သူဖြစ်သည်။

ယခုတွင် ၎င်းသည်လူ့ဘဝက အလစ်သုတ်ထားခဲ့သမျှ စာအုပ်အလေးချိန်နှင့်ညီမျှသော ရောမကျောက်တုံးကြီးများကို ခေါင်းပေါ်ထမ်းပြီး ငရဲမြို့စားကြီး ဦးမြေကြီးပိုင်နက်မြို့ရိုးကို ပတ်ပြေးနေရရှာ၏။

ထိုမြင်ကွင်းကို ကျွန်ုပ်မကြည့်ရက်၍ ကျောခိုင်းလိုက်သည့်အခါ တစ်ဘက်တွင် ကိုရွှေအောင်သင်းကိုတွေ့လိုက်သည်။ ကိုရွှေအောင်သင်းကာ ကွက်စိပ်ဆရာသေ၍ ဝင်စားသူဆိုရလောက်အောင် အလွန်စကားပြောနိုင်လွန်းသူတည်း။ တစ်လျှောက်လုံးနားလေးခဲ့သော ဆရာမောင်ဆွေမွန်ပင် ၎င်းကြောင့် နားပြန်ကောင်းသွားသည်ဆို၏။


www.burmeseclassic.com

www.burmeseclassic.com



ယခုတွင် . . . စကားအလွန်ပြောလွန်းသော ငှင်း၏ ပါးစပ်ကို ငရဲပြည်က ဂဝံကျောက်တုံးများဖြင့်ချိတ်ဆွဲထားခြင်းကို ခံရရှာ၏။ ပြီးတော့ ငရဲပြည်ကသီချင်းများကိုလည်း လူနှစ်ရပ်စာဆောင်းဘောက်ကြီးများဖြင့် တပ်ဆင်ပြီး ငှင်း၏ နားတည့်တည့်သို့ တေ့ဖွင့်ထားလေ၏။

ထိုမြင်ကွင်းကိုလည်း ကျွန်ုပ်မကြည့်ရက်၍ခရီးရှေ့ဆက်လိုက်သည်။ တစ်နေရာသို့ရောက်သောအခါ ဒေါက်တာဝေငြိမ်းအောင်ကိုတွေ့ရ၏။ ငှင်းသည်စကားပြောသည့်အခါ မျက်စိနောက်လောက်အောင် ခြေကားယား၊ လက်ကားယား ဖြင့် ပြောတတ်သူဖြစ်သည်။

ယခုတွင် လူအများမျက်စိနောက်လောက်အောင် ဒုက္ခပေးခဲ့သော ငှင်း၏ခြေလက်တို့အား စက်ဘီးအရွယ်ခန့် သံကြိုးကွင်းကြီးများဖြင့် တစ်ဘက်တစ်ချက်စီချည်ပြီး ငရဲခွေးကြီးများကို ဆွဲခိုင်းလေ၏။

ထိုမြင်ကွင်းကိုလည်း ကျွန်ုပ်မကြည့်ရက်၍ ကျော်ခိုင်းလိုက်သည့်အခါ မောင်တည်တံ့(ယင်းတော်)ကို ဘွားကနဲ တွေ့လိုက်ရပြန်၏။ ငှင်းသည်စားဒုန်းဆီ အရောင်းအဝယ် လုပ်ငန်းဖြင့် ကြီးပွားနေသူတည်း။

ယခုတွင် ငှင်း၏မတော်အပေါက်ထဲသို့ ငရဲပြည်က မီးသတ်ပိုက်ကြီးဖြင့် ရေထိုးမှုတ်ခြင်းကို ခံနေရရှာ၏။





ထိုမြင်ကွင်းကိုလည်း ကျွန်ုပ်မကြည့်ရက်၍ ခရီးဆက်ခဲ့လေ၏။ တစ်နေရာသို့ရောက်သောအခါ ပန်းချီဆရာချမ်းအေးဟန်ကို တွေ့ရတော့သည်။ ငှင်းသည် ခုနစ်ရက်သားသမီးမျက်စိကျိန်းစပ်လောက်အောင် ဝင်းဝင်းပြောင်ပြောင် ရွှေများဝတ်ဆင်သူတည်း။

ယခုတွင် ငှင်း၏လည်ပင်း၌ ငရဲပြည်က ခဲထုပ်ကြီးများချိတ်ဆွဲခြင်းကိုခံရပြီး လေးဘက်ထောက်သွားနေရရှာ၏။

ထိုမြင်ကွင်းကိုလည်း ကျွန်ုပ်မကြည့်ရက်၍ ကျော်ခိုင်းလိုက်ချိန်မှာ တစ်ဘက်တွင် လှပြုံးနိုင်(မန္တလေး)ကို တွေ့ရလေ၏။ ငှင်းသည်ဘောင်းဘီကျပ်ထုပ်ထုတ်ကို အမြဲတမ်း ဝတ်ဆင်လေ့ရှိသဖြင့် မကြာခဏ ဘောင်းဘီခွကွဲကာ မြင်ရသူ ခုနရက်သားသမီးများ စိတ်မချမ်းမသာဖြစ်အောင် လုပ်သူတည်း။

ယခုတွင် ငှင်းအား ငရဲပြည်ကဘောင်းဘီခွကွဲကို ဝတ်ဆင်ခိုင်းပြီး ငှင်းရှေ့မှပြေးသည့်အခါ ငရဲခွေးကြီးများက တဟုန်ထိုးတွေ့ကရာလိုက်ဆွဲခြင်းကို ခံနေရှာ၏။

ထိုမြင်ကွင်းကို ကျွန်ုပ်မကြည့်ရက်၍ ခရီးရှေ့ဆက်ခဲ့သည်။ တစ်နေရာသို့ရောက်သောအခါ ဦးမြေကြီးကို နောက်ဆုံးတွေ့လိုက်ရတော့၏။

“ငရဲမြို့စားကြီး ဦးမြေကြီး” ဆိုသော စာတန်းကိုငှင်း၏နဖူးတွင် ရေွှတ်ဆီများဖြင့် ရေးထိုးထား၏။



www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့. . . ဦးမြေကြီးကား ရေပြည်က အလျှံခံ့ပုံး ကြီးတစ်ခုပေါ်တွင် ဆောင့်ကြောင့်ထိုင်ကာ ရွှေပြည်သာ ကိုခန့်ဇော်ထံက အလစ်သုတ်လာဟန်ရှိသော ဝီစကီပြားကို မော့နေ၏။ အဆိုပါဝီစကီပြားထဲမှ ဘာမျှကျမလာသောအခါ ပုလင်းဖင်ကိုလက်နှင့် ခေါက်ချလေသည်။ တစ်စက်နှစ်စက် ကျသွားသည်။ သို့သော် ဦးမြေကြီးကား စိတ်လျှော့ဟန် မတူသေးဘဲ ပုလင်းအကပ်များကို ရေနှင့်ကျင်း၍မော့ချလိုက် ပြန်၏။

''အဟမ်း. . . အဟမ်း''

ကျွန်ုပ်ချောင်းဟန့်သံကြောင့် ဦးမြေကြီးလက်ထဲမှ ပု လင်းလွတ်ကျသွားတော့သည်။ ရက်ကိုးရက်ကန်းဖြင့် ကွမ်း ချေးလက်ဆယ်တစ်တက်နေသော သွားများပေါ်အောင် ပြုံး စပ်ဖြဲပြ၏။ ဆံပင်မရှိဘဲ ပြောင်သလင်းခါနေသော ၎င်း ဦးပြည်ကိုပွတ်ပြ၏။ ပြီးတော့ ၎င်း၏ထုံးစံအတိုင်း ချိုးပွဲ ငိုပါလေတော့သည်။

ရုတ်တရက် ကျွန်ုပ်မည်သို့မျှ မလုပ်တတ်၊ မကိုင်တတ် နှင့် ဒီအတိုင်းသာကြည့်နေရတော့၏။ အတန်ကြာသောအခါ ၎င်းသည် အငိုရပ်ကာ တဟဲဟဲရယ်ပါတော့သည်။ ပြီးလျှင် နတ်သျှင်နောင်ရတုကို ရွတ်သည်။ မဲဇာတောင်ခြေကို သီချင်း လုပ်ဆိုသည်။ မောင်ခိုင်မာ၏ 'ရှင်မ'ကဗျာကို ဟစ်





ဟော့လေ့ခင်ခဲ့သည်။ ရွှေမန်းတောင်ပေါင်သီချင်းကို လေချွန် ရှုပ်ပြသည်။

မောက်သုံးမော်ကျောဟန်နှင့် လွှတ်ဆိုခြင်းများကို ရပ်လိုက်ပြီး ကျွန်ုပ်ဘားကြည့်၏။ ပုတ်သုံးကိုပွတ်၏။ ကျွန်ုပ် အားထပ်ကြည့်၏။

ဦးမြေကြီး သောကြည့်နေတာလဲ ကျုပ်မောင်မောင်ဇော် လေဗျာ''

ဒီတော့မှ ဦးမြေကြီး မှတ်မိသွားဟန်ဖြင့် မျက်လုံးအ ပြူးများ ဝင်းလက်သွားတော့၏။

''မော ကျုပ်လား အခုကိုမမျှော်လင့်ဘဲ တွေ့ရတော့ ဝမ်းသာတယ်ကွာ၊ ဒါနဲ့ နေပါဦးကွ လေအနက်ကုန်းမှာ ကနေ့ကြီးတို့ ကိုလှူးရှင်တို့၊ ကိုသာယာတို့ရော နေကောင်း ကြပဲလား ဘယ်နေရာမှာ ဘာတွေရော အခုလုပ်နေကြသ လဲ သောကြာ့ဟိုက်က ကိုဇော်သာကြီးကိုလည်း ဂါသတင်း မေးတယ်လို့ ပြောလိုက်ပါကွာ၊ အဖော့ ငါမှာပေး. . . မင်း မြင်တဲ့အတိုင်းပဲ ရေမြို့စားကြီးသာသိုတယ် ပြုတ်ယိုက်တာ ဘာတေလန့်ပါရော၊ အပြစ်ကျခံရသူတွေ ခေါင်ဒီပုံးထဲမှာ ဘာဘ်တိုးမှသာ အူစိုရတဲ့ဘဝပါ။ ရာထူးရမယ့်သာရတယ် ဆိုဒဲလေအနက်ကုန်းမှာလောက် မပျော်ပါဘူးကွာ၊ အင်း. . . ကောင်းဘာ ငါ ဒီနေရာကို အောင်မြင့်မား(ဘိုကလေး) အစား ကိုးဝင်မှ ငါ့ဘဝကျဆုံးရတော့မှာ၊ ဒီအကုသိုလ်ကြောင်က



www.burmeseclassic.com

www.burmeseclassic.com



ဒေသဘဲသေနိုင်ဘူးကွာ၊ ကဲ...ကဲ မင်းအလည်လာတာဆို ခုလည်း ပြန်တော့၊ ငါ ဇရဲပြည်အစည်းအဝေးပွဲ တက်ရဦးမယ်''

ဦးမြေကြီးက ကရားရေလွှတ်ပြောပြီး နှပ်ရည်များကို ပုဆိုး ခါးပုံစဖြင့် သုတ်လိုက်၏။

''ဟုတ်ကဲ့...ကျွန်တော်ပြန်မှာပါ၊ ဦးမြေကြီးအတွက် ဖိတ်စာလေးတစ်စောင် လာပို့တာ''

''ဟင် မုန်းစမ်း၊ ဘာဖိတ်စာပါလိမ့်''

''လာမယ့် ခရစ်နှစ် (၄၀၀၀)ကျရင် ယမင်းဘီယာဆိုင်မှာ အသောက်ပြိုင်ပွဲကြီးကျင်းပဖို့ရှိတယ်၊ ဦးမြေကြီးကို ဆရာ ကိုရွှေဟောသားကိုယ်တိုင် ဖိတ်စာပို့ခိုင်းလိုက်တာ''

''အို...ဟုတ်လား၊ ဇရဲပြည်မှာ ဇော်ငတ်နဲ့မောင်မြေ ကြီးတို့ ပွဲကြီးပွဲကောင်း နွဲရချည်သေး၊ မောင်မင်းကြီးသား ကိုရွှေဟောသား ကျန်းမာချမ်းသာပါစေဗျာ၊ ကဲ...ကဲ မင်း အခုလို တကူးတက ဇရဲပြည်ရောက်အောင်လာပို့ပေးတဲ့အတွက် ကျေးဇူးပါပဲကွာ၊ ဩော်...ဒါနဲ့ ငါ့မိတ်ဆွေကြီး ဇလွန်ကျော်ဦး လည်း သတိရကြောင်းပြောလိုက်ပါကွာ၊ အဟေဟေး... ဒီကောင်ကြီးကတော့ မြေးတွေနဲ့လုံးလည်လိုက်နေမှာ သေချာတယ်။ ဩော်...သမုဒယသံယောဇဉ် လူ့ဘဝဆိုတာ ဒါပဲကိုးကွ၊ ကဲ...ကဲ မင်းလည်းပြန်ဖို့အချိန် သိပ်နောက်ကျ နေပြီ၊ ငါလည်း အစည်းအဝေးပွဲ သွားတက်လိုက်ဦးမယ်''





''ဦးမြေကြီး ခဏလေးနေပါဦး၊ ရော့...ဒါ ဦးမြေ ကြီးအတွက် ဝီစကီပြားလက်ဆောင်၊ ဆရာချစ်ကိုကိုယုဆီမှာ အကျိုးအကြောင်းပြောပြီး ယမင်းဆိုင်ကမေ့အကြွေးနဲ့ ဝယ် လာခဲ့တာ၊ ဆရာချစ်ကိုကိုယုက ရှေ့နေခ်ိုဝေသာ့ ဦးမြေကြီး အတွက် စာချုပ်စာတမ်းနဲ့ အာမခံချုပ်ပေးလိုက်တာ''

''ဂွမ်း''

''ဂလွမ်း''

''ဟာ''

''ဟင်...ကုန်ပါပြီကွာ၊ ကျွတ်..ကျွတ် နှမြောစရာ ပဲ''

ဦးမြေကြီးထံ ဝီစကီပုလင်း ကျွန်ုပ်လှမ်းအပေးတွင် ခမ်းတစ်ဝက်၌ လွတ်ကျကွဲသွားခြင်းဖြစ်တော့သည်။ ဦးမြေ ကြီးကား ကျကွဲသွားသော ဝီစကီအရည်များကို နှမြောတသ ကြည့်ရင်း စုတ်သပ်၏။ ပြီးတော့...ငင်းသည် ထိုဝီစကီ ရည်များအပေါ်သို့ အကျိုးစဖြင့်တို့တို့ပြီး ပါးစပ်ထဲ ညှစ်ညှစ် ည့်ပြီးနေပါတော့သည်။ ကျကွဲသွားသော ဝီစကီအရည်များ ပြောင်သလင်းခါသွားသည့်အခါ ဦးမြေကြီးသည် ကျွန်ုပ်အား တော့ဝါးတော့မတတ်ကြည့်ရင်း ကျွန်ုပ်ဖက်ပိုးကို ရိုက်ချ ကလေတော့သည်။ ကျွန်ုပ်သည် နေရာမှာပင် ဟပ်ထိုးလဲ သွားပြီးနောက်...

♛♛♛♛♛



www.burmeseclassic.com

www.burmeseclassic.com



"ဟား... မောင်မောင်ဇော် သတိရလာပြီး သတိ
လာပြီ"

"ဟုတ်တယ်ပေါ့... မောင်မောင်ဇော် သတိရလာပြီ
ပေါ်တို့ ဂျိုးရေကိုးလုပ်မယ့် အစီအစဉ်ဖျက်လိုက်ကြတော့"

"ဒါဆို မှန်ဝယ်လာတဲ့ မောင်မောင်ဇော်အတွက် အ
ခေါင်းကို ဟိုဘက်လှမ်းက မယားနေတဲ့ လျှပ်ပြူးနိုင်ကြံ့ဆီ ပြ
ရောင်းလိုက်ရင်ကောင်းမယ်"

"ပက်တော့ကုန်ပြီ ဘာရုံကပ်တင်ဖို့ ဘုန်းကြီးကိုလည်း
ပင့်ထားပြီးပြီ"

"ဒါသုဟာမှာ ကျွေးမွေးဖို့မောင်တည်တဲ့ ငွေရိုက်ထု
ကြိုတင်ဝယ်ထားတာတွေရော ဘယ်နှယ့်လုပ်ကြမတုံး"

"အိုဗျာ ဒါတွေက အရေးမကြီးပါဘူး ဖျက်လို့မ
ပြင်လို့မရတဲ့ကိစ္စက စာရေးဆရာ၊ ကဗျာဆရာ မောင်မော
ဇော်ကွယ်လွန်သွားတဲ့အကြောင်း မဂ္ဂဇင်း၊ ဂျာနယ်စာစော
တွေမှာ အကုန်ပါပြီးကုန်ပြီဆိုတော့ ရှင်းဖို့ရပဲ ပြဿနာပဲ ဖျ

"အဲဒါထက် ပိုရှင်းမရတာက မောင်မောင်ဇော်
စရာရှိတဲ့အကြွေးရှင်ကိုယ်တိုင် မနက်ကတဲ့ အိမ်ဂရန်နဲ့ မြေ
လာသိမ်းသွားပြီ"

ကျွန်ုပ်ပြန်လည်သတိရလာချိန်မှာပဲ အထက်ပါအတိုင်
ကမ္ဘာပွက်သလို ထိန်းမရ၊ ရှင်းမရသော ပြဿနာများ





ကြားလိုက်ရခြင်းအတွက် ရေပြည်ကိုသာ ပြန်သွားချင်တော့သည်။

ကျွန်ုပ်ချက်ခြင်းပဲ အသက်ရှုနှုန်းတွေ မြန်လာကာ အမြှင်များ ပြာဝေလာကြ၏။ အသိတွေ ဝင်လိုက်ထွက်လိုက် ဖြစ်နေ၏။ နောက်ဆုံးတော့... ကျွန်ုပ်ပြန်လည် သတိလစ်သွားပြန်တော့သည်။

"ဟာ... မောင်မောင်ဇော် သတိပြန်လစ်သွားပြန်ပြီ ဟ"

"ဒုက္ခပါပဲ၊ လုပ်ကြပါဦးဟ၊ ဒီတစ်ခါတော့... ပြန်သတိမရနိုင်တော့ဘူး ထင်ပါတယ်"

"ကဲ... ကဲ စီစဉ်ထားတာတွေနဂိုအတိုင်း ပြန်ထား ကြဦးဟေ့"

(ဆရာအားလုံးနှင့် သူငယ်ချင်းများကို ရယ်စရာလုပ်ခြင်းအတွက် ခွင့်လွှတ်ပေးပါရန်)

နေဟတ်ကိုကိုဇော်

(သောကြာ ၂၀၀၇-မတ်လ)



www.burmeseclassic.com

www.burmeseclassic.com

စာမူကလောင်ရှင်သစ်များဆီသို့သတင်းကောင်းပါးခြင်း. . .

စိန်မိုးယံစာပေတိုက်မှလစဉ်ထွက်ရှိသော

၁။ ပရဒိန် (ပရဆန်းကြယ်ဂမ္ဘီရဝတ္ထုတိုများ)

၂။ ပမျဒိန် (ပရဆန်းကြယ် လုံးချင်းဝတ္ထု)

၃။ ဂမ္ဘီရဝိညာဉ် (ပရဆန်းကြယ်ဂမ္ဘီရဝတ္ထုတိုများ)

၄။ ဂမ္ဘီရတာမွေ (ပရဆန်းကြယ် ဂမ္ဘီရဝတ္ထုတိုများ)

တွင်ဖော်ပြရန် စာပေဝါသနာပါသူ ကလောင်ရှင်အသစ်များအနေနှင့် ပရဆန်းကြယ်ဂမ္ဘီရဝတ္ထုတိုများကိုပေးပို့နိုင်ပါသည်။

စာမူရေးသားရာတွင် A4 စာမျက်နှာ(၈)မျက်နှာမှ (၁၂)မျက်နှာအတွင်း ရေးသားပေးပို့ရပါမည်၊ ကိုယ်တွေ့ဖြစ်ရပ်ဆန်း ဂမ္ဘီရ ပရလောကနှင့်သက်ဆိုင်သော သရဲ၊ သဘက်၊ ဝိညာဉ်အစ ရှိသည့် အကြောင်းရာများကို ဦးစားပေးရေးသားပေးပို့နိုင်ပါသည်။

စာမူဖော်ပြခံရပါက စာမူခနှင့်စာအုပ်လက်ဆောင်များကို ပေးမည်ဖြစ်ပါသည်။

စာမူရေးသားပေးပို့လိုပါက–

ဓာတ်ပုံ(၂)ပုံ၊ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ကိုယ်တိုင်ရေးစာမူဖြစ်ပါကြောင်းဝန်ခံကတိများနှင့် အတူ ပေးပို့နိုင်ပါသည်။

**စာမူကိစ္စနှင့်ဝေဖန်အကြံပေးလိုပါက–**

အမှတ်(၄၄)၊ ပထမထပ်၊ အင်းဝလမ်း ကျောက်မြောင်းရပ်ကွက်

တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉၅၀၀၀၉၃၇

# ကျွန်ုပ်တော

# နှင့်

# ခေတ်ပေါ်က, သူများ

ကျွန်ုပ်တောတို့ရွာဟာ အင်းမတန်မှုကြီးကျယ်ခမ်းနား သလောက် နေကြတဲ့လူမျိုးကလည်း တစ်ရာ့တစ်ပါးဆိုတော့ …မျိုးစုံ၊ စရိုက်စုံကလား။

မြို့ပြနဲ့လည်းနီးနေတဲ့အတွက် ဘာပဲဆိုမြို့ပြက ကူး …က်လာတဲ့ ခေတ်ပေါ်စရိုက်တွေ၊ ရောဂါတွေကလည်း ပြောမနေ …နဲ့။ ရွာရယ်လို့သာဆိုတယ် မြို့ပြအတိုင်းပဲ။ ကာရာအိုကေ …ဒီယိုရုံ ရှိတယ်။ စလောင်းရှိတယ်။ လက်ဖက်ရည်ဆိုင်၊ …ဘိုးဆိုင်၊ စားသောက်ဆိုင်ရှိတယ်။ အို. . . နောက်ဆုံး …နဲ့ကုန်ပြောရရင် အခုကာလမှာ ကြက်တူပ်ကွေး၊ ငှက်တုပ်ကွေး၊ …မြန်ဆုံးတံဆိပ်ကပ်နိုင်တဲ့ ဟစ်ဟော့အဆိုသား၊ ဘာဆိုလား …ဒီယိုချင်းသံတွေ လူငယ်တွေရဲ့ပါးစပ်ဖျားမှာ အမြဲပိတ္တော်



www.burmeseclassic.com

www.burmeseclassic.com



နားကျွန်းမာရေး ခံနိုင်တဲ့အထိ နေရာအနှံ့အပြား အိမ်သာထဲ တောင်ကြားရတယ်။ ကျွန်ုပ်ငတေဆိုရင် သူတို့ခမျာကိုကြည့်ရင်း တရားရလွန်းလို့ တောနေ့ပျူအောင်းဘဝကိုတောင် ပြန်ရောက် ချင်မိတယ်။

အဲဒီလိုရွာမှာ မြို့ပြနဲ့မခြား တိုးတက်နေတာ။ သိစရာ တစ်ခုထပ်ပြရရင် အချုပ်ခန်းတို့၊ ဆေးခန်းတို့ ရွာမှာ အစဉ်အလာအရ တက်နေသူတွေလည်း ရိုက်သတ်မကုန်ဘူး။ ဒါက ကြုံလို့သိအောင်ပြောရတဲ့ အပိုင်းပါ။

အဲ. . . အခုကိစ္စက ကျွန်ုပ်ငတေရွာမှာ သာရေး၊ နာရေးနဲ့ ပတ်သက်ပြီး စေတနာရှေ့တန်းတင်လို့ ကူညီဆောင်ရွက်နေ ကြတဲ့ အပိုင်းလေးပါ။

ရွာမှာ တစ်ရာ့တစ်ပါး လူမျိုးပေါင်းစုံ မကောင်းတာ အားပေးတဲ့သူက မကောင်းတာဘက်က အလေးချိန်ရှိနေသလို သာရေးနာရေး၊ ရပ်ရေးရွာရေးကိစ္စနဲ့ ပတ်သက်လို့ အရေး ကြုံတဲ့အခါ အရပ်ထဲမှာ ဦးဝေငြိမ်းအောင်တို့၊ ဦးမာန်တို့လို လူမျိုးတွေကလည်း ရွှေများလို့ တန်ဖိုးရှိပြီး အားကိုးရသေးက လား။

ဒါကြောင့်လည်း. . . ကျွန်ုပ်ငတေတို့ရွာမှာ ဦးဝေငြိမ်း အောင်တို့၊ ဦးမာန်တို့ဟာ ထိပ်ဆုံးကနေ လေးစားခံရတဲ့ စာရင်းမှာ ဝင်နေခဲ့သလို၊ အထင်ကြီးခံရတဲ့အပိုင်းမှာလည်း နေရာရှိခဲ့တာ





ဟုတ်လား။

ရပ်ရေးရွာရေး၊ သာရေးနာရေး ဆိုတာလည်း ပါးစပ် ပြောပွယ်သလောက် တော်ရုံတန်ရုံစေတနာမျိုး၊ အနစ်နာမျိုးနဲ့ မလုပ်နိုင်ကြဘူး။ ကိုယ်ကျိုးမကြည့်တတ်တဲ့ ဦးဝေငြိမ်း အောင်တို့လို၊ ဦးမာန်ပို့လိုလူမျိုးတွေရှိလို့သာ ရပ်ရေးရွာရေး၊ သာရေးနာရေးတွေ ရိုက်သတ်မကုန်လောက်အောင် ပေါ်လာတာ ဖြစ်လိမ့်မယ်ထင်တယ်။

အခုလည်း ဝါတွင်းကာလဆိုတော့ ရွာဦးဘုန်းကြီး ကျောင်းမှာ ရဟန်း၊ သံဃာတွေ ဝါဆိုသင်္ကန်းကပ်ဖို့ ကိစ္စအတွက် ကျွန်ုပ်ငတေအပေါ် ရပ်ရွာက အားကိုးယုံကြည်တဲ့အတိုင်း ဦးဝေငြိမ်းအောင်တို့၊ ဦးမာန်တို့နဲ့ တိုင်ပင်ဆောင်ရွက်ဖို့ ကျွန်ုပ်ငတေ အိပ်ယာကထထချင်း၊ မျက်နှာတောင် မသစ် အားသေးဘူး ထွက်လာခဲ့တယ်။

အဲဒီလောက်အထိ ကျွန်ုပ်ငတေ ရပ်ရွာကသာရေး၊ နာရေးကိစ္စတွေကို ဦးစားပေးခဲ့တာ ပြောပါတယ်။

"ဗျို့. . . ကိုကြီးငတေ၊ မနက်အစောကြီး ဘယ်သွား မလို့တုံး ကြည့်ရတာ မျက်နှာတောင်သစ်ခဲ့ရသေးလား မသိဘူး"

ညကမူးပြီး ဘယ်ချောင်ကထလာမှန်းမသိတဲ့ အမူး သမားမင်းဝေနဲ့ လမ်းမှာ နိမိတ်မရှိ၊ နမာမရှိဝင်တိုးလို့ ကိုယ့် ကိုမရစ်အောင်ဘဲ ဟန်ဆောင်ပြီး တရိုတသေနဲ့ ဖြေလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရှေးတယ်။

''မျက်နှာမသစ်နိုင်တာ အမှန်ပဲဟေ့၊ အိမ်မှာရေရှား လို့တော့ မဟုတ်ဘူး၊ ညက အိမ်မှာရှိသမျှ ရေအိုးတွေထဲက ဘယ်မိမဆုံးမ ဖမဆုံးမ အမူးသမားတွေ ရှူးရှူးပေါက်ထည့် သွားမှန်းမသိလို့ ဒီမနက်ရုပ်ဆောင်ထားတဲ့ အပုပ်ကောင် ပင်ကိုယ်ဘဝ ဖြစ်သွားရတာ''

''ဟာ. . . ကိုကြီးငတေ ဒီကိစ္စ ကျွန်တော်မဟုတ်ဘူးနော် မဟုတ်ဘူး''

''အေးလေ. . . မင်းပါလို့လည်း ငါကပြောနေလို့လား မင်းဝေရ၊ ဒီကိစ္စမင်းမဟုတ်ရင် ရုံးတို့ဂတ်တို့တော့ မရောက် နိုင်ပါဘူး''

''ဘုရား. . . ဘုရား တော်ပါသေးရဲ့ဗျာ၊ အဟီး. . . ကိုကြီးငတေ ကျွန်. . . ကျွန်တော်လို့မထင်ရင် သွားတော့ မယ်နော်''

ပြောပြီး ပျာပျာသလဲထွက်သွားတဲ့အမူးသမား မင်း ဝေကိုကြည့်ပြီး အတော်လေးရယ်ချင်မိသွားတယ်။

ဒါမျိုးကျတော့လည်း အမူးသမားတွေက ပါးသားရယ်လို့ ကျွန်ုပ်ငတေ တွေးလိုက်မိသေးရဲ့။

တစ်ရွာလုံးနဲ့ပေါင်းလာတဲ့ငတေ တစ်ရွာလုံးအကြောင်း အကုန်သိပြီးသား။ ကျွန်ုပ်ငတေ ဒီလိုမှဦးနှောက်ဉာဏ် ခေတ်





မီရင်လည်း လူဖြစ်ရကျိုးနပ်မှာ မဟုတ်တော့သလို၊ အမူး သမားရဲ့ ဂျပန်ဝက်အူချောင်းရန်က အရစ်ပြုန်းတဲ့အထိ လွတ်မှာ မဟုတ်ဘူး။

ဒါကြောင့်လည်း လူတွေအကြောကို စာမေးပွဲအောင် ထားတဲ့ ကျွန်ုပ်ငတေ ဦးနှောက်ဉာဏ်လွှာ (ခေတ်စကားနဲ့ ပြောရရင်) ခပ်ပါးပါးလေးသုံးလိုက်ရတာ။

''ဟဲ့. . . ငတေ ဘာတွေသဘောကျလို့ ပြုံးလား ဘာလဲ၊ ဘာန္တ မဟုတ်မှလွဲရော ဟိုရက်ကမတော်လိုက်ရတဲ့ နင့်ယောက္ခမ လောင်းကြီး သေမင်းခေါ်သွားလို့နဲ့တူရဲ့ ဟုတ်စ''

အမူးသမားရန်က လွတ်တယ်ကြံကာရှိသေး။ အရေးထဲ ချုပ်တကာလှည့်ပြီး ကိုယ့်စရိတ်နဲ့ကိုယ် အမှန်းခံ၊ အတင်းချ ညဲ့နေရာမှာ နှစ်ယောက်မရှိအောင် ဖားသေလို့ ဝင်စားတဲ့ လူစားမျိုး၊ တစ်ရွာလုံး ရွာအပြင်ကသုသာန်မှာ ထုတ်ထား ချင်ကြတဲ့ အကြော်သည်မှုဆိုးမ တစ်လင်ကွာ ဒေါ်လုံးတီးနဲ့ ကျွန်ုပ်ငဟောပက်ပင်းကို ဝင်တိုးတာ၊ တကယ့် အကုသိုလ်အလုံး အထည်နဲ့ ကုပ်ခွစီးခံလိုက်ရသလိုပါပဲ။

''မနက်စောစောစီးစီး ဘယ့်နှယ့်သီလမဲ့တဲ့ စကားတွေ ထွက်စမ်းပါနဲ့ ကြီးတော်လုံးတီးရာ၊ ကိုယ့်အလုပ်ကိုယ်လုပ်၊ ကိုယ့်အကြောင်းကိုယ်ပဲ စဉ်းစားစမ်းပါဗျာ''

''ဟဲ့. . . ငါက နင့်အတွက်နာပြီးပြောတာ သေနာရဲ့



www.burmeseclassic.com

www.burmeseclassic.com



အလုပ်မရှိ၊ အကိုင်မရှိ၊ စာပေရှူးယောင်ယောင်၊ ရုပ်ရှင်ရှူး ရေးယောင်ယောင်၊ အုတ်ကြွားမြက်ပေါက် လမ်းဘေးက ထောင်းစားနေတဲ့ သူလောက်တောင် တန်ဖိုးမထားဘဲ မှို့မျှစ်မျိုးပြောခံရပြီး သူ့သမီးရွှေဘုတ်နဲ့ ပေးခဲ့ရတဲ့နှင့်အတွက် နှလွှန်းလို့ပြောတာဟဲ့ သိပြီလား၊ နို့မဟုတ်ရင် လုံးကီးတို့ သူများအကြောင်း ကန့်တော့ပါသေးရဲ့။ အခုတော့ နှင့် ဘဝ လေးဘက်ကွားသွားနေတဲ့ ဟိုအကောင်တွေလို"

"တော်…တော်ပျာ၊ ကြီးတော်သုံးတီး ဟို ကာယကံရှင်ပြောတာက နည်းနည်းရှပ်၊ ခင်ဗျားပြော ကျုပ်ဘဝကြီးတစ်ခုလုံး ရစရာကိုမရှိတော့ဘူးဗျာ၊ တော မနက်စောစောစီးစီး အကုသိုလ်များဘယ်ဗျာ"

ကျွန်ုပ်ငတေရှေ့ဆက်ဆိုးလာရင် သည်းမခံနိုင်တော့ မှန်းသိလို့ ဒီမိန်းမကြီးရှေ့က အမြန်လစ်ထွက်ခဲ့ရတယ်။

အကယ်၍များ ဒီနေရာမှာ တခြားယောက်ျားတ ဦးတစ်ယောက်သာဆိုရင် တကယ့်ပွဲကြီးပွဲကောင်းပဲ ဒီမိန်းမကြီး တစ်ခုကံကောင်းသွားတာက မိန်းမဖြစ်နေလို့ပါပဲ

ဟူး…တက်ယမလွယ်တဲ့ဟာမကြီး။ သူတို့လို လူ တွေရှိနေလို့ ရွာနာတာ၊ သိက္ခာကျတာ။

အဲ…ကျွန်ုပ်ငတေဒီအတိုင်းသွားနေလို့ကတော့ လိုရင်းမြန်မြန်ရောက်မှာ မဟုတ်တော့ဘူး။ နောက်ထပ်





အကျိုးမဲ့၊ အချိန်ပုပ်တဲ့ လူတွေနဲ့တိုးရင် အခြောက်တိုက် ငတေတို့ ဒါသ ကိုယ့်စရိတ်နဲ့ကိုယ် ကြီးထွားရဦးမယ်။

အင်း…ဒီတော့ ဘယ်ပုံစံနဲ့သွားမလဲ။

အဲ…ဟုတ်ပြီ။ ရုတ်တရက် ပုံမဖမ်းမိအောင် ဟောဒီ လို ပုဆိုးခေါင်းမီးခြုံပြီး သွားမယ်။

"ဝုတ် ဝုတ် ဝုတ်"

"ဟာ…ဒီခွေး၊ သေနာကျကွာ"

"ဟဲ့…ဟဲ့ ခွေး ဟဲ့ ခွေး"

"ဝုတ်…ဝု…ဂိန် ဂိန်"

ကျွန်ုပ်ငတေ ကြံရာမရတဲ့အဆုံး လမ်းဘေးက အုတ် ခဲအပိုင်းအစနဲ့ ကောက်ထုလိုက်မိတယ်။ ခွေးတစ်မျိုးတည်း ကို သစ်ပြီးအော်ပြေးရော။

ချက်ကောင်းထိလို့တော့ မဟုတ်ဘူး။ တွဲတေးကထွက်တဲ့ အုတ်ခဲ ဘယ်လောက်နာမည်ကြီးမကြီးတော့ မပြောတတ်ဘူး သက်နဲ့ပစ်လိုက်တဲ့အရှိန်နဲ့ လေထဲမှာတင် 'ဖွာ' ခနဲ ပြန့်ထွက်ပြီး သားကိုလွှင့်စင်သွားခဲ့တယ်။

သူများအသားတော့ ပရမ်းပတာ ကိုက်ချင်တဲ့ခွေး၊ ကိုယ့်အသားနာမှာကျတော့ ကြောက်တတ်သား။ ဟင်း… ခွေးသွေးမစစ်လို့တူပါရဲ့၊ ကြောက်သံပေးပြီး တစ်မျိုးတည်း ကိုလစ်ပြေးရော။



www.burmeseclassic.com

www.burmeseclassic.com



"ဘောက်. . . ငါနယ့်ကွာ၊ တစ်ရွာလုံး ဘယ်နေရာ လွတ်ကင်းတယ်မရှိဘူး၊ ငါ့ဆို ပြဿနာရှာချင်တဲ့သူချည်းပဲ"

ဂျွန်ပ်ငတေ မကျေမနပ်ရေရွတ်ပြီး နဂိုမူလပုံစံအဟိုင်ပဲသွားရတော့တယ်။

"အင်း. . . အခုတလော ဂျွန်ပ်ငတေအတွက် ထူးခြားနေတာအမှန်ပဲ။ ဘာလုပ်လုပ်၊ ဘာကိုင်ကိုင် တစ်ရွာလုံးအရေးစိုက်ခြင်းကို ခံနေရတာ သတိထားမိတယ်။

ဟုတ်တယ်။ ဒါအမှန်ပဲ။ ဂျွန်ပ်ငတေအပေါ် တစ်ရွာလုံးရဲ့ လူတွေမကလမ်းဘေးခွေးကအစ အရေးစိုက်လို့ ဟောင်ဖော်ခံနေ ရရင် ဒါကျော်စောခြင်းတစ်မျိုးပဲလို့ ဂျွန်ပ်ငတေ မှတ်ယူရမယ်

နောက်ဆုံးတော့ ဂျွန်ပ်ငတေ ရသေ့စိတ်ဖြေနဲ့ပဲ လိုရာ ခရီးအရောက် ချီတက်ခဲ့တော့တယ်။

ရွာလယ်က ဆွမ်းလောင်းမွေရုံမှာ တစ်ညလုံးအိပ် စောင့်နေတဲ့ ဦးဝေငြိမ်းမောင်နဲ့ ဦးမာန်တို့ထံ ဂျွန်ပ်ငတေ ရောက်သွားတော့ ပုဂ္ဂိုလ်ကြီးနှစ်ဦးစလုံး ကောက်ညှင်းပေါင်း အိုးကြီးနဲ့ ရေနွေးကြမ်းအိုးတစ်လုံးအလယ်မှာချပြီး အလုအ ယက်ကို ဘုန်းပေး၊ အဲလေ. . . သုံးဆောင်တော်မူနေတာ တွေ့ရတယ်။

ဂျွန်ပ်ငတေ မြင်ကွင်းကိုကြည့်ပြီး အတွေးတစ်ခုနဲ့ အရု ရုတ်တရက်မျက်လုံးပြူးသွားရတယ်။





ဒါ. . . ဒါ ဘုန်းကြီးကျောင်းအတွက် ဝါဆိုသင်္ကန်းကပ်မှာ ကျွေးဖို့အတွက် မနေ့က ရွာထဲမှာ တစ်အိမ်တက်ဆင်းလိုက်ပြီး လှူခံရရှိထားတဲ့ ကောက်ညှင်းဆန်တွေ မဖြစ်ပါစေနဲ့။ ဖွဟဲ့. . . ဘုရားသိကြားနဲ့ အတွင်း ၃ရမင်း၊ အပြင် ၃ရမင်း၊ နတ်မင်းများ၊ မြေဖုတ်ဘီလူး၊ သရဲ၊ တစ္ဆေ၊ ပြိတ္တာ ပါမကျန် မစ,လို့ လွဲပါစေ ယပါစေဗျာ။

"ဟာ. . ငတေ လာ လာ၊ မင်းလာတာနဲ့ အတော်ပဲဟေ့၊ ဒီမှာ ငါတို့နှစ်ယောက် မင်းမြင်တဲ့အတိုင်းပဲ၊ တစ်ညလုံး မွေရုံမှာစောင့်အိပ်ရတာ ပင်ပန်းသွားလို့ အဟဲ ဝါဆို သင်္ကန်းကပ်မှာ ညော့သည်တွေကျွေးဖို့ အလှူခံရထားတဲ့ ကောက်ညှင်းဆန်များ ကောင်းမကောင်း တစ်ပြည်ချက်ပြီး အရင်စမ်းကြည့်နေတာကွ၊ ရော့. . . ရော့ဒီမှာ မင်းအတွက် ဝေစု"

"စားကြည့်စမ်း. . . ငတေ၊ ကောက်ညှင်းကောင်းမ ကောင်းတော့ မသိဘူးဟေ့၊ တို့နှစ်ယောက် ပေါ်တော်နဲ့တီး လိုက်တာ တစ်အိုးလုံးလျော့ပဲ၊ ဒါတောင် တို့စားနေတုန်း င်းကိုသတိရတာနဲ့ ဒီက ကိုဝေငြိမ်းအောင် စိတ်ယားကြီးလို့ င်းအတွက် ချန်ထားတာမောင်"

ဂျွန်ပ်ငတေ ဆုတောင်းဒီတစ်ခါ အလွဲကြီးကို လွဲသွား ပြီ။ ၎င်းတို့နှစ်ဦးရဲ့ ထုချေလွှာက တကယ့်ကို ကြီးကျယ် ခမ်းနားသွားတာမို့ ဂျွန်ပ်ငတေကြက်သေ,သေပြီး လိုက်သေ



www.burmeseclassic.com

www.burmeseclassic.com

အောင် ဖြစ်သွားရတော့တယ်။

ဒါလည်း ကျွန်ုပ်ငတေအတွက် အရပ်ထဲက ရလိုက်ရ

မမေ့နိုင်ဆုံးနေ့ပွဲထဲက မှတ်စုတစ်ပုဒ်ပါပဲခင်ဗျား။

(ရယ်မောခြင်းဖြင့် ဘဝအမောသတ်နိုင်ကြပါစေ။)

ဓနုတ်ကိုကို

(သောကြာ ၂၀၀၆-အောက်တိုဘာ



# လွမ်းရမှာလား
# ကမ်းခြေ



www.burmeseclassic.com

www.burmeseclassic.com

# လွမ်းရမှာလားတမ်းခြေ

"မောင်စာကလေး"

"ခင်ဗျား"

"ခင်ဗျား နောက်မှလုပ်၊ လူအရင် ဒီကိုလာ"

"ဟုတ်ကဲ့ ဟုတ်ကဲ့ဆရာ လာပါပြီ"

မနက်စောစောစီးစီး သံပွတ်သီးခြောက် နွားအနင်းခံ ရသလို ကျွန်ုပ်၏ခေါ်သံကြောင့် မီးဖိုချောင်အတွင်း စီမံချက်ပြုတ်နေသော တပည့်ကျော်မောင်စာကလေး ကျွန်ုပ်ထံ ချက်ချင်းပဲရောက်လာတော့၏။

"ဆရာ. . . ကျွန်တော့်ကို ဘာခိုင်းစရာရှိလို့လဲ၊ ထုံးစံအတိုင်း ဦးမြေကြီးလက်ဖက်ရည်ဆိုင်မှာ 'ဘော' ပါဆယ်သွားဆွဲရမလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး"

"ဗျာ"

"မင်းဟော်ဟော်ချက်ပါလား၊ ငါ့စကားဆုံးအောင် နား မထောင်ဘူး ကင်ရာလျှောက်ပြောမနေနဲ့"

သည်တော့မှ တပည့်ကျော်မောင်စာကလေး အသာ ငြိမ်ကုပ်သွားပြီး ကျွန်ုပ်ရှေ့ ရိုကျိုးစွာဝင်ရပ်၏။

"ဒါ ဒါဆိုရင်ဘာများလဲ ဆရာ 'တောင်စလန် စာေ တိုက်က ဦးလုပြုံးနိုင်ကြီးဆီ ငွေတော့ထပ်မချေးနိုင်းပါနဲ့ ဆရာ ဆရာငွေလိုကိုင်း သွားသွားချေးရလွန်းလို့ တပည့်မျက်နှာ ဆီမပါတဲ့ ပါးအိုးလေးကပ် ဖြစ်နေပါပြီဆရာ"

"ဟာကွာ. . . မင်းထင်တာတွေ ဘာတစ်ခုမှ မဟုတ်ဘူး ဒီနေ့ပဲ ငါတို့ခရီးထွက်ရမယ်၊ အဲဒါ အဆင်သင့် လုပ်ပေတော့"

"ဗျာ"

"လာပြန်ပြီ ဒီဗျာ၊ ငါပြောတာ မင်းနားမလည်ဘူးလား"

"ဟို. . . ဟို နားလည်ပါတယ်ဆရာ"

"နို့ ဒါဖြင့်ရင် ဘယ့်နှယ်ကြောင့်အံ့သြနေတာတုံး မင်းဆရာဒီလောက်အထိ အံ့သြစရာကောင်းရင် ကမ္ဘာကျော် စာရေးဆရာဖြစ်နေတာ ကြာပြီကွ သိလား"

"ဆရာခရီးထွက်မယ်လို့ ရုတ်တရက်ကြီးကြားရတော့ တပည့်အံ့သြသွားလို့ပါ"





တပည့်ကျော်စာကလေးက မယုံကြည်နိုင်သေးသော အမူအယာဖြင့် ရှိနေဆဲ။

"ဒါ. . . ဘာမှအံ့သြစရာ မဟုတ်ဘူး။ အံ့ဒီ အံ့သြ စရာထက် ဆိုးတဲ့ပြဿနာတွေ မကြာခင်မဖိတ်ခေါ်ဘဲ ပေါ် လာတော့မယ်။ အခုတစ်လော မင်းဆရာငါ ဘာတွေဖြစ်နေ သလဲဆိုတာ မင်းသိလား"

ကျွန်ုပ်ကြိမ်ကုလားထိုင်ပေါ်က ထရပ်ပြီး မေးလိုက်၏။ တပည့်ကျော်စာကလေးကား ကျွန်ုပ်ကိုမမြင်ဘူးသည့်အလား ပြူးကြောင်ကြောင်ကြည့်ရင်း ပါးစပ်ကလည်း အဟောင်းသား။ ပြီးတော့ ဟက်ခနဲ ရယ်လိုက်ပြီး။

"ဟာ. . . သိပ်သိတာပေါ့ဆရာရယ်၊ ဆရာအိမ်ထဲက အိမ်ပြင်မထွက်ဘဲ ထိုင်နေတယ်၊ ညောင်းတဲ့အခါ အိမ်ထဲမှာပဲ လမ်းထလျှောက်တယ်။ ပြီးတော့ မိုက်ဆာရင် တပည့်ကြီး ချက်ပြုတ်ထားတဲ့ ထမင်းကိုစားတယ်၊ အိမ်သာတက်တယ်၊ ရှူးရှူးပေါက် ပေါက်"

"ဟေ့ကောင် တော်စမ်း၊ မင်းကို ငါ ဒါတွေ စစ်တမ်း ထုတ်နေတာ မဟုတ်ဘူး၊ ငါ့ရဲ့လုပ်ငန်းကိစ္စနဲ့ စိတ်ပိုင်းဆိုင် ရာအခြေအနေကို မေးနေတာ။ မင်းငါ့ရဲ့တပည့်လုပ်ပြီး နေ့နေတာ အနှီးရင့်နေပြီ။ ဒီလောက်အထိ ဆရာ့ရဲ့အခြေအနေကို မသုံးသပ်မိတာ၊ နားမလည်တာ မင်းလောက်တုံးတဲ့ ညံ့တဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



ဒီကမ္ဘာမှာ မရှိနိုင်တော့ဘူး။ အေး. . . မင်းတကယ် မသိဘူးဆိုရင် ငါပြောမယ်၊ အခုတစ်လော ငါ စာလည်း ဟုတ်တိပတ်တိမရေး ဖြစ်ဘူး၊ မရေးဖြစ်တော့ ဝင်ငွေမကောင်းဘူး။ ဝင်ငွေမကောင်း တော့ စားရေးသောက်ရေး ပြတ်တယ်၊ စားရေးသောက်ရေး ပြတ်တော့ ကြိုတင်ငွေတွေ ထုတ်ရတယ်၊ ကြိုတင်ငွေတွေထုတ် တော့ အကြွေးပတ်လည်ဝိုင်းလာပြီ။ အခု. . . အဲဒီကြွေးပတ် လည်ဝိုင်းတဲ့ ကိစ္စအတွက် ငါ နေ့စဉ်ခေါင်းကိုက် ချူချာ နေရတယ်ကွ မင်းသိလား''

''ဒီကိစ္စကို တပည့်လည်းသိပါတယ်ဆရာ၊ ဒါပေမယ့် ဆရာကိုယ်တိုင်တောင် ခေါင်းကိုက်နေတယ်ဆိုရင် ဆရာ့ကို မှီခိုနေရတဲ့တပည့် ခေါင်းကွဲရုံပဲ ရှိလိမ့်မပေါ့ဆရာရယ်''

ကျွန်ုပ်က အခြေအနေအရပ်ရပ်ကို ခင်းပြလိုက်သည့် အခါမှာတော့ သည်ကဲ့သို့ တပည့်ကျော်စာကလေးထံမှ ရေနစ်သူ ဝါးကူမထိုးပေးနိုင်သောစကား။

ဒါကြောင့်. . . အဲဒီကိစ္စတွေ ပြေလည်လိုပြေလည်ငြား အကြံကောင်းတစ်ခုရအောင် ခရီးထွက်ဖို့ ရွေးချယ်လိုက် ဘာ

''အဲဒီလိုခရီးထွက်လိုက်ရုံနဲ့ ဆရာ့ကိစ္စတွေ တကယ် ပြေလည်သွားလိမ့်မယ်လို့ရော ဆရာယုံကြည်ထားသလား''

''ဒါကတော့ အတတ်မပြောနိုင်ဘူး၊ ဒါပေမယ့် လတ်တလော ကြွေးရှင်တွေနဲ့ ရင်မဆိုင်ရဖို့က အဓိကပဲ''





ကျွန်ုပ်စကားအဆုံးတွင် တပည့်ကျော်စာကလေး နား လည်သဘောပေါက်သွားဟန်ဖြင့် တစ်စုံတစ်ရာကို တွေးသည်။ နဖူးကြောရှုံ့သည်။ မျက်လုံးကိုဒေါင့်ကမ်းသည်။ ပြီးမှ . . .

''ဆရာထွက်မယ့်ခရီးက ဘယ်ကိုလဲ၊ တပည့်ကော လိုက်ရမှာလား''

''မင်းကိုယ်တိုင် လိုက်ရမယ်၊ ခရီးက လက်ခုပ်ကုန်း ကမ်းခြေ''

''ဗျာ. . . လက်ခုပ်ကုန်းကမ်းခြေ ဟုတ်လားဆရာ၊ လက်ခုပ်ကုန်းဆိုတာ ကျွန်တော်တစ်ခါမှ မကြားဖူးဘူး''

''အင်း. . . အဲဒီကမ်းခြေဟာ ဒလမြို့ကနေသွားရင် မိုင်ပေါင်း နှစ်ဆယ်ကျော်တယ်၊ နေ့တက်မြို့သစ်ရဲ့ ဟိုဘက် အလွန် ကဗျာစာဆိုကြီးမင်းသုဝဏ်ရဲ့ဇာတိ၊ ကွမ်းခြံကုန်း မြို့နဲ့လည်း နီးတယ်၊ အထူးသဖြင့် အဲဒီလက်ခုပ်ကုန်းကမ်း ခြေဟာ ချောင်းသာတို့ ငပလီတို့၊ ငွေဆောင်တို့လိုပဲ အင်မတန်အပန်း ဖြေစရာ ကောင်းတာကလား''

''ဟာ. . . ဒါဆိုရင်တပည့်လုံးဝ ကြိုက်သွားပြီ ဆရာ ရဲ့ယ် မိန်လေကောင်းလေပဲ ဟီး. . . ဟီး''

''ထွီ. . . သေနာကောင် ဒါမျိုးကျတော့ နွားသိုးကြီးပြုံးသလို''

''ဟဲ. . . ဟဲ ဒါက ဆရာ့ရဲ့တပည့်ပီသလွန်းလို့လေ ဆရာရဲ့၊ ဟဲ. . . ဟဲ''



www.burmeseclassic.com

www.burmeseclassic.com



တပည့်ကျော်စာကလေးမှာ သူ့စကားသူသဘောကျ သလိုမျိုးဖြင့် ကျွန်ုပ်ကိုလည်း ဟွယ်လိုက်သောသဘောမျိုး သက်ရောက်သွား၏။ ရှိစေတော့လေ။ ဒါကလည်း ကျွန်ုပ် စကားနှင့် ကျွန်ုပ်ကို ပြန်ချည်လိုက်သည့်သဘောပါပဲ။

ပြီးတော့လည်း ဒီဆရာနှင့် ဒီတပည့်အတူတကွ လက် တွဲပေါင်းသင်းလာခဲ့သည်မှာ ကြာပြီဖြစ်သလို ကျွန်ုပ်အတွက် အစစအရာရာ အားကိုးအားတားပြုနေရသော တပည့် ကျော်တစ်ဦးဆိုလျှင် မမှား၊ ၎င်းလူဖြစ်လာ၍သော ကျွန်ုပ် မောင်မောင်ဖော်သည်လည်း မထင်မရှားဆိုတာထက် ကိုယ် နေထိုင်ရာ ရပ်ကွက်လောက်သာ လူသိများသော စာရေးဆရာ ထွက်ဦးဘဝ ပိုင်ဆိုင်ရတာ။ နို့မဟုတ်လျှင် ကိုယ်နေထိုင် ရာရပ်ကွက်လောက်ပင်သိသော စာရေးဆရာမျိုးတောင် ဖြစ် လိမ့်မည်မဟုတ်ပေ။

အထူးသဖြင့် ၎င်းသည်ကျွန်ုပ်အတွက် မည်မျှအထိ အားကိုးအားထား ပြုရသလဲဆိုပါလျှင် အိမ်ထောင်ရှင် တစ်ဦးထက်ပင် အိမ်တွင်းမှု အတတ်ပညာနှင့်တကွ အပြင် ကိစ္စတစ်ချို့ပါ မျက်နှာလွှဲအားကိုးရပါသည်။ ချက်ရေးပြုတ် ရေးမှအစ အလျှော်အဖွတ်အပြင် စားသောက်မှုအတွက်ပါ စီမံခန့်ခွဲပေးနိုင်သူပါတည်း။

သည့်သဟာကြောင့်. . .





ကျွန်ုပ် ၎င်းအပေါ် တော်ရုံတန်ရုံကိစ္စလောက်ဖြင့် အပြစ်မမြင်။ တစ်ခါတစ်ရံ စိတ်ထဲကပါသည်မဟုတ်ဘဲ ပါးစပ်ထဲရှိ၍သာ မာန်မဲဆူငေါက်ခြိမ်းခြောက်ဟန့်ခြင်းလောက်ပင် ရှိလေ၏။

ထိုပြင် ၎င်းသည် ကျွန်ုပ်နှင့်ပုလင်းတူဘူးဆို့ဟု ဆိုရ လောက်အောင် ဘဝကံအကျိုးပေးတူ၏။ ဖခင်မဲ့ပြီး မိခင်နှင့် အဝေးကြီး ခွဲခွာနေရသော ဘဝမျိုးဖြစ်သည်။ ထိုကဲ့သို့ အကြောင်းတရားတူညီခြင်းက ပေါင်းဖက်နေထိုင်မှုအတွက် သေဒင်စကားနှင့်ပြောရလျှင် ဓာတ်တူနာမ်တူ စိတ်ဓာတ်ကျ နေခြင်းပင် ဖြစ်သည်။

''ကဲကွာ. . . ပြောနေတာကြာတယ်၊ လိုအပ်မယ့် ခရီး ဆောင်ပစ္စည်းတွေ အမြန်ဆုံးစီစဉ်ပေတော့ နေ့လယ်စာ စားပြီးရင် ခရီးထွက်မယ်''

ကျွန်ုပ်၏ တစ်ချက်လွှတ်အမိန့်သံနှင့်အညီ တပည့် ကျော်စာကလေးလည်း တသွေမတိမ်းဆိုသလို ခရီးဆောင် သေတ်ထဲသို့ အသုံးအဆောင်ပစ္စည်းများ ထည့်ခြင်း၊ ထုပ်ခြင်း စသည်ကိစ္စတက်ကြွစွာ စီစဉ်နေတော့သည်။

♛♛♛♛♛



www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်စာ စာပြီးချိန်၌ ကျွန်ုပ်တို့ဆရာတပည့် ...
စတင်ထွက်ခွာလေတော့၏။

ပထမဦးဆုံးမြို့ထဲမှ ပန်းဆိုးတန်းဆိပ်ကမ်းသို့ ကားနှင့်လာ...
ထိုမှတဆင့် ဒလဆိပ်ကမ်းသို့ သင်္ဘောဖြင့်ကူးပြီး ဒလမြို့မှတဆင့်
လက်ခုပ်ကုန်းကမ်းခြေအရောက် ပြေးဆွဲလျက်ရှိသော လိုင်းကား
ဖြင့် လိုက်ပါသွားခဲ့၏။

ညနေစောင်းအချိန်မှာ လက်ခုပ်ကုန်းကမ်းခြေသို့ ရောက်
သည်။ ရောက်သည်ဆိုလျှင်ပဲ ကျွန်ုပ်တို့ ဆရာတပည့် နှစ်ဦး...
ဈေးအသက်သာဆုံးနှင့် စားသောက်ရေးအဆင်ပြေသော
ဘန်ဂလိုတစ်ခုတွင် တည်းခိုလိုက်ကြသည်။

သည်သို့. . . ရောက်ရှိပြီး နောက်တစ်နေ့နံနက်၌ ကျွ...





...တို့တည်းခိုရာ ဘန်ဂလိုနှင့်မနီးမဝေး ဈေးအမြင့်ဆုံး ဘန်ဂလိုတစ်ခု
...တွင် လွှန်စွာမှမျက်စိကျ သရေယိုချင်စရာ ကောင်းလှသော
...ပျိုးများမိန်းကလေးသုံးဦး လာရောက်တည်းခိုကြ၀ဘ တွေ့ရှိရလေ၏။

သည်ကဲ့သို့ အခြေအနေက ကျွန်ုပ်မောင်မောင်ဇော်
...တွက် စားရက်ကြံ၍မှတ်ဆိတ်ပျားဆွဲကြောင်း သတ်မှတ်
...သကာလ နဂိုကတည်းက မိန်းကလေး ချောချောလှလှ မြင်လျှင်
...ကြောင်' ချက်ကမ်းကုန်တတ်သော ကျွန်ုပ်ဝါကျအတိုင်း 'ကြောင်'
...သာချောင်းနေပါတော့သည်။

"ဆရာ. . . ကြည့်စမ်းဗျား ကောင်မလေးတွေက အပျံ
...းပဲနော်၊ တော်ရုံတန်ရုံလူစားမျိုး ဂရုစိုက်မယ့်အဆင့် ရှိပုံ
...ပါဘူး၊ ရေလောင်းနိုင်မှကျမယ့် ရုပ်မျိုးတွေဆရာရဲ့"

မိန်းကလေးများနှင့်ပတ်သက်ပြီး အရေးတယူပြော လေ့ပြောထ
...သော တပည့်ကျော် စားကလေးပင် ပြောဆိုခန့်မှန်းနိုင်ပြီဆိုမှတော့
...နုပ်တွက်ကိန်းအဖို့ သွေးထွက်အောင်မှန်ဖို့ ဆိုဖွယ်ရာမရှိပြီ။

ထို့ကြောင့် ဤကိစ္စအား အကောင်အထည်ဖော်ရန်
...ဖြတ်လိုက်ပြီး ထိုမိန်းကလေး မချောလေးများနှင့် နီးစပ်ရန်
...နည်းဆိုရလျှင်) 'ကြောင်' နိုင်ဖို့ ကျွန်ုပ်တို့ဆရာ တပည့်နှစ်ဦး
...ဦးနောက်၊ လိပ်ဦးနှောက်များဖြင့် ဉာဏ်နီဉာဏ်နက်တို့ကို
...ခုတ်သုံးပါတော့သည်။

♛♛♛♛♛



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ မနက်။ လက်ခုပ်ကုန်းကမ်းခြေ... လျှောက်လုံး တ 'ဝုန်းဝုန်း' လှိုင်းရိုက်သံများဖြင့် သာယာနေသ... နေမင်းကြီးက ကွမ်းတံတွေးရောင်ပက်၍ လောကကြီး... ကွမ်းစားသမားအဖြစ် သိမ်းသွင်းဖို့ စည်းရုံးနေချိန် ဖြစ်သည်။

"ဆရာ ဒီပစ္စည်းတွေ အမြန်ဆုံးဝတ်ဆင်လိုက်ပါ၊ ဒါဆိုရင် ဆရာ့ဆန္ဒမျက်နှာပွင့်သွားမှာ သေချာတယ်"

ထိုအချိန်မှာ ကျွန်ုပ်မကောင်းသော အကြံဉာဏ်များ... ခေါင်းထဲက အကုန်ယုပ်နေချိန်ဖြစ်သည်။ တပည့်ကျော်... စာကလေးကရောက်လာပြီး အထက်ပါအတိုင်းပြော၍ ... စုံတစ်ရာတို့ကို ကျွန်ုပ်အား ပေးလာသည်။ ကျွန်ုပ်ကြည့်လို... တော့ ပါးစပ်အဟောင်းသားနှင့် အံ့အားတသင့်။





"ဟင်... ဒီပစ္စည်းတွေကို မင်း ဘယ်ကရခဲ့တာလဲ"

ကျွန်ုပ်ကပြောပြီး စာကလေးကိုတစ်ပုံသည်၊ ၎င်း၏ ...က်ထဲက ကျွန်ုပ်လိုအပ်လျှင် အမြဲထုတ်သုံးနေကျ ရွှေရည် ...ရည်စိမ်သော ဦးတင်ထိုင်ဆိုင်မှ ငှားရမ်းယူထားသည့် ရွှေရည်စိမ်... ဆွဲကြိုးနှင့် ဟမ်းချိန်းကြိုးတို့ကို တစ်လှည့် ကြည့်နေ...။

"ဟာ... ဟဲ ဘယ်ကမှမရပါဘူး ဆရာရယ်၊ ဒီမှာ ...ရှာရိုက ... စာကလေးပါဗျ၊ ဆရာ့အတွက် ဒီရောက်ရင် ...စ်နည်း... ...ဝင်လိမ့်မယ်ဆိုတာ ကြိုသိလို့ ထည့်ယူ ...ာခဲ့တာ..."

"အဲဟ... ဒီတစ်ခါတော့ မင်းသိပ်တော်သွားပြီ ...ကလေးရေ၊ ရန်ကုန်ပြန်ရောက်ရင် ရန်ကင်းကဦးမာန်ကြီး 'ရွှေလင်းပိုင်' စားသောက်ဆိုင်မှာ အပြုတ်ကို အကြွေးနဲ့ ...တ်ပြုပေးမယ် ဟုတ်လား။ အခုတော့ သည်းခံလိုက်ပါဦး ...ပည့်ရဲ့"

ထိုကဲ့သို့ ပြောလိုက်ပြီးသကာလ ကျွန်ုပ်သည် တပည့်ကျော် ...ာကလေး ယူဆောင်လာပေးသော ရွှေရည်စိမ်လက်ဝတ် ...က်ဘာများကို နေသားတကျ ဝတ်ဆင်လိုက်ပါ၏။ ပြီးတော့ ...ေါင်းဟုံနှင့် လိုက်ဖက်မည့် ငှားရမ်းယူလာခဲ့သော အဝတ်အစား ...စ်စုံကိုလည်း ရှိုးအပြည့်၊ ဂိုက်အပြည့်တွဲဖက် ဝတ်ဆင်လိုက်...



www.burmeseclassic.com

www.burmeseclassic.com



သည့်အခါ ကျွန်ုပ် မောင်မောင်ဇော်ကား ဖွတ်က ပထွေးခေါ် သော စာရေးဆရာ၊ ကဗျာဆရာတစ်ယောက် မထင်ရတော့ ကုမ္ပဏီပိုင်ရှင် သူဌေးမလေးရုပ် အရှင်လတ်လတ် ပေါက်သွား တော့၏။

''ကိုင်း ဘယ့်နှယ်လဲ တပည့်ရဲ့၊ မင်းဆရာပုံဒီအတိုင်း ဝတ်ဆင်လိုက်တော့ ပြောင်းမသွားပေဘူးလား၊ ကုမ္ပဏီပိုင် ရှင်လိုလို၊ သူဌေးသားလိုလို''

''ပြောင်းတာမှ တစ်ခုတည်းမဟုတ်ဘူးဆရာရဲ့ အကုန်လုံးကို ပြောင်းတာ၊ တပည့်တောင်ဆရာ့ကိုကြည့်ရင် ကြည့်ရင်း စိတ်ပြောင်းချင်လာပြီဗျ''

''ဟော့ကောင်. . . ယောကျ်ားချင်းဆိုတာ စိတ်နဲ့တော မပစ်မှားကောင်းဘူးကွယ့်၊ ကံကြီးထိုက်တတ်တယ်၊ ကဲ. . . ထားပါလေ။ အခု ဆရာ့ကိစ္စအတွက် မြန်မြန်အကောင်အထည် ဖော်ကြစို့၊ တော်ကြာ. . . ကိုယ့်ထက်ဦးတဲ့ လူတွေ့သွား ဒီလက်ခုပ်ကုန်းကမ်းခြေမှာ ဆရာ့အသည်းတွေ မြုပ်နှံခဲ့ရ မယ်''

ကျွန်ုပ်က စကားသိမ်းပွဲပြုလုပ်ငိုက်သောအခါ တပ ကျော်စာကလေးကား ဆရာကောင်းတပည့်ပီသစွာ ပြုလုပ်ဆော ရွက်ပါတော့သည်။

ပြုလုပ်ဆောင်ရွက်ခြင်းဆိုသည်မှာ တခြားတော့ မဟုတ်

ကျွန်ုပ်တို့ထုံးစံအတိုင်း မိန်းမချောကလေးများ ကမ်းခြေအအေး ဆိုင်တွင် အပန်းဖြေပြီး လက်ပံပင်ဆက်ရက်ကျသလို စကားလက် ဆုံကျနေစဉ်အခိုက် ကျွန်ုပ်တို့ဆရာ တပည့်နှစ်ဦး ဝင်ရောက်လိုက် ခြင်း ဖြစ်သည်။

မြို့ကြီးသူများ ပီသသော ထိုမိန်းကလေးများသည်လည်း ရွှေရည်စိမ်ပစ္စည်းများကောင်းမှုကြောင့် သူဌေးရုပ်ပေါက်နေသော ကျွန်ုပ်လက်ရှိအခြေအနေကြောင့်လည်းကောင်း၊ စကားပြောရာ (တစ်ဘက်နှင့်တစ်ဘက်စေ့စပ်ရာ)မှာ အလွန်တော်သော တပည့်ကျော်စာကလေး၏ အလှော်ကောင်းမှုကြောင့်လည်း ကောင်း၊ ထိုမိန်းမချောကလေးများမှာမူ ကျွန်ုပ်အား တကယ့်ကုမ္ပဏီပိုင်ရှင် သူဌေးကလေးအဖြစ် ထင်မှတ် ယုံကြည်ကာ ခရီးအတော်ကလေး ရောက်ရှိခဲ့ခြင်းကြောင့် ဖြစ်သည်။

ထိုမိန်းမချောကလေးများအနက် မကြည်ပြာဟု အမည်ရသော မိန်းမချောလေးတစ်ဦးမှာဆိုလျှင် ကျွန်ုပ်နှင့် မည်မျှအထိရင်းနှီးခရီးရောက်သွားခဲ့သည် ဆိုရပါက ကမ်းခြေ ဘက်နှစ်ဦးတည်း စကားပြောနိုင်သောအဆင့်ထိပင် မျှော် မှန်းထားသည့်အခြေအနေထက် ပို၍ပို၍ တိုးတက်သွားခဲ့ကြောင်း ဖြေရပါလိမ့်မည်။

သည်လိုဖြင့် မိန်းမချောကလေး မကြည်ပြာနှင့် ကျွန်ုပ်





www.burmeseclassic.com

www.burmeseclassic.com



အအေးဆိုင်အတူထိုင်ဖြစ်သည်။ ကမ်းခြေအတူလျှောက်ဖြစ်သည်။ ထမင်းအတူစားဖြစ်သည်။ စကားတွေအတူ ပြောဖြစ်သည်။ တစ်ယောက်အပေါ်တစ်ယောက် ယုံကြည်ကာ သံယောဇဉ်ဂမ်းတွေ တဖြည်းဖြည်း သောင်တွန်းလာသည်။

ထိုကဲ့သို့ အခြေအနေတိုးတက်ပြီး ရက်သတ္တနှစ်ပတ်မြောက်နေ့၊ ထိုနေ့တွင် မိန်းမချောကလေး မကြည်ပြာအား ကျွန်ုပ်ချစ်ရေးဆိုဖို့ ကမ်းခြေဘန်ဂလိုနှင့် မနီးမဝေးအအေးဆိုင်ကလေးတွင်ထိုင်ပြီး ကြံစည်ကြိုးပမ်းနေခိုက် မထင်မှတ်သော ရိုက်ကွင်းအပြောင်းအလဲ အပြောင်းအလဲက'မြူနီး' ဆို ပေါ်ပေါက်လာတော့၏။

''ဟင်. . .တူမကြီး မကြည်ပြာ၊ ဦးသင်းနွယ်ဖြင့် ရှာလိုက်ရတာကွယ်၊ ပေလီ၊ ချောင်းသာ၊ ဗက်စ်ဲ၊ ငွေဆောင် ကမ်းသာယာ၊ အို. . .မုံလို့ပါပဲကွယ်၊ တွေ့မယ်တွေ့တော့ လည်း ဒီလိုလူသိနည်းပြီး ချောင်ကျတဲ့လက်ခုပ်ကုန်းကမ်းခြေမှာ လာတွေ့ရတယ်လို့၊ ဟိုမှာ သမီးအမေ အသည်းအသန် နေမကောင်းဖြစ်လို့ ဆေးရုံတင်ထားရတယ်၊ ဒါကြောင့် ဦးသင်းနွယ်ကိုယ်တိုင် မြန်မာပြည်ပတ်ပြီး သမီးကိုရှာပုံတော် ဖွင့်ခဲ့တာ''

ထိုကဲ့သို့စကားနှင့် ပုဂ္ဂိုလ်ဦးသင်းနွယ်ဖြစ်သူကို ကျွန်ုပ် ဆုံတွေ့လိုက်ရပြီးအခိုက်မှာ ကျွန်ုပ်ပေါ်တိုင် နှုန်းစိတ်ပင် မဟုတ်





ဆယ့်လေးစိတ်လောက်ကွဲသွားရတော့၏။

ဦးသင်းနွယ်သည်လည်း မကြည်ပြာအပေါ် အရေးတယူ အာရုံရောက်နေ၍ ကျွန်ုပ်အားရုတ်တရက် သတိမထားမိသေးဘဲ ၎င်းတို့အကြောင်းအရာကိစ္စ ပြောဆိုပြီးစီးသွားသော အခါမှ မကြည်ပြာဘေးရှိ သူနိုးလူမိသည့်ကဲ့သို့ ရုပ်မျိုးပေါက် နေသော ကျွန်ုပ်အား သတိထားမိချင်းချင်းပင် ပထမအံ့သြသွား၏။ ဒုတိယ ဘီလူးသံပုရာသီးကိုက်သလိုပုံစံ မျက်နှာပြောင်းသွား၏။

''ဟင်. . .လက်စသတ်တော့ ငါ့တူမကြီးနဲ့တွဲနေတာ ဘယ်သူများမှတ်တယ်၊ စာရေးဆရာ၊ 'ကဗျာဆရာ မောင်မောင်ဇော် ဖွတ်ကျားပဲကိုး၊ နေစမ်းပါဦး မောင်မောင်ဇော်ရဲ့ မင်းသတင်းက ရန်ကုန်စာပေလောကတစ်ခုလုံး ပြောင်းဆန်နေလို့ပါလား၊ စာပေတိုက်တွေမှာ ဝတ္ထုဘယ်နှစ်အုပ်ရေးပေးမယ်ဆို ကြိုတင်စာမူခငွေထုတ်တဲ့အပြင် ဘာဖြစ်လို့၊ ညာဖြစ်လို့ ငွေချေးခဲ့တဲ့ လူတွေလည်း မနည်းတော့ဘူး၊ အဲ့ခုအဲ့ဒီ အကြွေးတွေ မပေးနိုင်လို့ ရန်ကုန်ကနေ ထွက်ပြေးသွားတယ်ဆိုတာ ဟုတ်သလား''

''ဗျာ ဒီ. . .ဒီကိစ္စ''

ကျွန်ုပ်မည်သို့မျှ မဖြေနိုင်တော့ဘဲ ပါးစပ်အဟောင်းသား ဖြစ်နေမိ၏။ ထိုအချိန်၌ မကြည်ပြာကား ကျွန်ုပ်၏ အမူအရာနှင့် အဖြေတို့ကိုအမည်ဖော်မပြတတ်သော ပုံစံမျိုးနှင့် ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



စောင့်နေဟန်ရှိလေသည်။

"ဟုတ်ပါတယ်၊ မင်းသေချာပါပြီ မောင်မောင်ဇော်ရယ်။ ကဲ ဒီတစ်ခါတော့ မင်းလုံးဝရှောင်ပြေးလို့ မရတော့ဘူးမှတ်။ ပါ့ဆီမှာ ကြိုတင်စာမူခ ထုတ်ထားတဲ့အပြင် သုံးကြိမ်တိတိလာပြီး ချေးထားတဲ့ ငွေသုံးသောင်းပေးပါ"

ဦးသင်းနွယ်၏ စကားများမှာ ကျွန်ုပ်အားဒလစပ် မရပ်မနားပြောသည်က ဆိုးလှသလို၊ ကျွန်ုပ်လုပ်ကြံဖန်တီးကာ မကြည်ပြာ၏အချစ်အား လိမ်ညာယူရန်ကြိုးစားနေသောကိစ္စလည်း ကျားရှေ့မှောက်ရက်လဲသလို ကြုံရပြီ။

"ကျွန် . . . ကျွန်တော်ပေးပါ့မယ်ဗျာ၊ ရန်ကုန်ရောက်တဲ့အထိ သည်းခံပါဦး"

ကျွန်ုပ် သည်စကားမျိုးသာ ပြောလိုက်နိုင်၏။ ပြောပြီး ကျွန်ုပ် မကြည်ပြာ၏မျက်နှာကို လှမ်းကြည့်လိုက်ချိန်၌ မကြည်ပြာသည် ကျွန်ုပ်အား မမြင်ဘူးသည့်လူတစ်ဦးနှယ် ကြည့်ကာ အံကိုတင်းတင်းကြိတ်သည်။ လက်သီးကို ကျစ်ကျစ်ဆုပ်သည်။ နှုတ်ခမ်းကို ပြတ်လုမတတ်ကိုက်သည်။ မျက်လုံးကို ဝိုင်းစက်နေအောင် ပြူးကျယ်ထားသည်။

"တောက် . . . ရှင်တော်တော်အောက်တန်းကျပြီး လိမ်ညာတဲ့သူ၊ ရှင့်ကို . . . ရှင့်ကို"

မကြည်ပြာက ကျွန်ုပ်အား လက်ညှိုးငေါက်ငေါက်ထိုးကာ





မျက်နှာလက်ဝါးနှင့်အုပ်၍ အပြေးတစ်ပိုင်းနှင့် ထွက်သွားလေတော့၏။

"ကြည်ပြာ . . . ကြည်ပြာ . . . ကိုယ် . . . ကိုယ်ရှင်းပြ . . . ပြ"

ကျွန်ုပ်စကားပင်မဆုံးလိုက် မကြည်ပြာက အဝေးသို့ရောက်သွားလေပြီတကား။

ကျွန်ုပ်သည်လည်း ချက်ချင်းပင် နေရာမှသွားသိုးကြိုးပြတ်ပြေးထွက်ခဲ့ရလေတော့၏။

ဦးသင်းနွယ်၊ တပည့်ကျော်စာကရေးနှင့် ကျွန်ုပ်အရေးဖြစ်နေချိန် အနားသို့ရောက်ရှိလာကြသော မကြည်ပြာ၏ ... ပေါင်းမိန်းမစာရေးများအားလုံး ကျွန်ုပ်၏လုပ်ရပ်မှ ... ဘာအံ့တကြည့် ဖြစ်ကုန်ကြ၏။

ကျွန်ုပ်ကိုကဲ့သို့ ဘာကြောင့်အယားဖားယားပြေးထွက်ပါသလဲဆိုလျှင် ကျွန်ုပ်တို့နှင့် ခပ်လှမ်းလှမ်းသို့ ရောက်ရှိဖြစ်သော မကြည်ပြာတစ်ယောက် အုန်းသီးစိမ်းတစ်လုံးကို လှုတ်တိုက်မိ၍ ဟပ်ထိုးလဲကျသွားသော မြင်ကွင်းကို တွေ့လိုက်ရခြင်း ဖြစ်ချေတော့၏။

(ပျော်ရွှင်ချမ်းမြေ့နိုင်ကြပါစေ)

နေတ်ကိုကိုဇော်

(ဒေသာကြာမဂ္ဂဇင်း၊ ၂၀၀၆-နိုဝင်ဘာလ)



www.burmeseclassic.com

www.burmeseclassic.com

**စာမူကာလောင်ရှင်သစ်များဆီသို့ သတင်းကောင်းပါးခြင်း. . .**

စိန်မိုးယံစာပေတိုက်မှလစဉ်ထွက်ရှိသော

၁။ ဝရဇိန် (ပရဆန်းကြယ်ဂမ္ဘီရဝတ္ထုတိုများ)

၂။ ဝရဇိန် (ပရဆန်းကြယ် လုံးချင်းဝတ္ထု)

၃။ ဂမ္ဘီရဝိဇ္ဇာဥ် (ပရဆန်းကြယ်ဂမ္ဘီရဝတ္ထုတိုများ)

၄။ ဂမ္ဘီရတစ္ဆေ (ပရဆန်းကြယ် ဂမ္ဘီရဝတ္ထုတိုများ)

တွင်ဖော်ပြရန် စာပေဝါသနာပါသူ ကလောင်ရှင်အသစ်များ အနေနှင့် ပရဆန်းကြယ်ဂမ္ဘီရပတ္ထုတိုများကိုပေးပို့နိုင်ပါသည်။

စာမူရေးသားရာတွင် A4 စာမျက်နှာ(၈)မျက်နှာ (၁၂)မျက်နှာအတွင်း ရေးသားပေးပို့ရပါမည်။ ကိုယ်တွေ့ဖြစ်ရပ်ဆန်း ဂမ္ဘီရ ပရလောကနှင့်သက်ဆိုင်သော သရဲ၊ သရဲ၊ ဝိဉာဉ်အ ရှိသည့် အကြောင်းရာများကို ဦးစားပေးရေးသားပေးပို့နိုင်ပါသည်။

စာမူဖော်ပြခံရပါက စာမူခနှင့်စာအုပ်လက်ဆောင်များ ပေးမည်ဖြစ်ပါသည်။

စာမူရေးသားပေးပို့လိုပါက -

ဓာတ်ပုံ(၂)ပုံ၊ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်အမှတ် နေရပ်လိပ်စာ၊ ကိုယ်တိုင်ရေးစာမူဖြစ်ပါကြောင်းဝန်ခံကတိများနှင့် အတူ ပေးပို့နိုင်ပါသည်။

**စာမူကိစ္စနှင့်ဝေဖန်အကြံပေးလိုပါက -**


အမှတ်(၄၇)၊ ပထမထပ်၊ အင်းဝလမ်း၊ ကျောက်မြောင်းအုပ်ကွက်၊

တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း ၀၉၅၁၀၀၉၃၇

# ကျွန်ုပ်ငတေနှင့်

# "ဘူး" ကွဲရသော အမှာရွတ်များ



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်ုပ်ငတေ

# နှင့်

# ဘူးကွဲရသော အမာရွတ်များ

BURMESE CLASSIC .com

အမှန်ဆိုရလျှင် ကျွန်ုပ်ငတေကား ကျေးလက်ရင်ခွင်ရှိ ရွာလေးတစ်ရွာ၌ မွေးဖွားလူလားမြောက်ခဲ့ရသည် ဆိုသော်ငြား မြို့ပြရနံ့နှင့် မကင်း။ ကျွန်ုပ်ငယ်စဉ်ကတည်းက မိဘနှစ်ပါးစလုံး ဆုံးပါးသွားကြသည့်အတွက် တစ်ကောင်ကြွက် ခြေသလုံး အိမ်တိုင်ဖြစ်နေသော ကျွန်ုပ်အဖို့ မြန်မာပြည်အထက်ပိုင်းနှင့် မြေလတ်ပိုင်းပါမကျန် ဦးလေး၊ ဘကြီး၊ ဘထွေး၊ ဒေါ်ကြီး၊ ဒေါ်လေးနှင့် ညီအစ်ကို၊ မောင်နှမတစ်ဝမ်းကွဲ၊ နှစ်ဝမ်းကွဲ၊ သုံးဝမ်းကွဲမှအစပြု၍ လေးဝမ်းကွဲအထိ ဆွေမျိုးအနည်းငယ်နီးစပ်တော်သူများပါမကျန် အလွတ်မပေးဘဲ ၎င်းတို့ထံ တစ်လှည့်စီ ခြေဆန့်၍နေခဲ့သောကြောင့် ကျွန်ုပ် အထက်ပါကဲ့သို့ ဆိုလိုက်ခြင်းဖြစ်သည်။

---

စိန်မိုးယံစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကျွန်ုပ်လက်ရှိနေထိုင်သော ရွာကလေးသည် အမြင့်၌ သေးငယ်သော်လည်း ရန်ကုန်မြို့ပြကြီး၏ နယ်နိမိတ်အတွင်းမှာရှိပြီး အရာအားလုံးမြို့ပြအငွေ့အသက်နှင့် မကင်း တစ်နည်းဆိုလျှင် နယ်မြို့လေးတစ်မြို့ဟုလည်း ဆိုနိုင်ကောင်းပါလေ၏။

BURMESE CLASSIC .com

ထို့ကြောင့်လည်း ကျွန်ုပ်ငတေအသက်နှစ်ဆယ်ကျော်ကာလအတွင်း ကြုံဖူး၊ ခံစားဖူးသောအရာများအနက် အချစ်ဆိုသော ဝိသေသတစ်ခုက ကျွန်ုပ်ငတေနှလုံးသား ကျောက်ပျဉ်ထက်တွင် သနပ်ခါးအမြစ်တုံးလို အချစ်မျိုးနဲ့လည်း ပျစ်ပျစ်နှစ်နှစ် အသွေးခံရဖူးသည်။ နောက်ဆုံးကျောက်ချဉ်ထိ အချစ်မျိုးနဲ့ပါ အသွေးခံခဲ့ရဖူးပါ၏။

သို့သော် ကျွန်ုပ်ငတေသည် ထိုအချစ်များစွာအတွက် ရရှိခဲ့သောရလာဒ်ကား ရှည်ရှည်ဝေးဝေး ပြေးကြည့်စရာမလို ကျောက်ပျဉ်တစ်ချပ်လို အသုံးချခံဖြစ်နေ၍ တဖြည်းဖြည်း အလယ်ဗဟိုခွက်ပြီး ပါးခဲ့ရုံသာ။

မှတ်မှတ်ရရပြောရလျှင် လွန်ခဲ့သော သုံးလခန့်က 'မြမြစိန်' ဆိုသော မိန်းကလေးနှင့် ကျွန်ုပ်ငတေနောက်ဆုံး ပတ်သက်မှု ခြင်းဟုလည်း ဆိုနိုင်ကောင်းပါချိမ့်။

သူမနှင့် ကျွန်ုပ်ငတေ ရန်ကုန်မြို့မှာ ဆုံစည်းခဲ့ရခြင်း ဖြစ်သည်။ ဒီတုန်းက ရန်ကုန်မြို့ရှိ ကျွန်ုပ်ငတေ၏ဘကြီး ဖြစ်သူ





ဦးကိုကိုအောင်ထံသို့ ထုံးစံအတိုင်း စရိတ်ပျောက် စီမံကိန်းကို ကိုင်ဆောင်ခဲ့သော ကျွန်ုပ်ငတေ အစဉ်အလာအရ ရောက်ရှိခဲ့ခြင်းမပါပဲ။ သူမသည်လည်း ကျွန်ုပ်ငတေကဲ့သို့ အခြားမြို့တစ်မြို့ကနေ အဒေါ်များရှိရာ သည်ရန်ကုန်မြေသို့ အလည်အပတ် ရောက်ရှိခဲ့တာဆိုလျှင်လည်းမမှား။

သည်မှာပင် မှားခဲ့သူက ကျွန်ုပ်ငတေ။ ရောက်ရောက်ချင်း စောက်နဲ့ထွင်းသလို 'မြမြစိန်'မည်လေသော သူမကို ကျွန်ုပ်ငတေ၏ မွေးရာပါဗီဇအတိုင်း ကြောင်ချက်ကယ်ကမ်းကုန်ခဲ့သောကြောင့် ကျွန်ုပ်ငတေတို့နှင့် ခြံချင်းကပ်လျက်အိမ်ကို ရောက်ရှိလာသည့် သူမ။ တစ်ပတ်မပြည့်မီမှာပင် သူမ နေထိုင်ရာမြို့သို့ ပြန်ပြေးရလေတော့၏။

သည်ကဲ့သို့ မပြေးလည်းခံနိုင်ပါမည်တဲ့လား။ ကျွန်ုပ်ငတေ၏ ကြောင်ချက်က ကမ္ဘာ့စစ်ပွဲများထက်ပင် ပြင်းလှသည်။ ခြံချင်းကပ်လျက်ဖြစ်နေသည့်အတွက် သူမကံဆိုးတာ လည်း ဖြစ်နိုင်သည်။ ကျွန်ုပ်ငတေရောက်စ,နေ့ သူမကို မမျှော်လင့်ဘဲ တွေ့လိုက်ရကတည်းက နွားသိုးကြိုးပြတ်အတိုင်း သူမနေထိုင်ရာ ခြံထဲကျော်ဝင်၍ တစ်မျိုး၊ သည်မှာဘက် ခြံအတွင်းမှ တစ်မုံ့ မျိုးမျိုးကလူ ဤသို့မြူ ဤသို့ပြုနေသဖြင့် နောက်ဆုံး တောသားရုပ်ပေါက်နေသော ကျွန်ုပ်ငတေအား အထင်ကြီး ရှင်းထဲမထည့်။ အကြည့်ကလေးတစ်ချက် ဝင့်ရုံနှင့်ပင်



www.burmeseclassic.com

www.burmeseclassic.com



အသိအမှတ်မပြု။ ယောင်၍လည်း လှည့်ပြီး 'လေ' မလည်
သည်ကဲ့သို့ အခြေကြီးလွန်းသော သူမအား အရွဲ့တိုက်
ရွာတွင်နွားကျောင်းသည့်အခါ ကျွန်ုပ်ငတေ အသုံးပြုလေ့ရှိ
ပလွေတစ်ချောင်းဖြင့် တစ်ရက်ကနေနှစ်ရက်၊ နှစ်ရက်က
သုံးရက်မက အကြူကောင်းလွန်း၍ပဲလားမသိ။ တစ်ပတ်မပြ
မီမှာပင် သူမတစ်ချိုးတည်း လစ်ပြေးရသော ကိန်းဆိုက်ပါတော့

သည်မှုအထိ ကျွန်ုပ်ငတေအချစ်ရာဇဝင်မှာ ပလွေ
အဖြစ် ပြောစမှတ်တွင်ခဲ့ခြင်းပါတည်။ ကြုံဖူးခဲ့သော မိန်
လေးများစွာအနက် မြမြစိန်ဆိုသော သူမနှင့်ကျွန်ုပ်င
ဒါဟာသာ နောက်ဆုံးပတ်သက်ဖူးခြင်းအဖြစ် ကြုံရခြင်း
ပတ်သက်ဖူးပါသည်ဟု ဆိုရသော်လည်း သူမဘက်က မသေ
ကျွန်ုပ်ငတေကသာ ထိုကဲ့သို့ ခေါင်းစဉ်တပ်လိုက် ရခြင်းပါ

သည်နောက် မိန်းကလေးများနှင့်ပတ်သက်၍ ကျွန်ုပ်င
မျောက်ပုစွန်ငါးပိကိုင်ရမှာ ကြောက်သလိုမျိုး အကြောက်
ကြောက်သွားတော့သည်။ သို့ရာတွင် တကယ်တမ်း ယတိပြ
ပြတ်စဲနိုင်သလားဆိုသော်လည်း သည်ကဲ့သို့ မဟုတ်ပြ
မိန်းကလေးများနှင့် ပတ်သက်လျှင် 'အနာပျောက် တစ်ခေါ
ဆိုသကဲ့သို့ အင်မတန်မှ အမှတ်သည်း ခြေမရှိသော ကြွ
လူစားမျိုး ကျွန်ုပ်ငတေပါတည်း။

ဒီလိုနှင့် ကျွန်ုပ်ငတေ လေးဝမ်းကွဲတော်စပ်သူ ကို





ဆက်မော်အောင်ရှိရာ တောင်ငူမြို့သို့ ရန်ကုန်ကနေ ထုံးစံအတိုင်း
ခိုတ်ငြိမ်း စီးပွားကိန်းအစဉ်အလာအရ အလည်အပတ် သဘောမျိုး
ရောက်ရှိသွားသည်။

"ညီလေး မင်းလာတာနဲ့ အတော်ပဲဟေ့၊ ဒီမှာ ကိုကြီး
တစ်ယောက်တည်း ဘယ်သူမှအဖက်လုပ် စကားပြောသူမရှိလို့
ငြင်းနေတာ၊ ငါ့ညီ ဒီမှာ ထုံးစံအတိုင်းကြိုက်သလောက်၊
ပျော်သလောက်နေ ဟုတ်လား၊ ငါ့ညီနဲ့ ပတ်သက်တဲ့ ကိစ္စ
သမျှ ကိုကြီးအကုန်တာဝန်ယူတယ်"

တောင်ငူမြို့ရောက်ရောက်ချင်းမှာ ကျွန်ုပ်ငတေသဘော
တွေ့ အစ်ကိုဝမ်းကွဲဖြစ်သူ ကိုကြီးဆက်မော်အောင်က
အားတက်သရော ပြောလိုက်သည့်စကား။ ဆိုရလျှင် ကျွန်ုပ်တို့
ပြီးမတွေ့လိုက်နှင့် တွေ့လိုက်ပြီဆိုကတည်းက ဘုန်းကြီးရူးနှင့်
ကုလားအတိုင်းပင်။ အင်မတန်မှ တွဲဖက်ညီလွန်းသည့် အတွဲဟု
လျှင် မမှား။

"စိတ်သာချ ကိုကြီး ပျော်သလောက်နေမှာတော့ မပူနဲ့ဗျို့၊
ပျော်ခြောက်လ ပျော်ခြောက်နှစ်ဆိုတဲ့အတိုင်းကို နေပစ်လိုက်မှာ။
ကြောင့်မို့လည်း တစ်ခြားဆွေမျိုးတွေ အားမကိုးဘဲ ကိုကြီး
ကိုပဲ ညီလေးအားကိုးပြီး လာခဲ့တာပေါ့ ဟီး ဟီး"

ကျွန်ုပ်ငတေ ထိုကဲ့သို့ပြောလိုက်သည့် စကားကို မကြာ
သော ကျွန်ုပ်ငတေ ရောက်ရှိနေသော ဆွေမျိုးများအား



www.burmeseclassic.com

www.burmeseclassic.com



လုံးကြားလျှင် ကျွန်ုပ်ငတေအား အရှင်လတ်လတ် ဂုတ်ချိုး သတ်မှာ ကျိန်းသေပါ၏။ ဒါကလည်း ကိုကြီးဆက်မော်အောင် ရှေ့မှာမို့ အင်တာနေရှင်နယ်ခေတ်နှင့်အညီ အနေချောင်စေရန် ဖော်လံဖားနည်း လုပ်လိုက်ရခြင်းပါပင်။ ဒါမှလည်း ကျွန်ုပ်ငတေ အနေအထား ချောင်မည်မဟုတ်လား။ ဒီစကားကို ဘယ်သူကြား တာမှတ်လို့။

ထို့ကြောင့် ကျွန်ုပ်ငတေလည်း ကျောခုနောက်ခံ သည်မျှ ရှိနေမှတော့ ဘယ်လာတိမ်ပေါ်မတက်ရဲဘဲ နေပါမည်နည်း ရာဇဝင်ရိုင်းလှပေမပေါ့။ ထို့ကြောင့် တောင်ငူတစ်မြို့လုံးကို ပြုံးပြုံးစင်အောင် မွှေပစ်လိုက်တော့သည်။

တခြားတော့မဟုတ်။ ဘုရား၊ ဈေး၊ ကားဂိတ်၊ လက် ဖက်ရည်ဆိုင်နှင့် ဆံပင်အလှပြင်ဆိုင်ပါမကျန် လမ်းဘေး မုန့်ဟင်းခါးဆိုင်အထိပင် သွားရောက်လည်ပတ်စားသောက် သုံးဖြုန်းနေခဲ့သောကြောင့်ဖြစ်သည်။

သို့သော် ကိုကြီးဆက်မော်အောင်ကား နည်းနည်းလေးမျှ စိတ်မပျက်သည့်အပြင် ကျွန်ုပ်ငတေမပျော်ဘဲ ပြန်သွားမှာကိုပင် စိုးရိမ်နေပါသေး၏။ စိတ်ချ။ သည်ကိစ္စတော့ လုံးဝ ပူစရာမလို။ နဂိုကတည်းက ဝမ်းကိန်းနှင့်ထွက်လာသူ ကျွန်ုပ်ငတေအဖို့ ကာယကံရှင်များကိုယ်တိုင် စိတ်ပျက်ပြီး နှင်မလွှတ်မချင်းပြန်ဖို့ စိတ်မကူး။ ထို့ကြောင့်လည်း ကျွန်ုပ်ငတေအကြောင်းကို





ခတော်များများ အူမချေးခါးအထိ သိထားကြသော သူငယ်ချင်း တ်ဆွေအပေါင်းအသင်းများဆိုလျှင် ယောင်၍မျှ ကျွန်ုပ်ငတေ ား အလည်မခေါ်ဝံ့ကြ။ အိမ်ရှင်ကိုယ်တိုင် စိတ်ပျက်ပြီး နှင်မလွှတ်မချင်း နေတတ်သောကြောင့် ဖြစ်ပါသည်။

ယခုလည်း ကိုကြီးဆက်မော်အောင် စိတ်ပျက်ပြီး မနှင် တ်သေးသမျှ ကာလပတ်လုံး ပျော်ပျော်ကြီးနေဖို့ ဆုံးဖြတ် သား။

♛♛♛♛♛



www.burmeseclassic.com

www.burmeseclassic.com



အလွန်သာယာဖွယ်ရှိသည့် မနက်ခင်းတစ်ခုရယ်ဟု ကျွန်ုပ်ငတေဘာသာ သတ်မှတ်လိုက်သောနေ့မှာ ထူးခြားစွာ အိပ်ရာအစောကြီး နိုးနေခဲ့သည်။

ကော်ဖီသောက်၊ မုန့်စားပြီးချိန်မှာပဲ ကိုကြီးဆက်မော်အောင်က ကီစ္စရပ်တစ်ခုကို အရေးကြီးစွာ သတိရသွားသောပုံစံနှင့် ထိုင်နေရင်းတန်းလန်းမှ 'ဝုန်း'ခနဲ ထရပ်လိုက်၏။

''သေလိုက်ပါတော့ကွာ၊ ကြည့်စမ်း ဒီနေ့ချိန်းထားတဲ့ ကိစ္စတစ်ခု မေ့နေလိုက်တာ၊ အခုမှပဲ သတိရတော့တယ်''

ပြောပြီး စားပွဲကိုလေးငါးပတ်လောက် လျှောက်နေ၏။

''ဘာကိစ္စများလည်း ကိုကြီး၊ ကျွန်တော် ဘာကူညီပေးရမလဲ''





ကျွန်ုပ်ငတေ စိတ်ဝင်တစား မေးလိုက်သည်။

''ကိစ္စက အရေးကြီးတယ်လို့ ပြောလို့ရတယ်၊ ငါ့ညီကူညီရမှာထက် ကိုယ်တိုင်လိုက်ဖို့ လိုတာကွ၊ ဒီယိုငါ့ညီ ကိုကြီးသွားရမယ့်ကိစ္စက မိတ်ဆွေမိသားစု အိမ်တစ်အိမ်၊ သူတို့က ဗေဒင်တို့ဘာတို့ဆိုရင် အင်မတန် ယုံကြည်ကြတာကလား။ အဲဒါကွာ ပြောထားတဲ့ ကိုကြီးမိတ်ဆွေ ဗေဒင်ဆရာတစ်ဦးလည်း တစ်လောကလေးကမှ ကားပေါ်အဆင်းမှာ ခြေချော်ကျပြီး လက်ကျိုးသွားလို့ ဆေးရုံတက်နေရရှာတယ်။ အဲဒီဗေဒင်ဆရာကိုခေါ်ပြီး ခုနဗေဒင်ကို အင်မတန်ယုံကြည်တဲ့ ငါ့မိတ်ဆွေမိသားစုဆီ ဒီနေ့ပဲသွားဖို့ ချိန်းထားတာ၊ ဒါဆို ဒီလိုလုပ်ကွာ ငါ့ညီက ဗေဒင်ဆရာလုပ် ပြီးတော့ ကတိမပျက်အောင် အဲဒီကိုသွားကြမယ်''

''ဗျာ. . . ကျွန်တော်က ဗေဒင်ဆရာလုပ်ရမယ်၊ ဖြစ် . . . ဖြစ်ပါ့မလား ကိုကြီးရာ၊ တော်ကြာ. . . အရှက်တွေဘာ တွေကွဲနေပါဦးမယ်၊ ကျွန်တော်ဗေဒင်အကြောင်း ဘာမှ နားလည်တာ မဟုတ်ဘူး''

ကျွန်ုပ်ငတေ ထိုကိစ္စကို ပျာပျာသလဲ ငြင်းလိုက်လေ၏။

''ဖြစ်ပါတယ် ငါ့ညီရာ၊ ဒီမှာ. . . ကိုကြီးပြောတာကို သေသေချာချာ နားထောင်၊ သူတို့က ဗေဒင်ဆိုရင် အင်မတန်မှ ယုံကြည်ကြသူတွေဆိုတော့ သိပ်ပြဿနာမရှိဘူးလို့



www.burmeseclassic.com

www.burmeseclassic.com



ယူဆနိုင်တယ်၊ ငါ့ညီဘက်က ကြည့်ပြီးတော့သာ ရှိုးလုံးေ
ထွင်လုံးတွေနဲ့ ကောင်းတာချည်းပဲ သူတို့အကြိုက်ကို လိုက်
ဟောနိုင်ရင်ပြီးတဲ့ကိစ္စပါ။ ဘာခဲယဉ်းတာမှတ်လို့၊ ငါ့ညီ ဒီတ
ခါတော့ ကိုကြီးကိုကူညီပါ ကိုကြီးမိတ်ဆွေတွေကို ဘယ်
မျက်နှာပြရမှန်းတောင် မသိဖြစ်နေလိမ့်မယ်၊ ကြိုးစားရင် ငါ့ညီ
ဖြစ်ပါတယ်ကွာ''

ကိုကြီးဆက်မော်အောင်ဘက်က အကြိမ်ကြိမ်ဆိုလာ
မှတော့ ကျွန်ုပ်ငတေ ခေါင်းရှောင်၍မရတော့ပြီ။ ကိုကြီး
ဆက်မော်အောင်အတွက် မိတ်ဆွေချင်း မျက်နှာပျက်စရာ
ဖြစ်မည့်အရေးကိစ္စမို့ ကျွန်ုပ်ငတေ မည်သို့မျှခေါင်းရှောင်၍
မသင့်တော့။ ကိုယ်မကျွမ်းကျင်သည့် ကိစ္စဖြစ်သော်ငြား
အရပ်လေးမျက်နှာလှည့်ထားခဲ့သော ကျွန်ုပ်ငတေအဖို့ သည်
ကိစ္စကိုမျှ မကူညီပေးနိုင်လျှင် လွန်စွာမှရှက်စရာကောင်းေ
သည်မှာ သေချာသည်။ ထို့ကြောင့် ကျွန်ုပ်ငတေ ချက်ချင်း
ဆုံးဖြတ်ရလေပြီ။

''ကောင်းပြီ ကိုကြီးရာ၊ ဒီကိစ္စမဖြစ်ဖြစ်တဲ့နည်းနဲ့
အဆင်ပြေအောင် ကျွန်တော်ကူညီပေးမယ်''

''ကျေးဇူးတင်လိုက်တာ ငါ့ညီရာ၊ ကိုကြီးလည်း ဒီ
အတိုင်းမနေပါဘူး။ ဗေဒင်လောကမှာ ငါ့ညီဘယ်လော
တော်ကြောင်းတတ်ကြောင်းတွေ ကိုကြီးရှေ့ကနေ စကာ





မ်းခင်းပြီး ပေးမှာပါ။ အဲဒီတော့မှ ငါ့ညီဘက်က အဆင်ပြေပြေ
ရှလိုက်ငါးလိုက်လေး ဖြီးဖြန်းပြီး ဟောလိုက်ရုံပါပဲ''

''ကဲ. . . ဒါဆို. . . ကိုကြီးဘယ်တော့သွားမလဲ''

''အခုပဲ သွားကြမယ်လေ''

ကိုကြီးဆက်မော်အောင်၏ မိတ်ဆွေအိမ်ခြံရှေ့
ကျွန်ုပ်ငတေတို့ ရောက်ရှိသွားချိန်မှာ ခြံတံခါးစေ့ထားသဖြင့်
သောဖွင့်ပြီး ဝင်ရောက်လိုက်ကြ၏။

ထိုအချိန်မှာ. . . ကျွန်ုပ်ငတေတစ်ကိုယ်လုံး နတ်ဝင်
ည်တစ်ယောက်လို တုန်ယင်နေပါသည်။ မဖြစ်ခံနိုင်ပါ
သည်တဲ့လား။ ကျွန်ုပ်ငတေ တစ်သက်တစ်ကိုယ် ဤကိစ္စမျိုး
စ်ကြိမ်မျှ မကြုံဖူး၊ ဟန်မဆောင်ဖူးသော [illegible] ဆိုရပါ
မ့်မည်။ ကိုကြီးဆက်မော်အောင်ကတော့ ကျွန်ုပ်ငတေရှေ့မှာ
င်ကိုကော့၊ခေါင်းကိုမော့ပြီး အောင်မြင့်ဝံ့ကြွားနေသည့် ဟန်။
ကြောင်းမသိသူများဆိုလျှင် တကယ့်ကို အထင်ကြီး
ရာကောင်းသေးတော့။

''ကိုကြီး ပြည်းဖြည်းသွားပါဗျ၊ ကျွန်တော့်တစ်ကိုယ် လုံး
လားဘုရားပွဲလှည့်သလို ဖြစ်နေတယ်''

ကျွန်ုပ်ငတေ ခန္ဓာတစ်ကိုယ်လုံးမဟုတ်။ အသံများပင်
န်လေပြီ။ သည်အတိုင်း ဗေဒင်ဆရာအဖြစ် ဟန်ဆောင်၍
နိုင်ပါမည်လား။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ညီ မင်းကျွန်ခြေဆည်စမ်းပါကွာ၊ ဟန်မပျက်စေနဲ့ တော်ကြာ အလိမ်တွေပေါ်ကုန်ဦးမယ်၊ လာ. . . လာ မြန်မြန် လေး"

ကိုကြီးဆက်မော်အောင်ကား ဟန်ဆောင်ကောင်းလွန်းလှသည်။ အတော့်ကို အံ့သြစရာကောင်းသည့် လူစားပါပင်။

ဒီလိုနှင့် ကျွန်ုပ်တို့နှစ်ဦးအင်မတန်မှ ခန့်ညားထည်ဝါလှသော နှစ်ထပ်အိမ်ကြီးရှေ့သို့ ရောက်သွားတော့သည်။ လှသံလှုရိပ်ကတော့ တိတ်ဆိတ်လျက်။

သို့ဖြင့်. . . ကိုကြီးဆက်မော်အောင်က အဝင်တံခါးဘေးရှိ လူခေါ်ဘဲလ်ကို အဆက်မပြတ်နှိပ်လိုက်သောကြောင့် မကြာခင်မှာ ခပ်ဝဝမိန်းမကြီးတစ်ဦးနှင့် လွန်စွာမှမျက်စိ သွားရည်ယိုချင်စရာ ကောင်းလှသော ချောမောလှပလွန်းသည့် မိန်းမပျိုလေးတစ်ဦး ခပ်သုတ်သုတ်ပြေးထွက်လာကြသည်။

ထိုအချိန်မှာ ခပ်ဝဝမိန်းမကြီးကိုကျော်၍ မိန်းမလှလေးထံ ကျွန်ုပ်အကြည့်ရောက်မိသွားချိန်မှာတော့ ကျွန်ုပ်ငတေ၏ ငယ်ထိပ်ကို ဆယ့်နှစ်စိတ်လောက် အခွဲခံလိုက်ရသလို ဖြစ် သွားတော့၏။

"ဟင်. . . မြ. . . မြ. . . မြစိန်"

ကျွန်ုပ်ငတေ တစ်ကိုယ်ကြားရုံသာ အထိတ်တလန့် ရေရွတ်လိုက်သံ။ သို့သော် တစ်ကမ္ဘာလုံးကြားသွားသလိုပင်





ထင်ရပါ၏။

မိန်းမလှလေးသည် ကျွန်ုပ်ငတေအား ရုတ်တရက် အရှင်လတ်လတ်ကြီးမတွေ့လိုက်ရသဖြင့် မျက်လုံးဝိုင်းစက် ပါးစပ်အဟောင်းသားဖြစ်သွားတာ သတိထားမိလိုက်၏။

သို့သော်. . . ကျွန်ုပ်ငတေနှင့် မိန်းမလှလေးတို့၏ တဒင်္ဂအံ့သြလှုပ်ရှားသွားမှုတို့ကို ခပ်ဝဝမိန်းမကြီးသည်လည်း ကောင်း၊ ကိုကြီးဆက်မော်အောင်သည်လည်းကောင်း လုံးဝ သိရှိရိပ်မိခြင်း မရှိကြခြင်းမရှိပါချေ။

"ဩော်. . . မောင်ဆက်မော်အောင်ပါလား၊ လာ လာကွယ့်၊ အန်တီတို့လည်း ဟိုကိစ္စပြောပြီးကတည်းက မောင်ဆက်မော်အောင်ကိုပဲ မျှော်နေကြတာ၊ အိမ်ထဲဝင်ကြ လေကွယ်၊ သမီး ညည်းအစ်ကိုကြီးကို တံခါးဖွင့်ပေးလိုက်လေ။ ဩော် ဟိုမှာလည်း ညီ့သည်ပါလာတာကိုးကွယ့်"

ခပ်ဝဝမိန်းမကြီးက ကရားရေလွှတ်တလျှောက်လုံး ပြောပြီးမှ ကျွန်ုပ်ငတေကို သတိထားမိသွားကာ အားနာသော ပုံစံနှင့် ဆိုလေတော့၏။

မိန်းမလှလေးက ကျွန်ုပ်ငတေအား ကြောင်ငေးကြည့် နေရာမှ ခပ်ဝဝမိန်းမကြီး အမေဖြစ်သူ၏စကားကြောင့် တယောင်ကတမ်းပုံစံနှင့် အိမ်တံခါးအား ဖွင့်ပေးသည်။

"ဟုတ်တယ် အန်တီ၊ သူက တခြားသူတော့ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



အချို့ ကျွန်တော်ပင့်လာမယ်ပြောတဲ့ အရှေ့တိုင်း၊ အနော
တိုင်း မနောဓာဒေအဂ်ပိစ္စာ ဆရာအောင်ဆိုသူလေ''

``ဟင် ဟုတ်လား၊ မောင်ဆက်မော်အောင်ရယ်
ဓောက ပြောရောပေါ့ကွယ်၊ ကြည့်စမ်း. . . ဒီကဆရာ
အင်မတန်မှ အားနာစရာဖြစ်ကုန်ပြီ မသိလို့ဒီလိုဖြစ်ရ
ခွင့်လွှတ်ပါရှင်၊ အိမ်ထဲကို ကြွပါဆရာရယ် ကြွပါ''

ခပ်ဝဝမိန်းမကြီးခမျာ ကိုကြီးဆက်မော်အောင်
တစ်ချက်တည်းနဲ့ပင် ငါးရံ့ပြာလူးခံရသလို ပျာပျာသလဲ
နေသလောက် ဘေးနားရှိမိန်းမလှလေးခမျာမှာတော့
လိုက်ရသောစကားအတွက် ကျွန်ုပ်ငတေအား မျက်တော
နီကြီးနှင့် အထင်သေးစွာကြည့်လျက် ရှိနေပါ၏။ ကျွန်ုပ်င
ခန္ဓာကိုယ်ရှိ သွေးကြောလေကြောအားလုံး ပိတ်ဆို့သွား
အလား ခံစားရသလို အသက်ရှူနှုန်းတွေလည်း ဗရမ်းဗ
ဖြစ်နေတော့သည်။

အဆိုးဆုံးကား မိန်းမလှလေး၏ အထင်သေး မယုံကြ
သောအကြည့်စိမ်းများကို ခံလိုက်ရခြင်းပင်။

သည်ကဲ့သို့ပင် ကျွန်ုပ်ငတေအား အထင်သေး၊
ကြည်မဖြစ်ဘဲ ခံနိုင်ပါမည်တဲ့လား။ လွန်ခဲ့သော သုံးလ
ကတည်းက ကျွန်ုပ်ငတေအကြောင်း ဘာတစ်ခုမျှ အထင်
စရာမကောင်းအောင် ရန်ကုန်မြို့မှာပင် သူမအကုန်သိထားခဲ့





တော့ ကျွန်ုပ်ငတေ ဗေဒင်ပညာတတ်ကြောင်း ပြောစရာ
လိုလောက်အောင်ပင် မိဘဆွေမျိုးရင်းချာမရှိ၍ နယ်လေးရပ်
ဆွေမျိုးများအိမ် တစ်အိမ်တက်တစ်အိမ်ဆင်း လိုက်နေရသော
တာသားငဖွတ်ကျားဖြစ်ကြောင်းအထိ သိထားသူရှေ့မှာမှ
ထက်ပါကြွားလုံးတွေ ထုတ်နေတော့ ကိုယ့်ပေါင်ကိုယ်
န်ထောင်း၊ လှုပုံအလယ် ပုဆိုးကွင်းလုံးကျွတ်ရသလို ကိန်း
က်နေခြင်းကြောင့် ဖြစ်တော့သည်။

``အင်း. . . ကျွန်တော့်မိတ်ဆွေရဲ့ ဗေဒင်ပညာမှာတော့
းဝပြောစရာမလိုဘူး အန်တီရဲ့၊ အနောက်တိုင်း၊ အရှေ့တိုင်း
ညာရပ်ထိ တစ်ဖက်ကမ်းခပ်ကို တတ်တာ၊ အဲဒီ ပညာတွေ
ကြောင့် ဖိတ်ကြားခံရလို့ အင်္ဂလန်၊ ပြင်သစ်၊ ဂျပန် နဲ့ ဂျာမနီကနေ
မြန်မာပြည်ကိုပြန်ရောက်လာတာ၊ ပြန်ရောက်ရောက်ချင်းပဲ
ျွန်တော်ဖုန်းဆက်အကူအညီတောင်း ဖိတ်ကြားလိုက်လို့
နေ့မနက်ဘဲ ရန်ကုန်ကနေ ရောက်လာ တာအန်တီရဲ့. . . အဲဒါ
ျွန်တော့်မိတ်ဆွေဆရာအောင်ထံမှာ အန်တီတို့အလိုရှိသမျှ
းမြန်းကြပေတော့။ ကဲ. . . ဆရာအောင်ရေ သူတို့ကတော့
ျွန်တော့်မိတ်ဆွေ ဒေါ်စိန်ပွင့်နဲ့ သူ့သမီး မြမြစိန်တို့ပါပဲ''

ကျွန်ုပ်ငတေတစ်ကိုယ်လုံး အက်ဆစ်နဲ့ အပက်ခံလိုက်
သလို ဖြစ်နေပါသည်။ မည်သည့်စကားမျှ ထွက်မလာ
ဆိနိုင်လျှင် ချက်ခြင်းပင် အသက်ထွက်သွားသူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်လှပေ၏။ သွားပြီ ဘယ်လိုမှအဖတ်ဆည်လို့ရနိုင်တော့မည်မဟုတ်။ ကျွန်ုပ်ငတေ ဒီတစ်ခါတော့ မိန်းမလှလေးရှေ့၌ ရှက်လွန်း၍ ခေါင်းမဖော်နိုင်ပါပြီ။

"ကြားရတာ ဝမ်းသာစရာပါပဲရှင်၊ မောင်ဆက်မော်အောင်နဲ့ဆရာ ကျွန်မတို့အိမ်ထဲ ကြွပါရှင်၊ ဒီက ဆရာ့ရဲ့ ပညာသတင်းကိုကြားရရုံနဲ့ ကျွန်မတို့လက်ရှိသောကတွေ ယူပစ်လိုက်သလိုပါပဲရှင်၊ အခုလို တကူးတက ရန်ကုန်ကနေ ကြွရောက်ချီးမြှင့်ပေးလာတဲ့အတွက် ကျွန်မတို့မှာ သိန်းထ ကြီးပေါက်သလိုလည်း ခံစားရပါတယ်၊ ဆရာ..ကျွန်မတို့ အိမ်ထဲ ကြွပါဦးရှင်၊ မောင်ဆက်မော်အောင် ဆရာ့ကို အိမ်ထဲခေါ်ပါဦးကွယ့်"

"ကဲ...ဆရာအောင် အိမ်ထဲကိုကြွပါဦးဗျာ"

ကိုကြီးဆက်မော်အောင်ကပြောပြီး ဒေါ်စိန်ပွင့်ဆိုသူနဲ့ အတူရှေ့မှဦးဆောင်ပြီးသွားလေ၏။ သူတို့နောက်က မြမြစိန်မည်သော မိန်းမလှလေးလိုက်သည်။

ထိုကဲ့သို့ မလိုက်ခင်မှာပင် မိန်းမလှလေးသည် ကျွန်ုပ်ငတေအားကြည့်သော အကြည့်ထဲ၌ "ရှင်မကြားလိမ်တာတွေ ဘူးပေါ်သလို ပေါ်တော့မယ်၊ ကျွန်မအမေကိုသာ ရှင်လိမ်လို့ရမယ်၊ ရှင့်အကြောင်း အူမချေးခါးသိပြီးသား ကျွန်မအဖို့တော့ သိပ်ကိုရယ်စရာကောင်းတဲ့ ပြက်လုံးတစ်





ရှင့်ကို ကျွန်မကောင်းကောင်းကြီး ပညာပေးအရက်ခွဲပြမယ်သိလား" ဟု အဓိပ္ပာယ်သက်ရောက်နေကြောင်း သုံးသပ်မိပါ၏။

ထို့ကြောင့် ကျွန်ုပ်ငတေသည် မျက်နှာချင်းဆိုင်ပြီးတော့ အရက်တော့အကွဲမခံနိုင်။ ချက်ချင်းပဲ ရလာသောအခွင့်အရေးတစ်ရပ်အပေါ်ကို အသုံးချလိုက်ရတော့သည်။

အခြားတော့မဟုတ်။ သူတို့သုံးဦးသား ရှေ့ကိုသာအာရုံထားပြီး အထဲဝင်သွားချိန်တွင် ကျွန်ုပ်ငတေ ဘာများလုပ်မည်ထင်ပါသနည်း။ ငှားဝတ်လာခဲ့သော ပေဒင်ဆရာပုဆိုးကို ခါးတောင်မြှောက်အောင်ကျိုက်၍ စီးလာသောဖိနပ် ခါးကြားထိုးပြီး ဖနောင့်နှင့်တင်ပါးတစ်သားတည်းကျအောင် သုတ်ခြေတင်ပြေးခဲ့ရခြင်း ဖြစ်ပေတော့သည်။

(ရယ်မောခြင်းဖြင့် ဘဝအမောများ ပြေပါစေ)

သောကြာ၊ ၂၀၀၇၊ မေလ

မနှတ်ကိုကိုဇော်



www.burmeseclassic.com

www.burmeseclassic.com

**စာမူကလောင်ရှင်သစ်များသို့သတင်းကောင်းပါးခြင်း...**

**စိန့်မိုးယံစာပေတိုက်မှလစဉ်ထွက်ရှိသော**

၁။ ဝရဇိန် (ပရဆန်းကြယ်ဂမ္ဘီရဝတ္ထုတိုများ)

၂။ ဝရဇိန် (ပရဆန်းကြယ် လုံးချင်းဝတ္ထု)

၃။ ဂမ္ဘီရဝိဉာဉ် (ပရဆန်းကြယ်ဂမ္ဘီရဝတ္ထုတိုများ)

၄။ ဂမ္ဘီရတစ္ဆေ (ပရဆန်းကြယ် ဂမ္ဘီရဝတ္ထုတိုများ)

တွင်ဖော်ပြရန် စာပေဝါသနာပါသူ ကလောင်ရှင်အသစ်များ အနေနှင့် ပရဆန်းကြယ်ဂမ္ဘီရဝတ္ထုတိုများကိုပေးပို့နိုင်ပါသည်။

စာမူရေးသားရာတွင် A4 စာမျက်နှာ(၈)မျက်နှာ (၁၂)မျက်နှာအတွင်း ရေးသားပေးပို့ရပါမည်။ ကိုယ်တွေ့ဖြစ်ရပ်ဆန်း ဂမ္ဘီရ ပရလောကနှင့်သက်ဆိုင်သော သရဲ၊ သရဲ၊ ဝိဉာဉ်အ ရှိသည့် အကြောင်းရာများကို ဦးစားပေးရေးသားပေးပို့နိုင်ပါသည်။

စာမူဖော်ပြခံရပါက စာမူခနှင့်စာအုပ်လက်ဆောင်များ ပေးမည်ဖြစ်ပါသည်။

စာမူရေးသားပေးပို့လိုပါက–


ဓာတ်ပုံ(၂)ပုံ၊ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်အမှတ် နေရပ်လိပ်စာ၊ ကိုယ်တိုင်ရေးစာမူဖြစ်ပါကြောင်းဝန်ခံကတိများနှင့် အတူ ပေးပို့နိုင်ပါသည်။

**စာမူကိစ္စနှင့်ဝေဖန်အကြံပေးလိုပါက–**

အမှတ်(၄၄)၊ ပထမထပ်၊ အင်းဝလမ်း၊ ကျောက်မြောင်းရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉၅၁၀၀၉၄၃၇

# ကျီ စ သူ ါး

# နွားလား



www.burmeseclassic.com

www.burmeseclassic.com

# ကျီစုသွား…နွားလား

"ကိုကိုဖော်…ကျုပ်နဲ့ရွာကို အလည်လိုက်ခဲ့ပါ"

အထက်ပါကဲ့သို့ ကျွန်တော်နှင့်ရေးဖော်ရေးဖက်၊ ပြောမနာဆိုမနာဖြစ်သူ သူငယ်ချင်းဟာသစာရေးဆရာ ရွှေညာမြေမိုးမောင်၏ ဖိတ်ခေါ်မှုကြောင့် ကျွန်တော်ငင်းတို့ရွာလေး သို့လိုက်ပါသွားဖြစ်သည်။

ငင်းနေထိုင်ရာအရပ်ကား အညာဒေသ မြေလတ်ပိုင်းရှိမန္တလေးတိုင်း၊ ရမည်းသင်းမြို့နယ်၊ 'ကျီစု'ဟု အနွတ္တသညာတွင်သော ရွာလေးပင်ဖြစ်သည်။

ရန်ကုန်မြို့မှ ရမည်းသင်းမြို့သို့ ရထားဖြင့်သွားရ၏။ ထိုမှတဆင့် သိမ်ကုန်းရွာသို့ မြင်းလှည်းဖြင့် ဆက်နေပြန်သည်။ သည်မှတစ်ဖန် ငင်းနေထိုင်ရာကျီစုရွာသို့ ထော်လာဂျီဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အရောက်သွားရတော့သည်။ ခရီးကား အဆင့်ဆင့်ဖြစ်သည်။

ထိုကဲ့သို့ အဆင့်ဆင့် ခရီးစဉ်များအနက် ပထမခရီး အစကို ပြန်ကောက်ကာ ကျွန်တော်၏ခရီးသွား အတွေ့အကြုံ လေးအား စမြုံ့ပြန်လို၍ဖြစ်သည်။

ဆိုရလျှင်. . . ရန်ကုန်မြို့မှ ရမည်းသင်းဘူတာသို့ ရထားဆိုက်ဆိုက်ခြင်းမှာပင် အခြားမြို့များနှင့်မတူ တမူထူး ခြားသောအချက်မှာ တစ်ကြိမ်ရောက်ဖူးလျှင် ဆယ်ကြိမ် လောက်ရောက်ဖူးသလို အမှတ်ရနေအောင် (တစ်နည်းဆိုရလျှင် ရမည်းသင်းမြို့မှ သင်္ကေတ 'မဆလာနံ့' သင်းနေခြင်း ပင်ဖြစ်တော့သည်။

ထိုကဲ့သို့ ခရီးသွားရင်း အမှတ်တရရှိလိုက်ခြင်းအတွက် ကျွန်တော့်အဖို့ ညောင်ဦးကမ်းပါးပြိုတာနှင့် ဓမ္မါနဂိုရ်က နွား ပေါင်ကျိုးတာ ဘာမျှမဆိုင်သော အတွေးတစ်ခုရောက်ရှိလာ သေးသည်။ အခြားတော့မဟုတ်။ ယခုကဲ့သို့ ရမည်းသင်းမြို့ ပေါ်က မဆလာနံ့သင်းနေခြင်းကို ရမည်းသင်းမြို့စား သီလာ မင်းသား ရှုရှိုက်ပြီးကိုယ်တွေ့ကြုံမသွားရခြင်းအတွက် လူဖြစ် ကျိုးမနပ်လိုက်လေခြင်းဟူ၍ ဖြစ်၏။

ပြီးနောက်. . . ရမည်းသင်းမြို့မှတဆင့် သိမ်ကုန်းရွာသို့ မြင်းလှည်းဖြင့်သွားသည့်အခါ ကျွန်တော့်တွင် မေ့းရာ ရင်ကျပ်ရောဂါများ ပါသွားမည်ဆိုပါလျှင်ဖြင့် မည်သည့်ဆေးဝါး





အထောက်အကူမလိုဘဲ ခရီးလမ်းကြမ်းမှုကြောင့် အလိုလို ပျောက်ကင်းသွားနိုင်လိမ့်မည်ဟူသော အချက်တစ်ချက်။ ထိုကဲ့သို့ ကြုံနေရချိန်မှာ ကျွန်တော့်မိတ်ဆွေကြီး ရင်ကျပ်ပန်း နာမီးသွေးသည် ပန်းချီဆရာချမ်းအေးဟန်ကြီးပါလာလျှင် မည်မျှ ကောင်းလိုက်လေမလဲဟုတောင် အမှတ်ရတွေးလိုက်မိသေးတော့။

နောက်ဆုံး. . . သိမ်ကုန်းရွာမှတဆင့် သူငယ်ချင်းဟာ သစာရေးဆရာ ရွှေညာမြေဖိုးမောင်နေထိုင်ရာ ကျီစုရွာသို့ ထော်လာဂျီဖြင့်သွားသည့်အခါ တစ်လမ်းလုံးအတိမ်းအရှောင် မှာက်ချည်လှန်ချည်များဖြင့် ကြုံရပြန်သည်။

အခြားဟုတ်ရိုးကြောင့်လား။ ကားလမ်းဘေးဝဲယာတစ် လျှောက် ဆီးပင်များကြပ်ညပ်ပြွတ်သိပ်နေပြီး ထော်လာဂျီ နှင့် လွတ်သောဆီးကိုင်းများ၏ အန္တရာယ်ကို အထက်ပါကဲ့သို့ ရှုပ်ရှားမှုများဖြင့် ရှောင်တိမ်းနေရခြင်းကြောင့်ဖြစ်သည်။

သည်ကဲ့သို့ ကြုံရခြင်းအတွက် ကျွန်တော်သည် ရှုတ်ရှောင်လင်ကားများကို အချဉ်ပေါက်အောင်ကြည့်ထား သူဖြစ်၍ တော်သေးသည်။ နို့မဟုတ်လျှင် ရန်ကုန်အပြန် နာကြီးရောဂါသည်ရုပ်ပေါက်မှာ သေချာပါ၏။

ဒီလိုဖြင့်. . . သူငယ်ချင်းဟာသစာရေးဆရာ ရွှေညာ မြေဖိုးမောင်၏ ရွာသို့ရောက်သောအခါ နွားချေးနံ့ဖြင့် ပထမ ဆုံး ဆီးကြိုနှုတ်ဆက်မှုကို ကျွန်တော်အမှတ်တရ ရှိလိုက်ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



အင်မတန်မှ နွားပေါလွန်းသည့် ရွာပါပေ။

ထို့အတူ ထိုရွာလေးသည် အထက်ပါကဲ့သို့ နွားပေါ များလွန်းသလောက် ရွာ၏ကျက်သရေအလှပဂေးလေးမျ ဖြစ်သော ရွှေဝါရောင်အသားပိုင်ရှင် ရွှေညာသူမမတို့မှာလည်း ရန်ကုန်မြို့ ရုပ်ရှင်ရုံရှေ့စည်ကားသည့်အတိုင်း ပေါများလှပေ၏

သည်ကဲ့သို့ ကြုံရသောရန်ကုန်သား စာရေးဆရာ ကျွန်တော့်အဖို့တော့ ခရီးစဉ်တစ်လျှောက် စိတ်ပျက်ကျန်းမာ ရေးချူချာစရာများထဲမှ သည်တစ်ကွက်ကတော့ဖြင့် မျက်စိ အသက်ရှည်၊ သွားရည် ခါးတောင်းကျိုက်ရသော အချက်ပင်

ထို့ကြောင့် ကျွန်တော်သည် ရွာထဲကို အကြောင်းမဲ့ အကြောင်းရှာ ခေါက်တုံ့ခေါက်ပြန် သူမတို့မြင်သာအောင် လျှောက်ပြသည်။ ရွှေညာသူမမတစ်ယောက် မြင်လေတိုင်း မျက်လုံးက ဆန်ကောလောက်ဖြစ်သည်အထိ ငမ်းသည်။ ကွမ်းချေးလက်လေးတစ်တက်နေသော သွားတွေကျွတ်ထွက် လုနီးနီး ပါးစပ်ကိုလည်း တိုက်တန်းနစ်သင်္ဘောတစ်စီးအ သာလေးခုတ်မောင်း ဝင်နိုင်လောက်အောင် ဖြဲပြီးပြုံးပြသည်။

ကြာတော့. . . ရွာရိုးကိုးပေါက်သွားလာနေသော ခွေးများ မျက်စိနောက်၍ ထင်သည်။ ကျွန်တော့်နောက်ကို တစ် လိုက်သောကြောင့် အပြေးလေ့ကျင့်ရပြန်၏။

သည်တော့ ကျွန်တော်မနက်ည ထမင်းစားကောင်း





ကိုက်သည့်ဖြစ်ခြင်း။ သည်ကဲ့သို့ ထမင်းစားကောင်းပြီဆိုသော အခါ ဗိုက်ကတစ်ရစ်ရစ်နာသည့် ဝေဒနာကို တိုက်ကင်မချိတ်ရဘဲ အလူးအလဲခံစားရတော့၏။ ထိုပြဿနာကို အဖြေရှာ ကြည့်သောအခါ ခေါင်းစားစရာမလိုဘဲ ချက်ချင်းတွေ့သည်။ ခြားကြောင့်ပေဟုမဟုတ်။ မနက်ညှ မှုစ်ချဉ်နှင့် ရေတိသီး မ်းချဉ်းသာ စားရသောကြောင့်တည်း။

ဒီကို နှင့် မင်္ဂ ဆုံယေယ်ချင်းဟာသစာရေးဆရာရွှေမှာ န်ဖော်တစ်ရက်ပြီးရှာစ်ရက် ကုန်လွန်သွားလေသည့်သည်။ နှလွန်ခဲ့သည် မြနေ့တိုင်းမှာလည်း ရွာနီးချုပ်စပ်ရှိ ရွှေး ကောင်းဘုရားများကိုလည်းကောင်း၊ ပုတ်ဝန်းကျင်ရှိ ထူးခြား သာနေရာများသို့လည်းကောင်း၊ ရမည်းသင်းမြို့၏ ကျက်သ ဆောင် ရွှေမြင်တင်စေတီတော်မြတ်သို့လည်းကောင်း လာရေးအဖြစ် ရောက်ရှိလေ၏။

အဆိုပါနေရာများသို့ သွားရာတွင် ခြေလျင်ခရီးလည်း ယည်။ စက်ဘီးနှင့်လည်းသွားရသည်။ ဆိုင်ကယ်နှင့်လည်း က်ရသည်။ ဆိုရလျှင် ထိုခရီးစဉ်ကား ကျွန်တော့်အတွက် စ်နေရာတည်းနှင့် ယုံစံမျိုးစုံလှသော ခရီးပင်ဖြစ်၏။

သည့်နောက် ဆုံငယ်ချင်းဟာသစာရေးဆရာနှင့် းနီးအသာရွာများမှ ထမင်းဖိတ်ကျွေးသောအခါ ကျွန်တော် ယ်တိုင်က မငြင်း။ ထမင်းစားဖို့ လက်ခံသည်။ ဒီလိုနှင့်



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားဖို့ ထိုရွာရှိ အိမ်သို့ရောက်ပြီး ထမင်းကိုင်းသို့ဝင်
အနှိပ်စေတော့ ကျွန်တော့်အား ကစ်လျှောက်လုံးဒိုက်နာ
ဒုက္ခပေးခဲ့သော မျှစ်ချဉ်များအား ထိုအိမ်တွင်ကျွန်တော်
အရင် ရောက်နေပါတော့သည်။

ထို့အတူ . . . သူငယ်ချင်းဟာသစာရေးဆရာ
အိမ်များတွင် ထမင်းဖိတ်ကျွေးသောအခါတွင်လည်း အ
ပါအတိုင်းပင် ဖြစ်သည်။ ကျွန်တော့်အတွက် အဆိုးဆုံး
ထမင်းစားနေရင်းတန်းလန်းမှ မျှစ်ချဉ်နှင့် ဧရုတ်သီးစိမ်း
ပွဲများကြောင့် ကျွန်တော့်ဝမ်းဗိုက် မခံမရပ်နိုင်အောင်
အောင့်ကာ ရွှေညာသူမမတို့ရှေ့၌ပင် ထလစ်ပြီးအိမ်သ
တန်းပြေးခဲ့ရသည့်မှာလည်း အကြိမ်ကြိမ်။

ကျွန်တော့်အား အင်မတန်မှ ဒုက္ခပေးလွန်း
အညာမျှစ်ပါတကား။ ထိုအကြောင်းကို ကျွန်တော်ရန်ကု
ရောက်မှ စာတစ်စောင်၊ ပေတစ်တန်ဖွဲ့ပြရပေဦးမည်။

နောက်ပြီး . . . ကျွန်တော်ရွာထဲသို့ ခြေနှစ်ဖက်
ဖြတ်လောက်အောင် ကိုယ်ဟန်ပြလမ်းလျှောက်လေ့ရှိ
အခါမှာလည်း ရွာထဲရှိ နုပ်ချော်သူငှော။ ပုဆိုးစလွယ်သိုင်းက
တစ်သိုက်တို့မှာ ကျွန်တော့်နောက်တွင် ဝါတန်းတန်း။

မဟုတ်မှလွဲရော။ ထိုကဲ့သို့ ကျွန်တော့်အပေါ်ကလေ
စိတ်ဝင်စား လိုက်ကြည့်ရှုခြင်းခံရသည့်မှာ အခြားကြောင့်





[illegible]

"ဟီး . . . ဟီး [illegible] ကြီးက [illegible]
[illegible]"

"[illegible] ကုတာပါဗျ"

"[illegible] ကြီးပဲ . . . [illegible] တူပါလိမ့်မယ်၊ ဟို
[illegible] ပဉ္စတာပါကွ"

"မင်းတို့မပြောတာ [illegible] တော့ရွာက မသာ



www.burmeseclassic.com

www.burmeseclassic.com

ကျင်းတူးတဲ့ ဟိုလူကြီးနဲ့တူတာပါ၊ လုံးဝချွတ်စွတ်ပဲ”

“မဟုတ်ဘူးကွ မဟုတ်ဘူး၊ မီးသွေးသည် တုလောကြ
နဲ့ တူတာကွ”

“ဟေ့ ဘယ်သူနဲ့မှမတူဘူး၊ ဒီက အစ်ကိုကြီးကို ငါတွေ့
တာက ရမည်းသင်းမြို့ပေါ်မှာ အိမ်သာကျင်းလိုက်တူး
အစ်ကိုကြီးကွ၊ ကျွန်တော်ပြောတာ ဟုတ်တယ်နော် အစ်ကိုကြီး

ကောင်းကရောဗျာ။ ကယ်ကြပါဦး အရပ်ကတို့ရယ်။

ကျွန်တော်ရန်ကုန်သား စာရေးဆရာအညာမြေလ
ပိုင်းရှာက ကလေးများနှင့်တွေ့မှ အထက်ပါအတိုင်း ရ
မရှိအောင် ဘဝပုံစံစုံသွားတော့သည်။ ကျွန်တော်အရေးမလ
ချက်ချင်းပဲဖနောင့်တင်ပါး တစ်သားတည်းကျအောင် ပြေး
တော့ပြီ။

သည်ကစပြီး . . . ကျွန်တော်အိမ်ထဲက အိမ်ပြင်လုံး
မထွက်ဖြစ်တော့။ အသားရွှေဝါရောင်ပိုင်ရှင် ရွှေညာသူမများ
ငမ်းကြောလည်း မဆွဲဝံ့တော့ချေ။ ဒီလိုနှင့် သူငယ်ချ
စာရေးဆရာရွာတွင် ကျွန်တော်ရက်သတ္တပတ်ကျော် ကြာလွှ
တစ်နေ့မှာ ရန်ကုန်သို့ သူငယ်ချင်းပါသာစာရေးဆရာနှင့်အ
ပြန်ဆင်းဖြစ်တော့လေသည်။

ထိုကဲ့သို့ ကျွန်တော်ပြန်သည့်အခါ လောတုန်းကန
တော်တာကိုစီး၍ မဟုတ်တော့။ ပုံစံပြောင်းသွားသည်။ မည်

ရမည်းသင်းဘူတာအရောက် ပြန်ခဲ့ရပါသလည်းဆိုလျှင် နွား
လှည်းနှင့်ဖြစ်သည်။

အဲ . . . ဖြစ်မယ့်ဖြစ်တော့လည်း ကျွန်တော်တို့နှစ်ယောက်
နွားလှည်းဖြင့်ရမည်းသင်းမြို့ပေါ် စီးနင်းလိုက်ပါခဲ့ရင်း လမ်းတစ်
ဝက်အရောက်မှာ ခရီးရှေ့ဆက်မရတော့ဘဲ ဒုက္ခအကြီးအကျယ်
အဟုတ် သံယာစင်ပါ မှောက်ရပါတော့သည်။

အခြားကြောင့်တော့ မဟုတ်ချေ။ ကျွန်တော်တို့ စီး
လာခဲ့သောလှည်းမှ နွားမတစ်ကောင်မှာ သားကျခါနီးသော
နွားမကြီးကို လှည်းကောက်လာမိ၍ လမ်းတစ်ဝက်အရောက်
သားကျ(နွားပေါက်) သွားခြင်းကြောင့်ဖြစ်ပါတော့၏။

ဩော် . . . ဤကား ကျွန်တော်ရန်ကုန်သားစာရေးဆရာ
အညာဒေသခရီးစဉ် အတွေ့အကြုံများထဲမှ သားကျခါနီး
သောနွားလှည်းကို သတိမမူဘဲ စီးမိ၍ ဂူမမြင်လောက်အောင်
ယခုကဲ့သို့ နွားသားကျခြင်းနှင့်တိုးကာ ဒုက္ခအကြီးအကျယ်
ရောက်ရခြင်းဖြစ်လေသောကြောင့် ကျိုစသွား နွားလား ဟူ၍
ဆိုပါလျှင်။

(ကျိုစ ရွာသူရွာသားအားလုံးသို့ အမှတ်တရ)

ငနုတ်ကိုကိုဇော်
ဇမ္ဗူနဂါရိလ၊
၄၄၊၀၀၀၉၅၀ - ၁၂
အာသသောကြာနေ့တောင်၂၀၀၆

www.burmeseclassic.com

စာမူကာလောင်ရှင်သစ်များအသိသို့ သတင်းကောင်းပါးခြင်း . . .

ခိန်မိုးယံစာပေပဒဲ့ကဲမှလစဉ်ထွက်ရှိသော

၁။ ဂရုဖိန့် (ပရဆာန်းကြယ်ဂမ္ဘီရဝတ္ထုတိုများ)

၂။ ဂရုဖိန့် (ပရဆာန်းကြယ် လုံးချင်း...)

၃။ ဂမ္ဘီရဝိညာဉ် (ပရဆာန်းကြယ်ဂမ္ဘီရဝတ္ထုတိုများ)

၄။ ဂမ္ဘီရတာရာ (ပရဆာန်းကြယ် ဂမ္ဘီရဝတ္ထုတိုများ)

[illegible]

[illegible]

ဓာတ်ပုံ(၂)ပုံ၊ အမည်၊ ... မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ကိုယ်တိုင်ရေးစာမူဖြစ်ပါကြောင်းဝန်ခံကတိများနှင့် အတူ ပေးပို့နိုင်ပါသည်။

စာမူကိစ္စနှင့်ဝေဖန်အကြံပေးလိုပါက –

အမှတ်(၄၄)၊ ပထမထပ်၊ အင်ကြင်းလမ်း၊ ကျောက်မြောင်းရပ်ကွက်

တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉၅၀၀၄၄...

# မေတ္တာရှိမယ့်နေ့



www.burmeseclassic.com

www.burmeseclassic.com

# မေတ္တာရှိခဲ့ယံ့နေ့

သမ္မာန်သမား မောင်နီ၊ သမ္မာန်မထွက်ဖြစ်ဘဲ ကုန်း ဘောင်တင်(ပြုပြင်မွမ်းမံ) ထားတာ ရက်သတ္တပတ်လောက်ရှိပြီ။

အဲဒီအချိန်အတွင်းမှာ သမ္မာန်သမားမောင်နီအတွက် သိပ်ကို လွတ်လပ်နေတာ။ ဒီရွာမှာတော့. . . မောင်နီဟာ ဦးဘိုခင်၊ ဒေါ်ကြွက်တို့ရဲ့ တစ်ဦးတည်းသောသား။ မိဘဘိုးစဉ်ဘောင်ဆက် ကတည်းက ဒီသမ္မာန်အလုပ်ကိုပဲ လုပ်ကိုင်လာခဲ့ကြတာ။

အခုလည်း. . . အဲဒီအမွေကို မိဘတွေဆီကနေ မောင် နီက အမွေယူထားတာ။ သမ္မာန်သမားအမွေ ဆိုပါတော့။ အဲ. . . ချမ်းသာတဲ့သူဌေးစာရင်းဝင်တော့ မဝင်ဘူး။ တံငါသ မားမယားလို အစိုချင်တဲ့အခါစို၊ အခြောက်ချင်တဲ့အခါလည်း ခြောက်ရတဲ့ ဘဝမျိုး။

---

ဝိနန်မိုးယံစာပေ

www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့် ဒီရက်သတ္တပတ်အတွင်းမှာ သမ္မာန်သမား မောင်နီ လွတ်လွတ်လပ်လပ်ကြီးဖြစ်ပြီး တစ်ရွာလုံးကိုလိုက် လည်ပတ်ခွင့်၊ ရှာရှိုးကိုးပေါက် လျှောက်ခွင့်ရခဲ့တာ။

အခုလည်း. . . သမ္မာန်သမားမောင်နီတစ်ယောက် ဒီရွာမှာ သူ့အင်မတန်မှ မျက်စိကျပြီး နောက်ပိုးပိုးနေတဲ့ မိချောစုကို တစ်မနက်လုံးထိုင်စောင့်နေခဲ့တယ်။ ရွာထိပ်ရှိ မန်ကျည်းပင် ကြီးအောက်က အကြော်ဆိုင်လေးမှာပါ။

မိချောစုက သူ့မအဖော်တစ်ယောက်နဲ့ စကားတပြော ပြောလုပ်ပြီး ပြန်လာကြတာကို မောင်နီတွေ့လိုက်ရတယ်။

မောင်နီ ဘာမှစဉ်းစားမနေတော့ဘဲ အကြော်စားနေ တဲ့တန်းလန်းက ဝုန်းခနဲထရပ်ပြီး အကြော်တဲ့ထဲ လျှင်မြန် တဲ့ခြေလှမ်းနဲ့ ထွက်လိုက်တယ်။

"ဟဲ့. . . မောင်နီ၊ ဒါက ဘယ်ထပြေးတာလဲ၊ ငါ့အကြော်ဖိုး ပေးခဲ့ဦးလေ"

အကြော်သည် ဒေါ်နက်ပုက သူ့အကြော်ဖိုးလှမ်းတောင်း တဲ့အခါ မောင်နီကလှည့်ကြည့်လိုက်ပြီး -

"နောက်တော့ ကျွန်တော်လာပေးမယ် အဒေါ်၊ စိတ်ချ အခုအရမ်းအရေးကြီးနေလို့"

ဆိုပြီး မိချောစုတို့ထံကို မပြေးရုံတမယ် သွားတယ်။ မိချောစုတို့ရှေ့ရောက်တော့ မောင်နီက သူ့ဘိုကေကိုလက်





ဘယ်ပြန်ညာပြန် သပ်တင်လိုက်ပြီး 'တဟဲ. . . ဟဲ' နဲ့ ပါးစပ် ကြီးဖြဲပြလိုက်တယ်။

မိချောစုတို့နှစ်ယောက်က မောင်နီရဲ့ အူကြောင် ကြောင်ပုံစံကိုကြည့်ပြီး နောက်ကိုခြေတစ်လှမ်းစီဆုတ်လို့ နဂါး မျက်စောင်းတွေ ထိုးလိုက်ကြတယ်။

"ဟဲ့. . . နင်ဘာဖြစ်နေတာလဲ မောင်နီ၊ ဝက်ရူးပြန် နေတာလား"

မိချောစုက အလိုမကျဟန်နဲ့ရွဲ့ပြီး မေးလိုက်တယ်။

"အဲ. . . ဟုတ်ဘူး။ နင့်ကိုစောင့်နေတာ"

"ဘာကိစ္စ"

"ဟို ကိစ္စ" ဆိုပြီး မောင်နီက နွားများလိုမြေကြီးတွေ ကို ခြေထောက်နဲ့ယက်ယက်ပြီး အားယူပြောလိုက်တယ်ဆိုရင်။

"ဘာကိစ္စလဲ နင်အူကြောင်ကြောင် မလုပ်နဲ့နော်၊ ဘာမှတ် နေလဲ၊ ပါးဆယ်စိတ်ကွဲသွားမယ်"

"အဲ. . . ဗျာ"

မိချောစုရဲ့ ဒေါသသံနှောသွားတဲ့စကားကြောင့် မောင်နီ သူ့ပါးကိုသူလက်နဲ့ ယောင်ယမ်းပြီး စမ်းလိုက်မိတယ်။

"မဟုတ်ပါဘူးဟာ၊ နင့်ကို ငါ စကားလေးပြောစရာ ရှိလို့ပါ"

"နင်နဲ့ငါ ဘာမှပြောစရာအကြောင်း မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com

"နှင်ကလည်း စိတ်ချည်းပဲဟာ၊ ငါ့ကိုသနားပါဟယ်"

မောင်နီက တောင်းပန်သလိုပုံစံနဲ့ လက်ကလေး နောက်ပစ်၊ ခါးကလေးကိုင်း၊ ခေါင်းကလေးယို့ပြီး ပြောလိုက်တယ်ဆိုရင် မိချောစုရဲ့ မျက်စောင်းလှလှလေးက မောင်နီ တစ်ကိုယ်လုံး ပြာကျသွားလောက်အောင် ဒုတိယအကြိမ် ထပ်ရောက်သွားတယ်။

"နင့်ကို သနားရအောင် နင်က. . . နူနေလို့လား၊ ကျိုးနေလို့လား"

မိချောစုရဲ့စကားကြောင့် မောင်နီအင်မတန်မှ တုန့်လှုပ်သွားတယ်။

ရှေ့စကားဆက်ဖို့လည်း အကြပ်တွေ့သွားတယ်။ ဒါပေမယ့် မောင်နီဆုံးဖြတ်လိုက်တယ်။ သူကမိချောစုအပေါ် ချစ်နေတဲ့ သူ၊ မိချောစုပြောသမျှ လုပ်သမျှ ခံတော့မယ်ဆိုတဲ့ ပုံစံနဲ့ နိုင်နိုင်မာမာကြီးကို ဆုံးဖြတ်ချက်ချလိုက်တာ။

"နင် ကြိုက်သလိုပြောပါ မိချောစုရယ်၊ ဟောဒီတစ်ရွာလုံးမှာ နင်ကလွဲပြီး ဘယ်မိန်းကလေးရဲ့ အပြောအဆိုကိုမှ ငါခံခဲ့ဖူးတာ မဟုတ်ပါဘူး၊ နင်မကျေနပ်လို့ သတ်မယ်ဆိုရင်လည်း သတ်သွားပါဟယ်"

"အမလေးတော်. . .၊ နင့်ကို ဘယ့်နှယ်ကြောင့် ငါက သတ်ရမှာလဲ၊ ငါထောင်ကျသွားမှာပေါ့။ နင့်ရူးနေလား မောင်နီ"





"ဟုတ်တယ်. . .၊ ငါရူးနေတာ၊ အဲဒါဘာကြောင့် ရူးရသလဲဆိုတာ နင်သိချင်လား"

"အို. . . မသိချင်ဘူး၊ မသိချင်ဘူး"

မိချောစု ခါးခါးသီးသီး ငြင်းလိုက်ပေမယ့် မောင်နီကတော့ ဘာကယ့်ကို ဖွတ်တရွတ်သမားပဲ။ လုံးဝလက်မလျှော့တဲ့ပုံစံ။

"နင်မသိချင်လည်း ငါက ရှင်းပြရမှာပဲ မိချောစုရယ်"

"နင် ဝေ့လည်ကြောင်ပတ်လုပ်ပြီး မနှောက်ယှက်နဲ့ နော် မောင်နီ၊ နင်. . . လမ်းဖယ်ပေးပါ"

"ခဏလေး နေပါဦးမိချောစုရယ်၊ ငါရူးနေတဲ့အကြောင်းလေးကို နားထောင်သွားပါဦး။ ငါ. . . ငါရူးနေတာက နင့်. . . နင့်ကို မေတ္တာရှိနေလို့ဟ သိလား"

"ဘာရယ်. . .၊ နင်က ငါ့ကိုမေတ္တာရှိတယ် ဟုတ်လား၊ ကျားသားမိုးကြိုးတော်၊ အမဲရိုးနှယ်ဟင်းအိုးမှ အားမနာ၊ နင့်ကို မေတ္တာရှိဖို့နေနေသာသာ၊ ကြည့်လို့တောင် မင်္ဂလာမရှိဘူး"

"နင် ငါ့ကိုချစ်ရင်တော့. . . မကြာခင်မင်္ဂလာဆောင်ပြီး မင်္ဂလာရှိသွားမှာပေါ့ဟာ"

"တောက်. . . ဒီမယ်မောင်နီ၊ တစ်ခါတည်း ပြောလိုက်မယ်၊ နင့်လို သမှာန်သမားအစုတ်ပလုတ်ကို ငါဘယ်တော့မှ မေတ္တာရှိမှာ မဟုတ်ဘူး"

"ဒါဆို. . . ဘယ်တော့မှ မေတ္တာရှိမလဲ ဟင်. . ."



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာ ဘယ်လိုမှပြောမရတဲ့မောင်နီကို မိချောစု အရှုံ့တိုက်ပြီး ပြောလိုက်တဲ့စကားကြောင့် အဖော်ပါလာတဲ့ မိန်းကလေးတောင် ရယ်သွားတယ်။ မောင်နီကတော့ ပါးစပ်အဟောင်းသားကြီးနဲ့ ရယ်မလို၊ ငိုမလိုပုံစံကြီးနဲ့။

မိချောစုပြောလိုက်တဲ့ စကားကလည်း ကြည့်ပါဦး။

"သမ္မာန်သမားနင့်ရဲ့နဖူးမှာ အမြီးပေါက်ပြီး ဖင်မှာနှာခေါင်းထွက်လာတဲ့ တစ်နေ့"


ကိုင်း. . . မှတ်ကရောဗျာ။ ။

ဓနုတ်ကိုကိုဇော်

(နွယ်သာဂီ၊ ၂၁၀၇–ဇူလိုင်လ)



# ဂိုးပေါက်လွဲသော ဘောလုံး



www.burmeseclassic.com

www.burmeseclassic.com

# ဗိုးပေါက်လွဲသော ဘောလုံး

“မောင်နိုင်မိုး၊ ဒီညမင်းအပြင်ကို လုံးဝမထွက်ရဘူး၊ မနက်ဘုန်းကြီးကျောင်းအတွက် ဆွမ်းချက်ရမယ်၊ မနက်စောစောထပြီး မင်းဆွမ်းထချက်ပါ”

ဘကြီးဖိုးလူရဲ့ တင်းမာပြတ်သားသော အမိန့်တစ်ခုကြောင့် ထုံးစံအတိုင်း အပြင်သို့ထွက်ရန်တာစူနေသော ကျွန်တော့်ခြေလှမ်းများ ကြိုးတစ်ချောင်းနှင့် တုပ်နှောင်လိုက်သလို ငြိမ်သွားသည်။

“ဟို. . . ဟို. . . ဘကြီး ကျွန်တော်”

“တော်စမ်း. . . ဟောကောင်၊ ဘာမှ ငါ့ကိုဆင်ခြေပေးဖို့ ကြိုးစားနဲ့၊ ငါ့အကြောင်း မင်းသိတယ် မဟုတ်လား”

ကျွန်တော်သည် နံနက်စောစောထလေ့မရှိသူသို့၊



www.burmeseclassic.com

www.burmeseclassic.com



ယခုလည်းသူငယ်ချင်း မိုးအောင်နှင့် ဒီနေ့ည သူ့အိမ်တွင်
အတူအိပ်ပြီး စကားပြောရန်အတွက် ချိန်းထားခြင်းကြော
ကျွန်တော်ထွက်ပေါက်ရှာဖို့ ကြိုးစားလိုက်သော်လည်း
အချည်းအနှီးသာ။

ဒေါသအလွန်ကြီးသော ကျွန်တော့်ဘကြီးအကြောင်း
ကျွန်တော်သာကိုယ်တိုင် အသိဆုံးမို့ ဘကြီးစကားကို မ
ဆန်နိုင်၊ ကျွန်တော်ငြိမ်ကုပ်သွားရသည်။

ကျွန်တော်ချက်ချင်းပဲ ဘကြီးရှေ့ကနေ ခပ်ကုပ်ကုပ်
ထွက်ခွာခဲ့လေ၏။

♛♛♛♛♛





နံနက် (၃း၀၀)နာရီခွဲလောက်ကတည်းက ဆွမ်းချက်ရန်
ကြီးလာနှိုးသဖြင့် ကျွန်တော်အိပ်ယာမှ အိပ်မှုန်စုတ်မွှားနှင့်
ချင်၊ ထ,ချင် ထ,လိုက်ရသည်။

"ဟော့ကောင်. . . မြန်မြန်ထစမ်း၊ ဆွမ်းချက်ဖို့ အချိန်
က်ကျရင် မင်းနဲ့ငါ အသိပဲ။ သွား မီးဖိုထဲမှာ ဆွမ်းချက်ဖို့
ည်အစုံရှိတယ်"

ဘကြီးစကားအဆုံးတွင် ကျွန်တော်သည် အိပ်ချင်စိတ်များ
ချင်းပျောက်ကာ ရေနံဆီမီးခွက် မီးထွန်းညှိပြီး မီးဖိုချောင်ထဲသို့
ဲ့လေ၏။

"ဝါး. . ."

သို့သော် မီးဖိုချောင်ထဲရောက်တော့ အိပ်ချင်စိတ်က



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းဝင်လာပြီး ကျွန်တော့်ကို ဒုက္ခပေးတော့သည်။ သို့ရာတွင် ကျွန်တော်အိပ်၍မရပါ။ ဘကြီး၏ ဒေါသကမ္ဘာန် အရေ အကြိမ်းကို ကျွန်တော်ခံရပေလိမ့်မည်။ အိပ်ချင်လည်း မြုံသိပ်ပြီး ကြိုးစားရမည်ဖြစ်၏။

သို့ဖြင့် ကျွန်တော်သည် မီးဖိုထဲကို ထင်းများစိုင်သည်။ ရေနံဆီလောင်းသည်။ ပြီးနောက် ထင်းချောင်းတစ်စယူပြီး ရေနံဆီနှင့်တို့ကာ မီးကူးပြီး ရေနံဆီလောင်ထားသော မီးဖိုထဲသို့ ပစ်ထည့်လိုက်သည်။

"ဖျတ်. . . ဖျတ်"

"ဝုန်း"

"အမလေးဗျာ"

ရုတ်တရက် မီးဖိုထဲမှ ထူးဆန်းသောအသံများနှင့်အတူ မီးလုံးကြီးတစ်လုံး ပြေးထွက်လာပြီး မီးဖိုတစ်ခုလုံးကို ပတ်ပြေးနေ၏။

"အမလေး သ သရဲမီး၊ သရဲမီးဗျ"

ကျွန်တော် လန့်အော်ပြီး ထွက်ပြေးသည်။ ထိုမီးလုံးကြီးက ကျွန်တော့်နောက်က ကပ်ပါလာသည်။

"အမလေး ဘကြီး၊ လုပ်ပါဦးဗျ၊ သရဲမီး သရဲမီး"

ကျယ်လောင်သော ကျွန်တော်၏အသံများကြောင့် ဘကြီးလည်း အိပ်ရာမှထလာပြီး ကျွန်တော်လှမ်းပြောလိုက်





သောအရာကို ကြည့်လိုက်ပြီး. . .

"ဟာ အဲဒါ သရဲမီးမဟုတ်ဘူး၊ စုန်းမီးဟ၊ စုန်းမီး"

ဒီတော့မှ ကျွန်တော်လည်း ပိုပြီးထိတ်လန့်တုန်လှုပ်သွားကာ ဘာလုပ်လို့ဘာကိုင်ရမှန်းမသိ ဖြစ်နေတော့သည်။ ထိုစုန်းမီးလုံးကြီးက တစ်အိမ်လုံးကို ပတ်ပြေးနေဆဲ။

ရုတ်ရုတ်သဲသဲ၊ ဆူဆူညံညံအသံတွေကြောင့် ကျွန်တော်တို့အိမ်ပေါ်သို့ လူများစုပြုံရောက်ရှိလာကြသည်။

"ဟေ့ ကိုဖိုးလူ၊ ဘာ ဘာဖြစ်တာလဲဗျ"

လူအုပ်ကြားထဲမှ လူကြီးတစ်ယောက်ကမေးသည်။ ဘကြီးဖိုးလူက တစ်အိမ်လုံးပတ်ပြေးနေသော မီးလုံးကြီးကို လှမ်းပြပြီး. . .

"ကျုပ်တို့အိမ်ထဲ စုန်းမီးလုံးကြီး ဝင်လာလို့ဗျ၊ ဟို ဟိုမှာလေဗျာ"

"ဟင်"

"ဟာ"

"ဟုတ်ပါရဲ့ဗျာ"

လူအများ၏ ထူးဆန်းထိတ်လန့်သွားသော အသံများ။ မကြာခင်မှာ ထိုမီးလုံးကြီးရှိရာသို့ မည်သူမျှရှေ့တိုးမသွားဝံ့ကြဘဲ သူ့သွားနိုးနိုး၊ ငါ့သွားနိုးနိုးနှင့် ဖြစ်နေကြသည်။

"ကျုပ် အရင်သွားကြည့်မယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ရွာလူကြီးတစ်ဦးကပြောပြီး ထိုမီးလုံးကြီး ပြုတ်ကျသွားရာဆီသို့ မဝံ့မရဲနှင့် ချဉ်းကပ်သွားသည်။

“ဟင်. . . ကိုဖိုးလူ ဘယ်မှာလဲဗျ၊ စုန်းမီးလုံး၊ အဲဒီကြောင်တစ်ကောင် မီးလောင်နေတာဗျ”

ဒီတော့မှ လူများဝိုင်းအုံလာပြီး ကြည့်လိုက်ကြသည်။ ပြီးတော့ ဝါးခနဲ ရယ်လိုက်ကြ၏။

“ဟုတ်ပါရဲ့ဗျာ၊ ဘယ်က စုန်းမီးလုံးလဲ၊ ကြောင်ကြီး မီးလောင်နေတာကိုး”

“လက်စသတ်တော့ သင်းကြောင့်ပဲ၊ လူတွေကို ထိတ်လန့်အောင်လုပ်တာ သင်းသေပေတော့”

ဘကြီးဖိုးလူကပြောပြီး ကျွန်တော့်ထံသို့ ပြေးလာတော့သည်။ ကျွန်တော်လည်း စဉ်းစားမနေတော့ဘဲ လူအုပ်ကြားထဲမှ အတင်းပြေးထွက်ခဲ့ရလေ၏။

“ဟေ့ကောင် မပြေးနဲ့၊ ခု ရပ်နေစမ်း၊ မပြေးနဲ့”

ဘကြီး၏အသံက ကျွန်တော့်နောက်ပါးတွင် ဝေး၍ ဝေး၍ ကျန်ခဲ့တော့သည်။

ဖြစ်မယ့်ဖြစ်တော့လည်း အထင်နဲ့အမြင်က တခြားစီပင်၊ ယခုကဲ့သို့ပင် ဖြစ်ရတာ ကျွန်တော်တရားခံ။

ရေနံဆီလောင်းပြီး မီးမွှေးစဉ်က အိပ်ချင်စိတ်မပြေသေးဘဲရှိသောကြောင့် မအောက်ကိုလည်း သေသေချာချာ





မကြည့်မိ၊ နောက်ဆုံး မီးဖိုထဲမှာ အိပ်နေတဲ့ကြောင်ပေါ် ထင်းစိုင်၊ ရေနံဆီလောင်းချပြီး မီးမွှေးလိုက်သောကြောင့် မီးလောင်ပြီး မီးဖိုထဲက ခုန်ထွက်လာခြင်းပင်။

အဲဒီတော့ စုန်းမီးတွေ၊ သရဲမီးတွေဖြစ်သွားရော၊ အခုမှပဲ အဖြေက ရှင်းသွားတော့တယ် ဟီး ဟီး”

မနုတ်ကိုကိုဇော်

(သောကြာ၊ ၂၀၀၇-မေလ)



www.burmeseclassic.com

www.burmeseclassic.com

**စာမူကလောင်ရှင်သစ်များဆီသို့သတင်းကောင်းပါးခြင်း. . .**

စိန်မိုးယံစာပေတိုက်မှလာစဉ်ထွက်ရှိသော

၁။ ငရဖိန် (ပရဆန်းကြယ်ဂမ္ဘီရဝတ္ထုတိုများ)

၂။ ဝရဖိန် (ပရဆန်းကြယ် လုံးချင်းဝတ္ထု)

၃။ ဂမ္ဘီရဝိညာဉ် (ပရဆန်းကြယ်ဂမ္ဘီရဝတ္ထုတိုများ)

၄။ ဂမ္ဘီရတစ္ဆေ (ပရဆန်းကြယ် ဂမ္ဘီရဝတ္ထုတိုများ)

တွင်ဖော်ပြရန် စာပေဝါသနာပါသူ ကလောင်ရှင်အသစ်များအနေနှင့် ပရဆန်းကြယ်ဂမ္ဘီရဝတ္ထုတိုများကိုပေးပို့နိုင်ပါသည်။

စာမူရေးသားရာတွင် A4 စာမျက်နှာ(၈)မျက်နှာမှ (၁၂)မျက်နှာအတွင်း ရေးသားပေးပို့ရပါမည်။ ကိုယ်တွေ့ဖြစ်ရပ်ဆန်း။ ဂမ္ဘီရ ပရလောကနှင့်သက်ဆိုင်သော သရဲ၊ သရဲ၊ တစ္ဆေ၊ ဝိညာဉ်အစရှိသည့် အကြောင်းရာများကို ဦးစားပေးရေးသားပေးပို့နိုင်ပါသည်။

စာမူဖော်ပြခံရပါက စာမူခနှင့်စာအုပ်လက်ဆောင်များကို ပေးမည်ဖြစ်ပါသည်။


စာမူရေးသားပေးပို့လိုပါက–

ဓာတ်ပုံ(၂)ပုံ၊ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ကိုယ်တိုင်ရေးစာမူဖြစ်ပါကြောင်းဖန်ခံကတိများနှင့် အတူ ပေးပို့နိုင်ပါသည်။

**စာမူကိစ္စနှင့်ဝေဖန်အကြံပေးလိုပါက–**

အမှတ်(၄၄)၊ ပထမထပ်၊ အင်းဝလမ်း၊ ကျောက်မြောင်းရပ်ကွက်
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉၅၁၀၀၉၃၇

# အမှတ်တရနေ့စွဲများထဲမှ
# ကော်ပတ်စားသူများ




www.burmeseclassic.com

www.burmeseclassic.com

# အမှတ်တရနေ့ခွဲများထဲမှ ကော်ဝတ်အားသူများ

အခုတစ်လော လေအန်ကုန်းရှိ ကျွန်တော်တို့စာရေး
ရာ၊ ကဗျာဆရာ လူငယ်များအဖွဲ့ အင်မတန်မှဖာတာ
နီးလက်တွေတက်ပြီး စားရက်ကြုလက်ဆောင်တွေ တစ်ပွေ့
စ်ပိုက်ရတဲ့ပွဲမျိုးတွေကို ခြေမလည်၊ လက်မအား၊ ပါးစပ်
ငြိမ်မနေရလောက်အောင် တက်ရောက်နေကြရတယ်။

ဒါကို . . . ဝေဖန်ရေးစာမျက်နှာတွေပေါ်မှာ ကိုယ့်စ
တ်နဲ့ကိုယ် မေတ္တာပို့ခံနေရတဲ့ ဆရာဖြိုးထိန်တစ်ယောက်
တော့ ကျွန်တော်တို့လူငယ်များအဖွဲ့ကို ကြည့်မရတဲ့ပုံမနဲ့
ဖန်ရေး ကုန်ကြမ်းတစ်ပုဒ်ရကြောင်း လေအန့်ကုန်းမှာ ကြွေး
ကြော်သွားကြောင်း သိရပါတယ်။

အခုလည်း . . . မြို့နယ်စာပေဟောပြောပွဲလေး တစ်ခုက



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်အပါအဝင် ဗြိုလ်မှူးမောင်ပျင်းခေါ် ကိုရွှေအောင်သင်း နာမည်ရှေ့မှာ ဘွဲ့ထူးဂုဏ်ထူးတွေ ထော်လာဂျီတစ် တိုက်စာလောက်များပြားတဲ့ ဒေါက်တာဝေငြိမ်းအောင်၊ ပြီးတော့ သူ့ကိုယ်သူ အရင်ဘဝက အလက်ဇီဘက်ကော့(ဂေါက် ငယ်နာမည်)နဲ့ သမီးတော်ယောက်ဖတော်စပ် ခဲ့ဘူးကြောင်း အမြဲပြောလေ့ရှိတဲ့ အမျိုးသမီးကလောင်ပိုင်ရှင် လွန်းအိမ်။

နောက်ပြီး အညာမှာ မိုးခေါင်ရေရှားပြီး ဆီးသီးစားရ မဒေါ်တဆ စာရေးဆရာဖြစ်လာတဲ့ ညစ်ပတ်ဖြူစင်ခေါ် မြင့်မြတ်ဖြူစင်၊ အဲ. . . နောက်နှစ်ယောက်ကတော့ ကျွန်တော် တို့အုပ်စုထဲမှာ နာခေါင်းကြီးသလောက် လေလုံးလည်းကြီးတဲ့ လေမိုးမှောင်ခေါ် ဝေမိုးအောင်၊ နောက်ဆုံး တစ်ယောက်က အမြဲတန်းဘောင်းဘီခြေရှည်ကြပ်တုတ်တုတ် ဝတ်တတ်တဲ့အတွက် မကြာခဏဆိုသလို ဘောင်းဘီဂွကွဲကာ ထိန်းသိမ်းရလေ့ရှိ ဂွကုန်းကိုင် (ဝရမ်းပြေး)ခေါ် လှပြုံးနိုင် (မန္တလေး)တို့ကို ဖိတ်ကြား ထားတဲ့အတွက် ကျွန်တော်တို့ ညနေသုံးနာရီမထိုး လောက်ကတည်းက လူစုပြီး တာစူနေခဲ့ကြတယ်။

အရှင်းဆုံးပြောရရင် အဲဒီဖိတ်ကြားထားတဲ့ စာ ဟောပြောပွဲကိုသွားဖို့၊ ဘာနဲ့သွားမလဲ၊ ခြေလျင်နဲ့လား၊ ကား နဲ့လား စသဖြင့်ပေါ့လေ။ ညနေလေးနာရီထိုးတဲ့အထိတော့ အဲဒီကိစ္စ အကောင်အထည်ဖော် ညှိနှိုင်းလို့ မပြီးကြသေးဘူး





"ဘယ်လိုလုပ်ကြမလဲ၊ တစ်ခုခု အမြန်ဆုံး ဆုံးဖြတ် ဖြစ်တော့မယ်"

အမြဲတမ်း စိုးရိမ်စိတ်တွေ လွှမ်းမိုးပတ်လေ့ရှိသော လယ်ဇီပတ်ကော့နဲ့ ဆွေမျိုးတော်စပ်သူ လွန်းအိမ်က မေး တယ်။

"ဟုတ်တယ်ဗျ၊ သွားဖို့မြန်မြန် ဆုံးဖြတ်ကြတော့ဗျာ၊ တ်ကြာ ပွဲမမီလို့ ကောင်မလေးချောချောလှလှလေးတွေ က်လုံးကဲစမ်းခွင့်မရ ဖြစ်နေဦးမယ်"

"အရေးကဲ နာခေါင်းကြီးသလောက် လေလုံးကြီးတဲ့ မိုးအောင်က သူ့ဗီဇကို ညွှန်းပြစကားပြုလိုက်တယ်။

"နာခေါင်းကြောင့် ခင်ဗျားစာရေးဆရာဖြစ်လာတာလို့ ပြောရဘူး။ ဒီမှာ ဘယ်လောက်ဦးနှောက်စားနေကြတယ်ဆိုတာ လား"

အညာနွား. . . အဲလေ အညာသားစာရေးဆရာ ညစ် တ်ဖြူစင်ခေါ် မြင့်မြတ်ဖြူစင်က အချက်ကျကျ တွယ်လိုက်တယ်။ ကတည်းက ၎င်းတို့နှစ်ယောက်ဟာ တဖောင်းစေးနဲ့မျက်ချေး တည့်ကြသူများမဟုတ်။

"ဟော့လူ. . . ခင်ဗျားနဲ့ဘာဆိုင်လဲ"

ဝေမိုးအောင် ပြန်အော်လိုက်သည်။

"ခင်. . . ခင်ဗျား. . . တော်ဗျာ၊ ကြာကြာနေရင်



www.burmeseclassic.com

www.burmeseclassic.com



ကဗျာ့ပ်အညာသား လက်သီးစာမိသွားမယ်"

"လာလေ. . . ခင်ဗျားစမ်းရဲစမ်းကြည့်စမ်းပါဗျ"

"ကဲ. . . ကဲ တော်ကြပါဗျာ ခင်ဗျားတို့နှစ်ယောက် မျက်နှာချင်း မဆိုင်နဲ့ဆိုင်လိုက်တာနဲ့ ကျုပ်အိမ်မှာ မွေးထားတဲ့ ရွှေဝါနဲ့ ငနီအတိုင်းပဲ"

ဘွဲ့ထူးတွေဂုဏ်ထူးတွေ တသီတတန်းကြီး ပိုင်ဆိုင်ထားတဲ့ ဒေါက်တာဝေငြိမ်းအောင်က ဝင်ဟန့်လိုက်တယ်။ ဒီတော့ နှစ်ယောက်သား ငြိမ်ကုပ်သွားပြီး ကိုယ့်နေရာကိုယ် ပြန်ဝင်ထိုင်ကြတယ်။ ဘေးစားပွဲဝိုင်းက လူတွေဆိုရင် ၎င်းတို့ နှစ်ယောက်ကိုကြည့်ပြီး ထလစ်ဖို့ဟန်ပြင်နေကြလေရဲ့။

"ကဲဗျာ ဘာမဟုတ်တဲ့ ကိစ္စလေးနဲ့ ကြီးကြီးကျယ်ကျယ် ကိစ္စမျိုးတွေ မဖြစ်သင့်ဘူး၊ ပြီးတော့ ကျုပ်တို့တစ်တွေဟာ သာမာန်အရပ်သူအရပ်သားတွေမဟုတ်တဲ့ စာရေးဆရာ ကဗျာဆရာတွေ၊ ဒီတော့ ဇာရေးဆရာ၊ ကဗျာဆရာ ပီသအောင် နေကြပါ။ ကဲ. . . ကိုဇော် ဒီအထဲမှာ ခင်ဗျားက အကြီးဆုံးဆိုတော့ တစ်ခုခုတော့ ဆုံးဖြတ်ဗျာ"

"ဘာလဲဗျ အကြီးဆုံး၊ ခင်ဗျားစကားက အရင်းအမြစ် မရှိ"

နဂိုကတည်းက ဆရာကြီးလုပ်ရမှ စားဝင်အိပ်ပျော် လေ့ရှိတဲ့ ဂြိုလ်မွှေမောင်ပျင်းခေါ် ကိုရွှေအောင်သင်းစကားကြောင့်





ကျွန်တော်လန့်ဖြန့်ပြီး ပြောလိုက်မိတယ်။

"တလွဲမတွေးနဲ့လေ၊ စာပေဝါကို ပြောတာပါဗျ"

"ဒါဆို ကောင်းပြီလေ၊ ကျုပ်ဆုံးဖြတ်တဲ့အတိုင်း ခင်ဗျားတို့ လက်ခံမှာလား"

"လက်ခံတယ်"

အားလုံးဝင်ထောက်ခံကြသည်။

"ဟုတ်ပြီဗျာ၊ သူတို့က ကျုပ်တို့အဖွဲ့ကို ကားငှားလာခဲ့ဖို့ မှာထားတယ်၊ ဟိုရောက်မှ ကျသင့်ငွေကို ရှင်းပေးမယ်တဲ့"

ဟုတ်လား. . . ဒါဆို ကားငှားပြီးသွားကြတာ ပိုအဆင်ပြေလိမ့်မယ် ထင်တယ်"

စိုးရိမ်ကြီးလွန်းသူ လွန်းအိမ်ရဲ့ထောက်ခံချက်။

နောက်ဆုံးတော့ လွန်းအိမ်ရဲ့ထောက်ခံချက်အတိုင်း အတည်ပြုလိုက်ရတော့တယ်။

"ကဲ ဒါဆိုရင် ကျုပ်တို့ရဲ့ မိတ်ဆွေကြီးစာရေးဆရာ တစ်ဝိုင်း၊ ကားပွဲစားတစ်ဝိုင်းဆီကို လှမ်းအကူအညီတောင်း ရလိမ့်မယ်၊ သူ့ဆိုရင် ကားခပိုဈေးသက်သာမှာဗျ၊ ကံကောင်းရင် အလကားတောင် လိုက်ပို့ပေးရင်တောင် ပေးဦးမှာ"

"နေစမ်းပါဦး၊ ခင်ဗျားပြောတဲ့သူက ဘယ်သူမို့လို့ လဲ"

ကျွန်တော်ရဲ့ အကြံပြုစကားကို တစ်ဝိုင်းလုံးငြိမ်ကုပ်နေခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



ငှကျွန်းကိုင်(ဝရမ်းပြေး) ခေါ် လုပြုံးနိုင်(မန္တလေး)က အံ့သြဟန်နဲ့ မေးလာတယ်။

"ဘယ်သူရှိဦးမှာလဲ၊ ဟို 'မြို့ဂျပိုး' လုံးချင်းဖန်တီးရှင် ကိုလုံးပြွန်ခေါ် မာန် (တောင်လုံးပြွန်) လေဗျာ"

"အေး ဟုတ်တာပေါ့ဗျ၊ ကြည့်စမ်း. . . ဒီလိုတန်ဖိုး ရှိတဲ့ အချိန်မှာ ဒီလူ့ကို သတိမရတာ လူဖြစ်ကျိုး နှုံးဦးတော့မလို့"

လုပြုံးနိုင်(မန္တလေး)က နောင်တလေသံနှောပြီး မန်းကီးအမူအယာနဲ့ ပြောလိုက်တယ်။ ကိုရွှေအောင်သင်းက. . .

"ကဲ. . . ဒါဆို ကိုမာန့်ဆီကို အမြန်ဆက်သွယ်တော့ဗျာ ဟော ပြောရင်းဆိုရင်း ဟန်ကျတာပဲ၊ ဟိုမှာ ဆရာမောင်ချစ် (သူရဲသမိန်)လာနေပြီ၊ သူ့မှာ ဟမ်းဖုန်းပါတတ်တယ်ဗျ သူ့ဟမ်းဖုန်းခဏငှားပြီး ကိုမာန့်ဆီ အကူအညီတောင်းရင် ဖုန်းဖိုးသက်သာတာပေါ့ဗျာ"

ကိုရွှေအောင်သင်းရဲ့ စကားအဆုံးမှာ အားလုံးလိုလို အကြည့်က တစ်ခါဆိုဖူးရင် အေးတဲ့အထိမှတ်မိနေနိုင်လောက်တဲ့ ဥပမိရုပ်ပိုင်ရှင် ဆရာမောင်ချစ်(သူရဲသမိန်)ဆီ ပြိုင်တူရောက်ရှိသွားကြတယ်။

"လာဗျို့ ဆရာချစ်၊ အတော်ပဲဗျာ ဆရာချစ်လာတာ နဲ့"

ကျွန်တော်က ဝမ်းသာအားရပုံစံနဲ့ ခရီးကြိုပြုလိုက်တယ်။

"အဟေး ဟေး ကောင်လေးတွေပေါ့၊ ဖော်ရွှေနေပုံ





ထောက်တော့ ငွေခေါင်ခေါင်မိုးကြိုးများ ပစ်ချမလားဟ'

"ဟဲ ဟဲ ဆရာချစ်ကလည်းဗျာ၊ ကိုယ့်ညီ တူသား နောင်မယ် တပည့်လေးတွေအပေါ် ဒီလိုပဲ ခံစားရသလား၊ အကူအညီလေး တစ်ခုပဲပေးပါ"

"ဟေ ဘာများလဲကွ၊ ထင်တဲ့အတိုင်းပဲပေါ့၊ ဒီနေ့ လက်ဖက်ရည်တိုက်ဖို့ ငွေအပိုမပါဘူးကွ၊ မိန်းမဂယ်နိုင်းတဲ့ စိန်ပန်းဆိုင်အတွက် ငွေပဲပါတယ်"

"အို ဒါဆို စိန်ပန်းဆိုင်ဝယ်ဖို့ ငွေက အများကြီးနေမှာ ပေါ့နော်"

ဘွဲ့ထူးဂုဏ်ထူးများသယောက် စပ်စုတဲ့နေရာမှာလည်း မိန်းမသားက အဖေခေါ်ရလောက်အောင် စပ်စုလေ့ရှိတဲ့ ဒေါက်တာဝေငြိမ်းအောင်က မေးလိုက်တယ်။

"အထင်မကြီးပါနဲ့ကွာ၊ စိန်ပန်းဆိုင်တံဆိပ် သက်နှံတစ်စုံ မှာလိုက်လို့ပါ"

ဆရာမောင်ချစ်(သူရဲသမိန်)ရဲ့ အဖြေကြောင့် အားလုံး မရယ်မိကြပေမယ့် ပြုံးတော့ပြုံးလိုက်ကြတယ်။ ကျွန်တော်က. . .

"ဆရာချစ် ဟမ်းဖုန်းပါလား"

"အေးကွာ ဒီနေ့ကျမှ ငါ့အဖြစ်က ပြောမပြောချင်ပါဘူး"

"ဟင် ဘာဖြစ်လို့လဲ ဆရာချစ်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ရမှာလဲ ငါ့လက်စွဲတော်ဟမ်းဖုန်းကိစ္စပေါ့ လွန်ခဲ့တဲ့ရက်က မြန်မာပြည်ရုပ်ရှင်လေ့လာရေးအတွက် ရောက်ရှိလာတဲ့ ကိုရီးယားမင်းသမီးအွန်ဆောက ငါ့ဟမ်းဖုန်းကိုမှ အသုံးမပြုရရင် မြန်မာပြည်ရောက်ရကျိုး မနပ်ဘူးရယ်လို့ ပြောသတဲ့။ အဲဒါနဲ့. . . တာဝန်ရှိသူတွေက ငါ့ဆီမှာ မေတ္တာရပ်ခံပြီး အွန်စောမြန်မာပြည်မှာ ရှိနေသမျှအသုံးပြုဖို့ ငါ့ဟမ်းဖုန်းကို ခေတ္တငှားပေးထားသတဲ့ကွာ"

"ဟင် ဟုတ်လား"

"တို့ ဆရာချစ်ကြီးတော့ ဂုဏ်တက်တာပဲ"

"ဟုတ်တယ်ဗျာ၊ ဒါ နယ်နယ်ရရ ကုသိုလ်ကံကြောင့်တော့ မဖြစ်နိုင်ဘူး၊ လုတောသားသေလို့ ဝင်စားတာပဲဖြစ်ရမယ်"

ကိုရွှေအောင်သင်းရဲ့ စကားကြောင့် ဆရာမောင်ချစ် (သူရဲသမိန်)တစ်ယောက် ပုခုံးနှစ်ဖက်အပေါ်သို့ မြင့်တက်သွားပြီး ခေါင်းက ပုဝင်သွားတဲ့အထိပုံစံမျိုး ဖြစ်သွားပါတယ်။

အပြောကြောင့် ဘဝင်လေဟပ်သွားတာလား၊ ဒါမှမဟုတ်. . . ကျောစိမ့်တုန်လှုပ်သွားတာလားတော့ မပြောတတ်ဘူး။ တစ်ကိုယ်လုံး ခပ်ကြွကြွပုံစံမျိုး ဖြစ်သွားတာတော့ အမှန်ပဲ"

ဒီလိုနဲ့. ကျွန်တော်တို့လမ်းဘေးဖုန်းနဲ့ပဲ ကိုမာန့်ဆီ ဆက်သွယ်ပြီး အကူအညီတောင်းလိုက်တယ်။





မကြာပါဘူး။ နာရီဝက်သာသာလောက်မှာ ကိုမာန် တစ်ယောက် ကားတစ်စီးကိုယ်တိုင်မောင်းလို့ လေအန်ကုန်းကို ရောက်ရှိလာခဲ့တယ်။

"ကဲ ကိုဇော်၊ ခင်ဗျားတို့ အကူအညီတောင်းတဲ့ ကားရောက်ပြီ ကားခတော့ ထုံစံအတိုင်း ငါးထောင်ပေးရလိမ့်မယ်"

"ကောင်းပါပြီဗျာ"

မကြာခင်အချိန်မှာပဲ ကျွန်တော်တို့အဖွဲ့ စာပေဟောပြောပွဲဖိတ်ကြားထားရာ ချောင်ကြိုချောင်ကြားရပ်ကွက်လေးတွင်းထဲကို ရောက်ရှိခဲ့ကြတယ်။

ဟိုရောက်တော့ စာပေဟောပြောပွဲ စိတ်ဝင်စားမစားတော့ ပြောတတ်ဘူး။ သရဲခြောက်မှာတောင် ကြောက်ရတဲ့ အထိပဲ။ ကျွန်တော်တို့အားလုံး ကြောင်တောင်တောင်ဖြစ်ပြီး ကြိုဆိုမယ့်သူလည်း မရှိတော့ ပြန်လှည့်ကြဖို့အချိန်မှာပဲ တာဝန်ရှိသူတစ်ယောက် ရောက်ရှိလာပြီး ကျွန်တော်တို့အဖွဲ့ကို မေတ္တာရပ်ခံစကားဆိုလာတယ်။

"ဆရာတို့ရယ် စိတ်တော့မရှိပါနဲ့ခင်ဗျား၊ စာပေဟောပြောပွဲဘယ်လောက်စိတ်ဝင်စားကြလဲဆိုတာ ဆရာတို့မြင်တဲ့အတိုင်းပါပဲ၊ ဒါကြောင့် လူတစ်ယောက်မှမရှိတဲ့ ဒီကုလားထိုင်တွေမှာ ဟန်ပြအဖြစ် နေပေးကြပါနော်"

ကြားကြားချင်း ကျွန်တော်တို့အဖွဲ့ အတော်လေး



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကျွန်းမာရေး ဖြစ်သွားရပါတယ်။ သို့ကြောင့် ကျွန်တော်တို့အ
လူမရှိတဲ့စာပေဟောပြောပွဲ အခမ်းအနားပြင်ဆင်ထား
ကုလားထိုင်တွေမှာ အင်အားပြအဖြစ် ပင်ထိုင်နေကြပြီး နာရီ
ယောက်မှာ လူတွေ တဖွဲဖွဲမထင်မှတ်စွာ ရောက်ရှိလာကြတယ်

မကြာခင်မှာ. . . လူတစ်ယောက် ရောက်ရှိလာ
ကျွန်တော်တို့စာပေဟောပြောမယ့်အဖွဲ့ ထမင်းစားဖို့အတွ
တံကင်(ထမင်းစားလက်မှတ်)နဲ့ ထမင်းစားဖို့ လာဖိတ်သတဲ့

"ကျွန်တော်တို့ လုံးဝမစားဘူးဗျာ၊ ဒါ တောရွာက 'နာ
ပွဲ ထမင်းကျွေးတာမဟုတ်သလို "မင်္ဂလာဆောင်"
ထမင်းကျွေးတာလည်း မဟုတ်ဘူး၊ လက်မှတ်နဲ့ ထ
သွားစားရမယ်ဆိုရင် ဟိုကအညာသားစာရေးဆရာတို့ရှ
သွားစားတော့မယ်"

အင်မတန်မှ စီစဉ်မှုညံ့ဖျင်းတဲ့ စာပေဟောပြော
တာဝန်ရှိသူများနဲ့ ကျွန်တော်တို့အဖွဲ့ ခံတွင်းမတွေ့ကြပေ
ပရိသတ်များကို စော်ကားရာရောက်သွားမည့်အတွက် လာရ
မပြန်ဖြစ်တော့ဘဲ ဟောပြောပွဲကို ကျွန်တော်တို့ အဖွဲ့တာ
ကျေပွန်စွာ ဟောပြောဖြစ်ခဲ့ကြပါတယ်။ ပထမဦးဆုံး ဂြိုလ်
မောင်ပျင်းက 'ယနေ့လူငယ်များနဲ့ ပိုလီယိုရောဂါသ
သီချင်းများ' ခေါင်းစဉ်နဲ့ဟောပြောသလို၊ ဘွဲ့ထူး ဂုဏ်ထူး
ထော်လာဂျီတစ်စီးတိုက်စာ ပိုင်ဆိုင်ထားတဲ့ ဒေါက်ငြိမ်းဝေအော





အိဂျစ်ပြည်ကနေ ငှင်းကိုယ်တိုင် ခိုးယူလာခဲ့တဲ့ 'ဖာရို
ရင်မကြီး' ရဲ့ ဘောင်းဘီလေးတစ်ထည်အကြောင်းကို
ဖွယ်စွန့်စား' ခေါင်းစဉ်နဲ့ ဟောပြောခဲ့တယ်။

အဲဒီနောက်မှာ ဝှကုန်းကိုင်(ဝရမ်းပြေး)ခေါ် လုပြုံးနိုင်
လေး)က 'လူပျိုကြီးဘဝ လွတ်ပြီ၊ ကျွတ်ပြီ' ခေါင်းစဉ်နဲ့
ဘဝအကြောင်းကို အိတ်သွန်ဖာမှောက် ဟောပြောခဲ့ပါတယ်။

အဲ. . . ညစ်ပတ်ဖြူစင်ခေါ် မြတ်မြတ်ဖြူစင်ကတော့
သီးသီးကိုပဲ ဆက်ရှုစားပါရစေခိုင်" ခေါင်းစဉ်နဲ့ ဟောပြော
တယ်။ ပြီးတော့ 'အဲလဖီဝကျကော့'နဲ့ ဆွေမျိုးတော်စပ်သူ
န်းအိမ်အလှည့်မှာ 'ကျွန်တော်တံတားလေး မောင်မောင်'
ခေါင်းစဉ်နဲ့ ပရိတ်သတ်ပွဲတွေ့ဟောပြောခဲ့ပြီး လေမိုးမှောင်ခေါ်
မိုးအောင်ကတော့ 'နှာခေါင်းကြီးရတဲ့အကြောင်း' ခေါင်းစဉ်နဲ့
ဟာပြောပြီးနောက်မှာ နောက်ဆုံးပိတ်အိတ်နဲ့လွယ် ဟောပြောသူ
တော့ ကျွန်တော်ပဲဖြစ်ပါတယ်။ ကျွန်တော်ဟောပြောခဲ့တဲ့
ခေါင်းစဉ်က 'သူတို့သူတို့အဖေ ကျွန်တော် ပဲ' ဖြစ်ပါတယ်။

ကျွန်တော်ဟောပြောနေချိန်မှာ အာခေါင်ခြောက်လာ
အတွက် ရေတစ်ခွက်သောက်ဖို့ကြည့်တော့ ဟောပြောစင်
ပါမှာ ဘာရေဗူးမှ ရှိမနေပါဘူး။ ဒါနဲ့ပဲ. . . ကိုယ့်တံတွေး
ယ်မျိုချပြီး ပွဲသိမ်းတဲ့အထိ ဒုက္ခလှလှကြီး ခံလိုက်ရတယ်။

ပွဲပြီးဆုံးတော့ ကျွန်တော်တို့အဖွဲ့ပြန်ဖို့လုပ်တော့



www.burmeseclassic.com

www.burmeseclassic.com



ဟောပြောပွဲတာဝန်ရှိသူများဟာ သူတို့နဲ့ဘာမှမပတ်သ
သလိုဘဲ ရှိနေတဲ့အတွက် သူတို့စိုက်ပေးမယ့်ကားခတောင် မ
ဘဲ အလာတုန်းက ကိုမာန့်ကားနဲ့သာ ပြန်လိုက်ခဲ့ကြတော့တ

တစ်လမ်းလုံး ကျွန်တော်တို့ ဒေါ်ပွသူဒေါ်ပွ၊ တ
ခေါက်ရင်း ရင်ထုသူရင်ထုနဲ့ ဖြစ်နေကြပြီး. . . ဖြစ်ချင်တော
ကိုမာန်မောင်းတဲ့ကားဟာ စိတ်ကျန်းမာရေးဆေးရုံရှေ့တ
တည့်ရောက်မှပဲ ထိုးရပ်သွားပါလေရော။

အဲဒီအချိန်မှာ အားလုံးကားပေါ်က အသီးသီးဆ
လိုက်ကြပြီး ကားအခြေအနေကို ကြည့်သူကြည့်၊ စမ်းသ
အလုပ်ကိုရှုပ်သွားပါရော။

မမျှော်လင့်ဘဲ ကားပျက်သွားတာကြောင့် အားလုံး
စိတ်မချမ်းမသာနဲ့ ဖြစ်နေကြတယ်။ အထူးသဖြင့် ညအ
မတော်ကြီးမှာ အားလုံးဘာမှမစားရသေးတဲ့အတွက် သူတစ်
ငါတစ်ဖုံ စီစီညံညံဖြစ်နေကြတယ်။

ကျွန်တော်က အခြေအနေမှန်ကို သိချင်တာနဲ့ ကိုမာ
ကို မေးလိုက်မိတယ်။

"ကိုမာန် အခြေအနေ ကောင်းရဲ့လား"

"လုံးဝမကောင်းနိုင်ဘူး ကိုဇော်"

ကိုမာန့်စကားကြောင့်အားလုံးအတွက် စိတ်မသ
သာစရာ။





"ဒါဆို ဘယ်လိုလုပ်ကြမလဲ"

အမြဲတမ်းစိုးရိမ်တတ်တဲ့ လွန်းအိမ်က ဝင်မေးလာတယ်။

ကိုရွှေအောင်သင်းက. . .

"တစ်ခုတော့ရှိတယ်ဗျ၊ ကျွန်တော်တို့ အခုလက်ဆောင်ရလာကြတဲ့ငွေနဲ့ ကားထပ်ငှားလိုက်ရင် ကောင်းမလား"

"ဟာ သိပ်ကောင်းတာပေါ့ဗျာ"

အညာသား မြင့်မြတ်ဖြူစင်က ဝင်ထောက်ခံလာတယ်။

"ကဲ ဒါဆို စာအိတ်ကိုဖောက်ကြည့်ကြရအောင်ဗျာ"

ဒေါက်တာဝေငြိမ်းအောင် စကားအဆုံးမှာပဲ ကျွန်တော်စာအိတ်ကို ဖောက်လိုက်တဲ့အခါ. . .

"ဟင်"

"ဟာ"

"အို"

"ဟိုက်"

အားလုံးရဲ့အံ့သြ အာမေဋိတ်သံများ ပြိုင်တူထွက်ပေါ်သွားကြလေရဲ့။

အဘယ့်ကြောင့်ဆိုရင် စာအိတ်ထဲမှာ ကျွန်တော်တို့ထင်သလိုငွေတစ်ပြားတစ်ချပ်မှ ရှိမနေခြင်းကြောင့် ဖြစ်ပါတယ်။

"ဒါ ဘာသဘောလဲ"

"တို့ စာရေးဆရာတွေကို သက်သက်စော်ကားတာလား"



www.burmeseclassic.com

www.burmeseclassic.com



"လုံးဝ မကျေနပ်ဘူးကွာ"

"ဒါ သက်သက်အရှက်ခွဲတာပဲ"

အားလုံးတစ်ယောက်တစ်ပေါက် မှတ်ချက်ပြုကြတယ်။

"ကဲ. . . ကဲ ဒါတွေနောက်မှ ရှင်းတော့၊ အခုပြန်ဖို့ ကိစ္စဘယ်နှယ်လုပ်ကြမလဲ"

ကျွန်တော်အသိပေးလှုံ့ဆော်လိုက်တာကြောင့် အားလုံးရဲ့မကျေနပ်ချက်က ကိုမာန့်ဆီကို စုပြုံရောက်ရှိသွားတော့တယ်။

"ဒါ ကိုမာန့်ကားစုတ်ကြီးကြောင့်"

"ကိုမာန် ခင်ဗျားကား နဂိုကတည်းက စုတ်နေရင် ဘာကြောင့် အငှားကားလိုက်ရသလဲဗျာ"

"ဟုတ်တယ် ကိုမာန့်ကားစုတ်ကြောင့် ကျွန်တော်တို့ အခုလို ဒုက္ခရောက်ရတာ"

"ကဲ ကိုမာန့်ရေ ခင်ဗျားကြားတဲ့အတိုင်းပဲ မဟုတ်လား။ ဒီကိစ္စ ခင်ဗျားဖြေရှင်းပေတော့"

ဒီတော့မှ ပြိတ္တာအနွယ်ဝင် သူ့ခန္ဓာကိုယ်ကြီးကို မလှုပ်မယှက်ပုံစံမျိုးနဲ့ ကိုမာန်တစ်ယောက် ကျွန်တော့်ကို အားကိုးစွာကြည့်လာပြီး. . .

"ကျွန်. . . ကျွန်တော့်ကို ခွင့်လွှတ်ကြပါဗျာ၊ အချောင်လေးများ ရလိုရငြားဆိုပြီး နာရေးကူညီမှုအသင်းက ဘေးမဲ့ပေးထားတဲ့ ဟောဒီကားကြီးကို ကျွန်တော်စည်းရုံးပြီး နှစ်





ထောင့်ငါးရာနဲ့ အခုလို ပြန့်. . . ပြန်ငှား"

"ဘာဗျ"

ရုတ်ဟာရက် လွှတ်ထွက်သွားတဲ့ ကျွန်တော့်ရဲ့ဒေါသအရှိန်အဟုန်ကြောင့် ညာဘက်လက်အပေါ်မြောက်တက်သွား ပြီး ပြန်ကျလာချိန်မှာ အားလုံးက ကျွန်တော့်ကိုဝိုင်းပြီး ချုပ်ကိုင်ပြီးလျှက်သား ဖြစ်သွားပါတော့တယ်။

ခနွတ်ကိုကိုဇော်

(သောကြာ၊ ၂၀၀၆–ဇူလိုင်လ)



www.burmeseclassic.com

www.burmeseclassic.com

**စာမူကလောင်ရှင်သစ်များသို့ သတင်းကောင်းပါးခြင်း. . .**

စိန်မိုးယံစာပေတိုက်မှလစဉ်ထွက်ရှိသော

၁။ ဝရဇိန် (ပရဆန်းကြယ်ဂမ္ဘီရဝတ္ထုတိုများ)

၂။ ဝရဇိန် (ပရဆန်းကြယ် လုံးချင်းဝတ္ထု)

၃။ ဂမ္ဘီရဝိဉာဉ် (ပရဆန်းကြယ်ဂမ္ဘီရဝတ္ထုတိုများ)

၄။ ဂမ္ဘီရတစ္ဆေ (ပရဆန်းကြယ် ဂမ္ဘီရဝတ္ထုတိုများ)

တွင်ဖော်ပြရန် စာပေဝါသနာပါသူ၊ ကလောင်ရှင်အသစ်များ အနေနှင့် ပရဆန်းကြယ်ဂမ္ဘီရဝတ္ထုတိုများကိုပေးပို့နိုင်ပါသည်။

စာမူရေးသားရာတွင် A4 စာမျက်နှာ(၈)မျက်နှာမှ (၁၂)မျက်နှာအတွင်း ရေးသားပေးပို့ရပါမည်။ ကိုယ်တွေ့ဖြစ်ရပ်ဆန်း ဂမ္ဘီရ ပရလောကနှင့်သက်ဆိုင်သော သရဲ၊ သဘ္ဘေ၊ ဝိညာဉ်အစ ရှိသည့် အကြောင်းရာများကို ဦးစားပေးရေးသားပေးပို့နိုင်ပါသည်။

စာမူဖော်ပြခံရပါက စာမူခနှင့်စာအုပ်လက်ဆောင်များကို ပေးမည်ဖြစ်ပါသည်။

စာမူရေးသားပေးပို့လိုပါက–

ဓာတ်ပုံ(၂)ပုံ၊ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ကိုယ်တိုင်ရေးစာမူဖြစ်ပါကြောင်းဝန်ခံကတိများနှင့် အတူ ပေးပို့နိုင်ပါသည်။


**စာမူကိစ္စနှင့်ဝေဖန်အကြံပေးလိုပါက–**

အမှတ်(၄၄)၊ ပထမထပ်၊ အင်းဝလမ်း၊ ကျောက်မြောင်းရပ်ကွက်၊

တာမွေမြို့နယ်၊ ရန်ကုန်မြို့။


ဖုန်း - ၀၉၅၀၀၀၄၃၇

# ညီလည်ဝယ်ဝယ်ဖြစ်အောင်



www.burmeseclassic.com

www.burmeseclassic.com



# လည်လည်ဝယ်ဝယ်ဖြစ်အောင်

တစ်နေ့ လယ်ခင်းဖြစ်ပါတယ်။

"မောင်သံခဲ နွားစာကျွေးပြီးရင် ဝါဆိုခဏ လာခဲ့ဦး၊ ခိုင်းစရာ ရှိလို့"

မောင်သံခဲကို ငှင်းဘကြီးဖြစ်သူ ဦးကြာပွင့်က တဲရှေ့ကနေ လှမ်းခေါ်လိုက်တယ်။ ထုံးစံအတိုင်း ငှင်းဘကြီးအသံ ကြားတာနဲ့ တင် ဒူးတုန်၊ ရင်တုန်ကြောက်ခဲ့ရသူပီပီ ငှင်းအချိန် ဆိုင်းပြီး မနေဝံ့၊ မည်သည့်အလုပ်ပဲ လုပ်နေပါစေ၊ အဲ့ဒီ အလုပ်ကို ပစ်ထားပြီးခေါ်တဲ့နေရာ၊ ခေါ်တဲ့အချိန်အရောက် သွားရကလား။

ဒီလောက်အထိ ငှင်းဘကြီးအပေါ် ငှင်းချစ်ကြောက် ရှိသေခဲ့ရတယ်။ အဲဒီလိုမကြောက်ဘဲလည်း နေနိုင်ပါမည်တဲ့လား။

ပြောရရင်တော့ . . . မောင်သံခဲမှာ မိဘနှစ်ပါးစလုံး



www.burmeseclassic.com

မရှိတော့။ ငယ်စဉ်ကတည်းက ဆုံးပါးသွားခဲ့ကြရတယ်။ ဒါကြောင့် ၎င်းဘကြီးဖြစ်သူ ဦးကြာပွင့်က ၎င်းငါးနှစ်သားအရွယ်ကနေ အခုနှစ်ဆယ်ကျော်အသက်အရွယ်အထိ ခေါ်ယူကျွေးမွေး စောင့်ရှောက်ထားခဲ့ရတာ။

မိဘမဲ့၎င်းကို ဟောဒီဝွေးချိုကုန်းရွာတစ်ရွာလုံးက လူတိုင်းလိုလို ချစ်ကြပါတယ်။ ဒါပေမယ့် မောင်သံခဲဘဝဟာ ကုသိုလ်ကံ မကောင်းလှရှာဘူး။ ပြောရရင်တော့ မောင်သံခဲဟာ အင်မတန်ရိုးလွန်း၊ အလွန်းတယ်လို့ ဆိုရမယ်။ အဲဒီလို ရိုးလွန်းအလွန်းတဲ့အဖြစ်ကြောင့် ၎င်းဘကြီးဖြစ်သူ ဦးကြာပွင့်ရဲ့ မကြာခဏ ဆူပူကြိမ်းမောင်းခြင်းကိုလည်း ၎င်းခံခဲ့ရတာ။

အခုလည်း... ၎င်းကို ဘကြီးဖြစ်သူ ဦးကြာပွင့်က နိုင်းစေ ရှိသတဲ့လေ။ ဘာတွေများ ၎င်းအလွဲလွဲအချော်ချော် ဖြစ်ဦးမယ်မသိ။ ရင်တော့ ရင်လေးစရာပါပဲ။

ဒီလိုနဲ့... ၎င်းနွားစာကျွေးခြင်းအမှုကိစ္စ ပြီးဆုံးသွားတဲ့အချိန်မှာ ၎င်းဘကြီးရှိရာကို သွားခဲ့တယ်။ ၎င်းဘကြီး ရှေ့ ၎င်းခပ်ကုပ်ကုပ်နဲ့ ရောက်ရှိသွားတဲ့အခါမှာ မဝံ့မရဲနဲ့ မေးလိုက်မိတယ်။

"ဘကြီး... ကျွန်တော်အလုပ်တွေပြီးပြီ၊ ဘကြီး နိုင်းစရာရှိတယ်ဆိုလို့"

"အေး... ထိုင်ပါဦး၊ ငါပြောတာ သေသေချာချာ





က်ထားဦးနော်၊ အလွဲလွဲအချော်ချော်တွေ မဖြစ်စေနဲ့ ဟုတ် ား"

"ဟုတ်ကဲ့ ဘကြီး၊ ကျွန်တော်ဂရုစိုက်ပါ့မယ်"

"ပြောလိုက်ရင်တော့ မင်းပါးစပ်က ဒီအတိုင်းချည်းပဲ၊ ပ်လိုက်မှ အလွဲလွဲအချော်ချော်နဲ့"

၎င်းဘကြီးဟောက်လိုက်ခြင်းကြောင့် ၎င်းခမျာ ခပ် ဖြစ်ပြီး နောက်ကိုခြေတစ်လှမ်းနောက်ပြန် ဆုတ်လိုက်မိတယ်။

"ညောင်... နွီး... နွီး"

"အမယ်လေးဗျ"

ပြောရင်းဆိုရင်း ၎င်းဘကြီးဦးကြာပွင့်အိမ်မှာ တယုတယ မွေးထားတဲ့ကြောင်တစ်ကောင်ရဲ့ လည်ပင်းကိုမှ တည့် တည့်မတ်မတ်ကြီး တက်နင်းမိလိုက်ခြင်းဖြစ်တယ်။ အဲဒါက တကယ့်ကို ကံဆိုးခြင်းတစ်ရပ်ပါပဲ။

"ဟောက် မင်းကွာ၊ ငါ ထရိုက်ရရင်တော့ သေတော့ ပဲ၊ ပြောနေတဲ့ကြားကတောင် ပါးစပ်မပိတ်သေးဘူး၊ တ်တော်နမော်နမဲ့နိုင်လွန်းတယ် ဟင်း"

၎င်းဘကြီးဂရုတစိုက်မွေးမြူထားတဲ့ ကြောင်လေး လည်ပင်းကိုမှ တက်နင်းမိသွားတော့ ဘယ်ဒေါသမဖြစ်ဘဲ ရှိပါ ည်တဲ့လား။ ဦးကြာပွင့်ရှေ့မှာမှ ဒီလိုအလွဲလွဲအချော်ချော် ရတော့ ၎င်းအတော့်ကို ကံဆိုးရှာတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်. . . ကျွန်တော်"

"တော်စမ်း ဟော့ကောင်၊ မင်းဘာဆင်ခြေ ပေးဦးမလို့လဲ"

ဦးကြာပွင့် စိတ်ဆိုးဆိုးနဲ့ ဝေါက်လိုက်ခြင်းအတွက် ငှင်းအဲ့ နေစရာမရှိတော့လောက်အောင် ဖြစ်သွားရတော့တယ်။

ဦးကြာပွင့်ကြောင်လေးမှာတော့ ငှင်းခြေထောက်နဲ့ လည်ပင်းကို တက်နင်းမိလိုက်ပဲ့အရှိန်ကြောင့် ဆန့်ငင်ဆန့်ငင် ဖြစ်ကာ တော်တော်နဲ့ ပြန်မထနိုင်။ နေရာမှာပဲ လူးလိမ့်နေ ရာလို့ပါပဲ။

ဦးကြာပွင့်သူ့ကြောင်လေးအဖြစ်ကိုကြည့်ပြီး ငှင်းအပေါ် အတော့်ကို ဒေါသဖြစ်နေခဲ့တဲ့ပုံစံဟာ ငှင်းကိုထမရိုက်မိတာ အတော်လေး ကံကောင်းခဲ့ကြောင်းဆိုရမယ်။

"မင်း. . . ငါပြောတာ သေသေချာချာ နားထောင် စမ်း"

"ဟုတ်. . . ဟုတ်ကဲ့"

ငှင်းကား တစ်ကိုယ်လုံး နတ်ဝင်သည်တစ်ယောက်လို ဖြစ်ပြီး ကတုန်ကယင် ရှိနေဆဲ။

"ဟိုဘက်ရွာက ကိုခက်တောတို့အိမ်ကိုသွားစမ်း။ မနက်ဖြန် ငါမြို့ကို ရွာကျောင်းကထိန်အတွက် ပစ္စည်းတွေ သွားဝယ်စရာရှိတယ်၊ ငါ့ဆီကအတိုးနဲ့ ချေးထားတဲ့ပိုက်ဆံ အတိုးအရင်းပါ တစ်ခါတည်းပေးလိုက်ပါလို့ပြော ဟုတ်လား"





"ဟုတ် ဟုတ်ကဲ့ဘကြီး"

"ဒါဆို နေမဝင်ခင် မြန်မြန်သွားတော့၊ ငါပြောတာ မင်းအကုန်မှတ်မိတယ်နော်"

ငှင်းက ခေါင်းညိတ်ပြီး ဘကြီးဖြစ်သူဦးကြာပွင့်ရှေ့မှောက်ကနေ ကြောက်စိတ်မပြယ်သေးတဲ့ ခြေလှမ်းတွေနဲ့ ထွက်လာခဲ့တယ်။ ဒါတောင်မှ ငှင်းတဲပေါ်ကအဆင်းမှာ ခြေချော်ပြီးအောက်ကိုပြုတ်ကျသွားသေးတယ်။ ငှင်းဘကြီးဦးကြာပွင့်အပေါ် ကြောက်စိတ်လွန်ကဲမှုကြောင့်ရယ်၊ မှာလိုက်တဲ့ ကိစ္စတွေကို ပြန်စဉ်းစားနေတာရယ်ကြောင့် ငှင်းတဲကပြင်အပေါ်ကနေ အောက်ကိုခြေချော်သွားရခြင်းဖြစ်သည်။

အဲဒီအခြင်းအရာကို ငှင်းဘကြီးဦးကြာပွင့်မတွေ့မိလိုက်သေးလို့၊ နို့မဟုတ်ရင်တော့လား၊ ငှင်းအတွက် မလွယ်သေးဘူး။

ဒီလိုနဲ့. . . ငှင်းဘကြီး ဦးကြာပွင့်စေခိုင်းတဲ့ရွာကို နေမဝင်မီအရောက် ငှင်းသုတ်ခြေတင်ခဲ့ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ည ၇း၀၀ နာရီအချိန်မှာ ငှင်းတစ်ဖက်ရွာကနေ ပြန်ရောက်လာခဲ့တယ်။

ရောက်ရောက်ချင်း ငှင်းဘကြီးဦးကြာပွင့်က မျှော်လင့်တကြီးနဲ့ အမေးတော်ခြွေလိုက်တယ်။

"မောင်သံခဲ အဆင်ပြေခဲ့လား"

"ဟို. . . ဟို မပြေခဲ့ဘူးဘကြီး"

ငှင်းက ကြောက်စိတ်မပြယ်သေးတဲ့အသံတွေနဲ့ အထစ်အငေါ့ဖြေလိုက်တယ်။

"ဒါဆို ကိုခက်တောက ဘာပြောလိုက်သလဲ"

"ဘာ. . . ဘာမှ မပြောဘူး"

"ဘာကွ. . . ကိုခက်တောက ဘာမှအကြောင်းပြန်





စကားမပြောဘဲနဲ့ မင်းဒီအတိုင်းပြန်လာခဲ့ရသလား"

ငှင်းဘကြီးဦးကြာပွင့် သူမျှော်လင့်ထားသလိုဖြစ်မလာတော့ အင်မတန်မှဒေါသဖြစ်ကာ ထုံးမံအတိုင်းဘီလူးဆိုင်း တီးလေပြီ။

"ဒီ. . . ဒီလိုပါ ဘကြီး၊ ဦးခက်တောအိမ်မှာ မရှိပါဘူး၊ သူ့မိန်းမပဲရှိလို့ပါ"

"သူ့မိန်းမကို မင်းကဘာမှမပြောခဲ့ဘူးလား"

"ဟို. . . ဘကြီးက ဦးခက်တောပဲ ပြောခိုင်းတယ်ထင်လို့ပါ၊ ဒါကြောင့်. . . ဒါကြောင့်"

"ဟာကွာ. . တောက်၊ ဒီကောင် တော်တော်နုံအလွန်းလှချေလား၊ ငါကွာ. . . ထကန်ထည့်လိုက်ရရင်၊ ကိုခက်တောရွာကိုပြန်ရောက်သွားတော့မယ်၊ မင်းဒီလောက်နုံချာလွန်းမှန်းသိရင် ရွာဦးဘုန်းကြီးကျောင်းမှာ ဆယ်နှစ်လောက်ကြေးစည်သွားထုခိုင်းထားတယ်၊ ထွီ. . . မင်းငါ့ရှေ့ကနေ မြန်မြန်ထွက်သွားတော့ကွာ"

ငှင်းဒီတစ်ကြိမ် ငှင်းဘကြီးဦးကြာပွင့် ဒေါသပေါက်ကွဲတာကို ကြည့်ပြီး အင်မတန်မှ ကြောက်လန့်တကြားဖြစ်သွားတယ်။

အကြောက်လွန်လွန်း၍ ငှင်းခန္ဓာကိုယ်တစ်ခုလုံး ဘယ်ကထွက်ကျလာမှန်းမသိသော အေးစက်စက်အရာဝတ္ထုများနဲ့ ရွဲရွဲနစ်နေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ငင်းအဲ့ဒီအရေးကို ဂရုစိုက်အဖြေမရှာနိုင်တော့။ နေရာကပဲ ချက်ချင်းပြေးထွက်လာပြီး တစ်နေရာအရောက်မှာ ငင်းဘကြီးပြောလိုက်တဲ့ 'လည်လည်ဝယ်ဝယ်ဖြစ်သွားအောင် ရွှေဦးဘုန်းကြီးကျောင်းမှာ ဆယ်နှစ်လောက်ကြေးစည်သွားထုနိုင်းထားတယ်' အဲ့ဒီစကားကို ပြန်စဉ်းစားပြီး 'ငါ့ကိုဘာကြောင့်များကြေးစည်ထုနိုင်းရမှာလဲ၊ အဲဒီလိုကြေးစည်ထုရင်ရော ငါဘာဖြစ်သွားမှာလဲ' တွေးပြီး အဖြေတောင်ရှာနေလိုက် ပြန်သေး။

မနုတ်ကိုကိုဇော်

(သောင်းပြောင်းထွေလာ ရယ်စရာ၊ ၂၀၀၇–ဧပြီလ)



# အမှတ်တရနေ့စွဲများထဲမှ ရယ်နေတဲ့စာ



www.burmeseclassic.com

www.burmeseclassic.com

# အမှတ်တရနေ့ခွဲများထဲက ရယ်နေတဲ့စာ

နိုင်ငံတကာဆိုင်ရာ မြို့ပြဖွယ်ဥ်ကျေးမှု ဥခွံထဲခြေစုံပစ်ဝင်ရုံတင်မက လက်ပန်းကျတဲ့အထိ ကွေးကွေးကောက်ကောက်သနွေတည် နိုလှုံခဲ့ပြီးနောက် ကျွန်တော့်ခန္ဓာကိုယ် တစ်ခုလုံးမြို့ပြဆန်သွားခဲ့ပါပြီ။ မြို့ကြီးသားစာပေသမား တစ်ယောက်ပီသသွားခဲ့ပြီဆိုရင် ဘယ်သူတွေ တရားစွဲကြမလဲ။

တစ်လနေမှ ကျေးလက်က လည်ပင်းညှောင်ရေအိုးလောက် ရှည်နေရှာတဲ့အမေ့ထံ တစ်ခေါက်(တစ်ကြိမ်)ပဲရောက်ဖြစ်လေ့ရှိတယ်။ ဒါကလည်း. . . ကျွန်တော့်ဒုက္ခနဲ့ကျွန်တော်။ ဘယ်သူကမှ စာပေသမားတစ်ယောက်လုပ်ဖို့ ရာဇသံပေးထားတာမရှိ။

ဆိုတော့ ကျွန်တော်ကိုယ်တိုင်က လက်ကမြင်းကြော



www.burmeseclassic.com

www.burmeseclassic.com



မသ,ရရှင် မနေနိုင်လွန်းလို့ စာပေသမားတစ်ယောက်ဖြစ်
ရတာပါ။

ဒါကြောင့်လည်း အထက်ပါမြို့ပြယဉ်ကျေးမှုဥခွံထဲမှ
ဘဝတစ်ခုလုံးကို မြုပ်နှံပြီး(ခေတ္တ—လေလုံးကြီးကြီးနဲ့ပြောရရင်
မြန်မာ့စာပေအပြင် ကမ္ဘာ့စာပေ တိုးတက်ရာတိုးတက်
ကြောင်းအထိ စိတ်ကူးရပြီး မတောက်တခေါက် နှပ်ချေး
လောင်း စာရေးဆရာပေါက်စလေး ဖြစ်ခဲ့ရတာပါ။

နေ့စဉ်နဲ့အမျှကလောင်ကို ကိုယ့်သားသမီးတစ်ယောက်
လို ပုခုံးပေါ်တင်ထမ်းရတာဆိုတော့ စာပေနယ်က ရေးဖော်
ရေးဖက်၊ ဗရုတ်ကျဖော်ကျဖက် အပေါင်းအသင်းတွေနဲ့
ကင်းကွာသွားလို့မရပါဘူး။

ကျွန်တော်အလုပ်တစ်ခု မရခင်တုန်းကတော့ စာပေ
သမားကြီးငယ်၊ အယုတ်အမြတ်မရွေး ဆုံကြလေ့ရှိတဲ့
လေအန်ကုန်းမှာ အမြဲလိုလိုချည်း ကျွန်တော့်ဖင်ရေညှိတက်
ဝဲစွဲတဲ့အထိ ထိုင်လေ့ရှိခဲ့ပါတယ်။

အဲဒီတုန်းက ကျွန်တော့်ကိုရေးဖော်ရေးဖက်များကတော
လေအန်ကုန်းရှေ့က ရေတမာပင်စောင့် ဂမ္ဘီရဖွတ် နတ်ကြီးရယ်လို့
ကင်ပွန်းတက်ကြသေးတယ်။

ဟုတ်ပါတယ်။ အခုတော့အများချစ်စနိုးနဲ့ ခေါ်ကြလေ့ရှိတဲ့
ရေတမာပင်စောင့် ဂမ္ဘီရဖွတ်နတ်ကြီးအဖြစ် စံစားခွင့်မ





ဘူးပါဘူး။ ကျွန်တော့်နေရာကို ပန်းချီဆရာကိုအောင်ခိုင်
ယ့်စရိတ်နဲ့ကိုယ် ဝင်နေရာလုခဲ့တယ်။ ညနေတိုင်းလေအန်
န်းရှေ့က အဲဒီရေတမာပင်ကြီးအောက်မှာ ထိုင်လို့၊ ဆိုင်
တ်ချိန်ရောက်ပြီး ဆိုင်ရှင်ကအတင်းလွှတ်လည်း မရတဲ့အထိ
့လူနှင့်နောက်လူ လာစမြဲဆိုသလို အခုလည်းပန်းချီ
ရာကိုအောင်ခိုင်တစ်ယောက် ကျွန်တော့်နေရာမှာ ကျွန်တော့်
က်တောင် ဆိုးနေတယ်ဆိုတဲ့သတင်း။ ကျွန်တော့် သူငယ်ချင်း
မာ်ဒန်လား၊ မော်မံလား၊ ခွဲခွဲခြားခြားသိရအောင်
ရှိဘုရင်မကြီးရဲ့ တစ်ကိုယ်လုံး ရုပ်ကြွများရှိရာ အီဂျစ်ပြည်က
မှာသမိုင်းသုတေသနပြုပြီး ပြန်ရောက်လာတဲ့ (ဂမ္ဘီရဝတ္ထုထဲက
တ်ကောင်) ကဗျာဆရာ၊ ဖလျှော်ခွက်စား စုသေဘီနှင့်
ပ်ချိအိုင်ဗွီဘွဲ့လွန်သမိုင်းပါမောက္ခ ဒေါက်တာဝေငြိမ်းအောင်ရဲ့
ကားရားလက်ကားယား သတင်းပေးရှင်းပြချက်အရ
ခဲ့ရတာပါ။

နောက်ဆုံးတော့ ပန်းချီဆရာကိုအောင်ခိုင်နဲ့ ဆိုင်ရှင်
လေးကြီးဘယ်လို အပေးအယူတည့်သွားသလည်းတော့
သိဘူး။ သူဘယ်လိုပဲထိုင်ထိုင် ကြည်ကြည်ဖြူဖြူ ရှိနေသတဲ့၊
. . ဒါပေမယ့် အသားဖြူတဲ့နေရာမှာ တရုတ်ကတောင်
ဖေခေါ်ရလောက်ပြီး တစ်ကိုယ်လုံး ဝါဝါဝင်းဝင်း မိုးကြိုး



www.burmeseclassic.com

www.burmeseclassic.com



မလွဲရွှေတွေ ဝတ်ဆင်ထားတဲ့တစ်မြို့တည်းသား ပန်းချီဆရာချမ်းအေးဟန်တစ်ယောက်ကတော့ မကျေမနပ် နောက်ကွယ်ရာ လက်သီးပုန်းထိုးမနေခဲ့တယ်။

မှတ်ချက်။ (ပန်းချီဆရာချမ်းအေးဟန် အပြင်တွင် အသားမည်း၏။)

အဲဒီလို အကျိုးအကြောင်းနဲ့ အဆိုးအကောင်း သမိုင်းခြေရာခွက်တွေ အပြည့်အသိပ်ရှိနေကြတဲ့ လေအန်ကုန်းဝိုင်းကို ကျွန်တော်မရောက်ဖြစ်တာ ကျွန်တော့်သူငယ်ချင်းစံပြအဖြစ် နာခေါင်းကြီးသလောက် လေလုံးကြီးပြီး ဘယ်လိုကိစ္စမျိုးပဲဖြစ်ဖြစ် ခွေးကိုက်တဲ့နေရာမှာတောင် 'ကျွန်တော်လည်း မပါရဘူးလား' အမြဲတောင်းဆိုလေ့ရှိတဲ့ ဝေမိုးအောင်တစ်ယောက် ရည်းစားတစ်ဒါဇင်တွဲပြီး အားမရလို့ ဒလဘက်က တည်းခိုခန်းတွေဘက် မျက်စောင်းထိုးနေကြောင်း သတင်းသဲ့သဲ့ကြားနေရတဲ့ အချိန်ထိ ကျွန်တော်ဝန်ခံရပါလိမ့်မယ်။

ဒီနေ့တော့ ရုံးအလုပ်ကိစ္စများကို ခေတ္တသူစိမ်းဆန် ကျောခိုင်းပြီး လေအန်ကုန်းဘက် ရောက်ရှိခဲ့ပါတယ်။

လေအန်ကုန်းနဲ့ကျွန်တော် ဘယ်လောက်အဆက်ပြတ်သွားသလဲဆိုတာ လေအန်ကုန်းရှေ့က ရေတမာပင်ကြီး စကားများပြောတတ်ရင် ကျွန်တော့်ကိုသူစိမ်းဆန်တဲ့နေရာမှာ မြို့ကြီးသားပီသကြောင်း ကောင်းချီးပေးမှာ သေချာပါတယ်။





"အလို တစ်လောကလုံး သာယာနေသလို လူတွေကလည်း သာယာနေပါလား"

ကျွန်တော့်စိတ်ထဲက မယုတ်မလွန်တွေးရင်း ဂျိုးကန်းတောင်မှောက်ရှာဖွေမိလိုက်တဲ့အခါ လားလားတစ်မြို့လုံး သူ့လုပ်စာထိုင်စားနေရတဲ့ မျက်နှာ၊ တစ်ဆိုင်လုံး ကန်ထရိုက်ဆွဲထားတဲ့ ပြိတ္တာအနွယ်ဝင်ခန္ဓာကိုယ်ပိုင်ရှင် ကိုလုံးပြန်ခေါ် မာန်(တောင်လုံးပြန်)တစ်ယောက်တည်းသာ ဆိုင်ရှေ့လမ်းဘေးစားပွဲမှာ ထိုင်နေတာ တွေ့လိုက်ရတယ်။

ဒီလိုနဲ့ သူ့ရှေ့မျက်နှာချင်းဆိုင် ကျွန်တော်ဝင်ထိုင်လိုက်တယ်။

"ဟင် ဘယ်လိုဖြစ်တာပါလိမ့်၊ တစ်ခုခုတော့ အနှောင့်အယှက် ဝင်နေပြီထင်တယ်"

ကျွန်တော့်စိတ်ထဲက အဲဒီလိုတွေးမိပြီး ရပ်ကွက်ထဲ ဆီဝေနေသလို အမြဲတမ်းအပြုံးတွေဝေလေ့ရှိတဲ့ ကိုမာန်ရဲ့ မျက်နှာ၊ ယခု ဆူနာမီလှိုင်းသင့်ခံထားရသလို ဖရိုဖရဲနဲ့ တစ်စုံတစ်ခုအပေါ် မကျေမနပ်ဖြစ်နေတဲ့ မျက်နှာပေးမျိုးနဲ့ ရှိနေတာကြောင့် ကျွန်တော်သူ့ကိုကြည့်ရင်း အံ့သြနေမိတယ်။

"ကိုမာန်ကြီး ခင်ဗျားဘာဖြစ်နေတာလဲ၊ မျက်နှာလည်း မကောင်းပါလား၊ ဧကန္တမဟုတ်မှလွဲရော ခင်ဗျား အမျိုးသမီးရဲ့ ကမ္ဘာ့ချန်ပီယံ ယောက်မစာမိခဲ့လို့နဲ့တူတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဒုန်း"

"မဟုတ်ဘူးဗျ. . . မဟုတ်ဘူး"

စားပွဲပေါ်လက်သီးနဲ့ ဒုန်းခနဲထုပြီး ပြောလာတဲ့ ကိုမာန့်လေသံကြောင့် ရှိစုမဲ့စုကျွန်တော့်ဝိညာဉ်လိပ်ပြာ ဂမ္ဘီရဆရာကိုမောင်သန်းဝင်းရဲ့ စိတ်ကူးထဲဝင်ရောက်သွားလောက်အောင် လန့်ဖျပ်သွားရပါတယ်။

"နို့. . . ဒါမှမဟုတ်ရင် ဘာဖြစ်လို့လဲဗျ၊ ခင်ဗျားရဲ့မျက်နှာကြီးကြည့်ရတာ ဂုမ္ဘာန်တစ်ထောင်တောင် ကြောက်စရာမလိုတော့ဘူး"

"ခင်ဗျားပါ ကျွန်တော့်လက်သီးစာရင်းထဲ ဝင်သွားမယ်၊ ဒီမှာ ကျုပ်လက်သီးဘယ်လောက်ပြင်းသလဲတော့ မသိဘူး၊ မိတ္ထီလာမှာမွေးပြီး မိတ္ထီလာသားပီသအောင်၊ မိတ္ထီလာ တစ်မြို့လုံး မိလ္လာကျင်းတူးလာခဲ့တဲ့ လက်ဗျ၊ နမ်းကြည့်ပါလား။ မိတ္ထီလာရှုံ့နံ့မပျောက်သေးဘူး၊ ခင်ဗျားလိုမြို့ပေါ်မှာ အဟာရချို့တဲ့နေတဲ့ လူတစ်ယောက်လောက်တော့ စာမဖွဲ့ဘူး ဘာမှတ်နေလဲ"

"ဒုန်း"

"အမယ်လေး ကိုမာန်ရယ်၊ ကျွန်တော်တောင်းပန်ပါတယ်ဗျာ၊ ခင်ဗျားမိတ္ထီလာသားစစ်စစ် ရေမထိုးကြောင်းလည်း ကျွန်တော်သိပါတယ်၊ ခင်ဗျားရဲ့စိတ်ရင်းကောင်းပုံကိုလည်း





ကျွန်တော်သိပါတယ်၊ အခုဟာက ကိုမာန်ရဲ့မကျေမချမ်းဖြစ်နေတဲ့မျက်နှာကြီးကိုကြည့်ပြီး စိတ်မကောင်းလွန်းလို့ မေးကြည့်တာပါ၊ ဘာမကျေမနပ်ဖြစ်နေလို့လဲ၊ ကျွန်တော်ဘာကူညီပေးရမလဲ ပြော"

"ဒုန်း"

"ဟို. . . တောမရောက် တောင်မရောက်လူကြောင့်ဗျ၊ တောက်. . . နည်းနည်းလေးမှ မကျေနပ်ဘူးဗျာ"

အမှန်တော့ ကိုမာန်ရဲ့ဒီနေ့လို ဒေါသထွက်ပြီး ပေါက်ကွဲနေတဲ့ ပုံစံမျိုးကို ကျွန်တော်သူနဲ့ပတ်သက်ပြီး တွဲခဲ့ဖူးတဲ့တစ်လျှောက် မကြုံခဲ့ဖူးပါဘူး။

အခုလို ရုပ်ပျက်ဆင်းပျက် ပေါက်ကွဲနေပုံထောက်ရင် တော်ရုံတန်ရုံကိစ္စ မဖြစ်နိုင်ဘူးဆိုတာ ကျွန်တော်စဉ်းစားလိုက်မိတယ်။

ကိုမာန်ဟာ ကျွန်တော်တို့သိသလောက်ပြောရရင် စာပေသမားများအပေါ် စိတ်ရင်းအင်မတန်မှကောင်းသလို စာအရေးအသားလည်း ကျွန်တော်တို့ရေးဖော်ရေးဖက် လူငယ်များကိုယ်တိုင် စံပြအဖြစ် သတ်မှတ်ထားရတဲ့ လူငယ်စာရေးဆရာကောင်းတစ်ဦးပါ။

အဲဒီလို စိတ်ရင်းကောင်းသဘောကောင်းတဲ့သူကို ဘယ်သူကများ မကျေမနပ်ဖြစ်၊ ပေါက်ကွဲရလောက်အောင်



www.burmeseclassic.com

www.burmeseclassic.com

စော်ကားသွားပါလိမ့်။

သူ့ရဲ့ ပထမဦးဆုံး 'မိုးခေါင်သွားသော သခင့်အချစ်' အညာခိုင်းနွားလေးအကြောင်း ရေးဖွဲ့ခဲ့သော ဝတ္ထုတိုလေးဟာ ပြောစမှတ်ပြုခဲ့သလို၊ သူ့ရဲ့ ပထမဦးဆုံးလုံးချင်း 'ဒရမ် ဆရာ(သို့) စာမျက်နှာနှစ်ရာသုံးဆယ်နှစ်' ဝတ္ထုရှည်ဆိုရင်လည်း လူကြိုက်များခဲ့ပါတယ်။

ဟော မကြာခင်ကမှ ထွက်ရှိပြီးသွားတဲ့ သူ့ရဲ့ဒုတိယ မြောက်လုံးချင်း 'မြို့ဂျပိုး' အမည်ရှိမြို့ပြ တက္ကစီသမားလူငယ် တစ်ယောက်ရဲ့ ကျင်လည်ရာဘဝအလွှာမျိုးစုံကို ရေးဖွဲ့ထားတဲ့ ဝတ္ထုရှည်ကြီးဆိုရင်လည်း ယနေ့လူငယ်များရဲ့ နှလုံးသားကို သိမ်းပိုက်နိုင်ခဲ့တဲ့အထိ သာသွားခဲ့ပါတယ်။

မကြာသေးခင်ကလည်း နောက်ထွက်ရှိမယ့် သူ့ရဲ့ 'မြို့အနမ်း' လုံးချင်းဝတ္ထုရှည်အတွက် ကျွန်တော်တို့လူငယ် များဝိုင်းပြီး အမှတ်တရရေးပေးခဲ့ကြပါသေးတယ်။

ဒါဟာ ကိုမာန်နဲ့ပတ်သက်ပြီး ကျွန်တော်သိရှိထားတဲ့ အစိတ်အပိုင်း သူ့ရဲ့စာပေဖြတ်သန်းရာ ခြေရာခွက်များဆိုရင် ရပါတယ်။

''နေစမ်းပါဦး ကိုမာန်ရဲ့၊ ခင်ဗျား ခင်ဗျားမကျေမနပ် ဖြစ်နေတဲ့ တောမရောက်တောင်မရောက်လူဆိုတော့ ဒီလူဟာ ရေထဲမှာနေတဲ့ သတ္တဝါမို့လို့လား၊ ခင်ဗျားကိုဒီလောက် စိတ်ဆိုးအောင်လုပ်တဲ့လူ ကျွန်တော်တို့လည်း မခံဘူးဗျာ၊ အဲဒီလူ ဘယ်သူလဲ၊ ဘယ်မှာနေတာလဲ''

ကျွန်တော်က ဖျောင်းဖျစ..ားဆိုလိုက်တဲ့အခါ ကိုမာန်က ဘာမှပြန်မပြောသေးဘဲ သူ့ကုတ္တာသယလွယ်အိတ်ကြီးထဲက အရာဝတ္ထုတစ်ခုကို ဆွဲထုတ်လိုက်တယ်။

ပြီးတော့ ကျွန်တော့်ကိုလှမ်းပေးရင်း ပြောလိုက်တယ်။

''ဘယ်သူရှိရမှာလဲ ဟိုဆီးသီးစားပြီး စာရေးနေတဲ့ မိုးခေါင်ရေရှားကျိန်စာသင့်ပြီး မတော်တဆစာရေးဆရာဖြစ်လာ တဲ့ အညာသားမြင့်မြတ်ဖြူစင်ပေါ့။ ရော့ သူဘာရေးထား သလဲဆိုတာ ခင်ဗျားကိုယ်တိုင်ဖတ်ကြည့်စမ်း၊ သူမပြန်ခင်လေး ကျွန်တော့်ရဲ့ 'မြို့အနမ်း' လုံးချင်းအတွက် အမှတ်တရ လေးရေးပေးခဲ့မယ်ဆိုလို့ ဝမ်းသာပြီး ကျေနပ်နေခဲ့တာ၊ အခု တော့ တောက်. . . တွေးမိတိုင်း မောက်ရက်မအိပ်ရဲလောက် အောင် ရင်နာလွန်းတယ်၊ ဒီလူဘာတွေ ရေးထားသလဲဆိုတာ ခင်ဗျားဖဟ်ကြည့်စမ်းဗျာ''

ကိုမာန်ရဲ့ စကားအရှည်ကြီးရှင်းပြချက်အဆုံးမှာ ကျွန် တော်စိတ်ဝင်တစားနဲ့ ဖောက်လက်စ စာအိတ်ထဲကစာတစ် စောင်ကို ကမန်းကတမ်း ဖြန့်ဖတ်လိုက်တဲ့အခါ. . .။

မြင့်မြတ်ဖြူစင်က ကိုမာန်ရဲ့ 'မြို့အနမ်း' လုံးချင်းအတွက် အမှတ်တရရေးပေးခဲ့တဲ့စာဟာ အောက်ပါအတိုင်း ဖြစ်ပါတော့




www.burmeseclassic.com

www.burmeseclassic.com

တယ်။


အညာ၌ မိုးခေါင်သဖြင့် နွားတစ်ကောင်ဆွဲကာ စာပေအနုပညာယာခင်းကြီးထဲသို့ မြေမကြောက်၊ ကင်းမကြောက်(အထူးသဖြင့်) ဂေါ်ဇီလာမကြောက် တိုးဝင်လာခဲ့ပြီး ဒရမ်ဆရာလုပ်ကာ တက္ကစီပါမောင်းနေခဲ့သော မြို့ဂျပိုးလေးကိုလုံးပြန်ခေါ် မာန်(တောင်လုံးပြန်) သည် ယခုထွက်ရှိလာသည့် ၎င်း၏ 'မြို့ရွှေပန်း' အထိအတွေ့၌ မည်သို့ခံစားရမလဲဟု စိတ်ဝင်စားရင်း. . တဲ့လေ။ ကိုင်း. . . စာကိုဖတ်ပြီး ကျွန်တော်လည်း ဘယ်လိုမှမရှင်းပြတတ်။ စာရှုသူများသာ ဆက်စက်စဉ်းစားကြပါလေ။

(အားလုံးရယ်မောပျော်ရွှင်နိုင်ကြပါစေ)

ဓနုတ်ကိုကိုဇော်

(သောကြာ၊ ၂၀၀၇-ဧပြီလ)



ဝင်းဇော် (သုံးဆယ်)

ဝိညာဉ်ပေးသော လက်ဆောင်

ဂမ္ဘီရဝတ္ထုတို

မကြာမီထွက်ပါမည်

BURMESE CLASSIC .com
www.burmeseclassic.com